ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၆၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၀) ရက် ၊ အင်္ဂါနေ့ ၊ (14-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၉၀)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူ့တို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာပင့်ဆောင်ပြီးစီး



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာပင့်ဆောင်ပြီးစီးမှုကို ကြည်ညိုဖွယ်ရာဖူးတွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒဂ္ဂီဏာသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ရိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား၊ ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှု ဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူ ဖြစ်စေရန်** စသည့် ရည်ရွယ်ချက် လေးရပ်ဖြင့် တည်ထားကိုးကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃) တို့ကိုတွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီး စုစုပေါင်းအလေးချိန်မှာ တန် ၁၇၀၀ ရှိပြီး ဇန်နဝါရီ ၂၆ ရက် မဂ်လာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့

စာမျက်နှာ ၁၈ ကော်လံ ၁ ၊ ၃

ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်
အယ်ဒီတာ့အာဘော်

ကိုဗစ်-၁၉ ရောဂါ သတိပြုကာကွယ်နေထိုင်ပါ

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့လူဦးရေအတော်များများကို ကူးစက်မှုဖြစ်ပွားကာ ရောဂါပြင်းထန်မှုကြောင့် သေဆုံးရမှုများလည်း များပြားခဲ့သည်။ သို့သော် ကာကွယ်ဆေး လျင်မြန်စွာထုတ်လုပ်နိုင်မှုနှင့် လူအများအပြားကို အချိန်တိုအတွင်း ကာကွယ်ဆေးများထိုးနှံပေးနိုင်မှုများကြောင့် ရောဂါပြင်းထန်မှုဒဏ်ကို ခံနိုင်ရည်ရှိကြကာ အသက်ဆုံးရှုံးမှုများကိုလည်း ကာကွယ်နိုင်ခဲ့သည်ကို တွေ့ရသည်။

ထို့ပြင် ကမ္ဘာတစ်လွှားကူးစက်နေသည့် ကိုဗစ်မျိုးကွဲများကို မျိုးဗီဇစောင့်ကြည့်လေ့လာသုတေသနပြုခြင်းလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ်လုပ်ဆောင်ခဲ့ရာ အိုမီခရွန်မျိုးကွဲ၏ မျိုးကွဲစိတ်များဖြစ်သည့် BA.2၊ BA.4၊ BA.5 တို့ကို တွေ့ရသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလခန့်တွင် BA.7 မျိုးကွဲစိတ်ကို အမေရိကန်နိုင်ငံနှင့် ဥရောပတွင် မျိုးဗီဇစောင့်ကြည့်လေ့လာမှု၏ ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းထိ တွေ့ရှိခဲ့သည်။ ဒီဇင်ဘာလနောင်းပိုင်းမှစတင်ကာ အခြားသောအိုမီခရွန်မျိုးကွဲ ကူးစက်မှုများ လျော့ကျလာသော်လည်း ပြည်ပနိုင်ငံတချို့တွင် XBB.1 ကူးစက်မှု တိုးလာခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါမျိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ နိုင်ငံတကာလေကြောင်းခရီးစဉ် (Commercial Flight) နှင့် ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့်လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့်လည်းကောင်း ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်မှုဖြစ်ပွားသောဓာတ်ခွဲအတည်ပြုလူနာများထံမှ ဓာတ်ခွဲနမူနာရယူ၍ ဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ်ဓာတ်ခွဲနမူနာ ၁၇ ခုကို ဆေးသုတေသနဦးစီးဌာနတွင် ကိုဗစ်-၁၉ ရောဂါပိုးမျိုးဗီဇစစ်ဆေးခြင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၆ ရက်တွင် အိုမီခရွန်မျိုးဗီဇပြောင်းရောဂါပိုး BA.5 နှင့် ၎င်း၏မျိုးကွဲများကို ဓာတ်ခွဲနမူနာကိုးခုတွင်လည်းကောင်း၊ အိုမီခရွန်မျိုးဗီဇပြောင်းရောဂါပိုး BA.2 နှင့် ၎င်း၏မျိုးကွဲများကို ဓာတ်ခွဲနမူနာရှစ်ခုတွင်လည်းကောင်း တွေ့ရှိရသည်။ BA.2 တွေ့ရှိသော ဓာတ်ခွဲနမူနာများတွင် BA.2 မျိုးကွဲ XBB.1 တွေ့ရှိသော ဓာတ်ခွဲနမူနာနှစ်ခုပါဝင်သည်ကိုလည်း တွေ့ရှိခဲ့ရပေသည်။

အဆိုပါ အိုမီခရွန်မျိုးဗီဇပြောင်းရောဂါပိုး BA.5၊ BA.2၊ BA.2 ၏မျိုးကွဲ XBB.1 တွေ့ရှိသူတို့သည် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသူများဖြစ်သည်။ နိုင်ငံတကာလေ့လာတွေ့ရှိချက်များအရ အိုမီခရွန်မျိုးဗီဇပြောင်းရောဂါပိုးများသည် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးသူများတွင် ရောဂါလက္ခဏာပြင်းထန်မှုနှင့် သေဆုံးမှုတို့လျော့နည်းကြောင်း တွေ့လာရပေသည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါမျိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများကို ပိုမိုအရှိန်မြှင့်ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါမျိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိမှုများနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိခြင်းတို့ကို ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို မပျက်မကွက်ခံယူကာ သတိပြုကာကွယ်နေထိုင်ကြရမည်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။

ပန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ အဝတ်အထည်၊ ပရိဘောဂနှင့် လူသုံးကုန်ပစ္စည်းများတင်ပို့သည့်သင်္ဘော များပြားလာ

မန္တလေး ဖေဖော်ဝါရီ ၁၃

ပန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ အဝတ်အထည်၊ ပရိဘောဂနှင့် လူသုံးကုန်ပစ္စည်းများ တင်ပို့သည့်သင်္ဘောများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ရောဝတီမြစ် ရေလမ်းကြောင်းမှတစ်ဆင့် ပန်းမော်ဆိပ်ကမ်းမှ မရမ်းခြံဆိပ်ကမ်းသို့ စားသောက်ကုန်၊ အဝတ်အထည်၊ ပရိဘောဂနှင့် လူသုံးကုန်ပစ္စည်းများ တင်ပို့လျက်ရှိကြောင်း၊ ၎င်းကုန်စည်များထဲတွင် ယခုလက်ရှိ အဝတ်အထည်၊ ပရိဘောဂနှင့် လူသုံးကုန်ပစ္စည်းများ တင်ပို့မှုအများဆုံးဖြစ်ကြောင်း သိရသည်။

"အခု ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်တာကြောင့် ရေလမ်းကြောင်း ကောင်းမွန်နေပြီးတော့ ကုန်စည်တင်ပို့တဲ့သင်္ဘောတွေ အဆင်ပြေစွာသွားလာနေပါတယ်။ ရောဝတီမြစ်ရေလမ်းကြောင်းကနေတစ်ဆင့် ပန်းမော်ဘက်ကနေ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းတွေနဲ့ ပရိဘောဂပစ္စည်းတွေဖြစ်တဲ့ ထိုင်ခုံတွေ၊ ဗီရိုတွေ စတဲ့ကုန်စည်တွေ မရမ်းခြံဆိပ်ကမ်းကိုတင်ပို့တဲ့ ကုန်တင်သင်္ဘောတွေ အခု တော်တော်လေး များလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ပန်းမော်ဆိပ်ကမ်းမှ မရမ်းခြံဆိပ်ကမ်းသို့ အဝတ်အထည်၊ ပရိဘောဂအပါအဝင် အခြားလူသုံးကုန်ပစ္စည်းတင်ပို့သည့် ကုန်တင်သင်္ဘောများမှာ ဖေဖော်ဝါရီလ ပထမပတ်က အစီးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ ကုန်ပစ္စည်းတင်ပို့သည့်သင်္ဘောအစီးရေ ၉၀ ကျော်ထိရှိလာပြီး သင်္ဘောအစီးရေများပြားလာကြောင်း သိရသည်။

အလားတူ မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ဗန်းမော် စသည်မြို့များသို့ ကုန်ပစ္စည်းတင်ပို့သည့် ကုန်တင်သင်္ဘော စုစုပေါင်းအစီးရေ ၃၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှစ်ခရိုင်တွင် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်သွားမည်

မန္တလေး ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှစ်ခရိုင်တွင် မြေလျင်ဖြစ်ပွားပါက ပြည်သူလူထုကို အချိန်မီကယ်ဆယ်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးချုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

ငလျင်လှုပ်ခတ်မှုသည် သဘာဝဘေးထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်အတွက် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံးမှုမဖြစ်ပေါ်စေရန်နှင့် အချိန်မီ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် သင်တန်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ နှစ်ပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားဦးရေ ၅၀ လက်ခံမည်ဖြစ်ကြောင်း သိရသည်။

"သဘာဝဘေးအန္တရာယ်ဆိုတာ မီးသတ်တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ မိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ စေတနာ့ဝန်ထမ်းတွေ၊ ပရဟိတအသင်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရတာဖြစ်တဲ့အတွက် ငလျင်နဲ့ပတ်သက်ပြီးတော့ သင်တန်းဖွင့်ပါမယ်။ ခေတ်မီရှာဖွေကယ်ဆယ်ရေးပစ္စည်းတွေကို ကိုယ်တင်တတ်မြောက်ထားလို့မရဘဲနဲ့ ပူးပေါင်းဆောင်ရွက်ရမဲ့ ပရဟိတအသင်းတွေပါ တတ်မြောက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ထားပြီးတော့ ပြည်သူလူထု ငလျင်အန္တရာယ်ခံရတဲ့အခါမှာ ထိခိုက်မှုအသက်သာဆုံးနဲ့ အနည်းဆုံးဖြစ်ရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ သင်တန်းဖွင့်ပေးမယ်။ ငလျင်နဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်သုံးစွဲရမဲ့ ပစ္စည်းကိရိယာတွေကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမယ်"ဟု ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။ (၁၈၅)

မန္တလေး ပဲ၊ နှမ်း စျေးကွက်တွင် ပဲစင်းငုံ(ဖြူ)နှင့် ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းမွန်လာပြီး စျေးကောင်းရရှိ

မန္တလေး ဖေဖော်ဝါရီ ၁၃

မန္တလေး ပဲ၊ နှမ်းစျေးကွက်တွင် ပဲစင်းငုံ(ဖြူ)နှင့် ပဲစင်းငုံ(နီ)များ အရောင်းအဝယ်ကောင်းမွန်လာပြီး စျေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဗိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ပဲစင်းငုံ(ဖြူ)နှင့် ပဲစင်းငုံ(နီ)မှာ ပြည်တွင်းစျေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် ပဲစင်းငုံ(ဖြူ)နှင့် ပဲစင်းငုံ(နီ)များကို ကုန်သည်များ ဝယ်ယူမှု များပြားလာသဖြင့် အရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။

"ပဲစင်းငုံ(ဖြူ)နဲ့ ပဲစင်းငုံ(နီ)က အရင်တစ်ပတ်လောက်က အရောင်းအဝယ် သိပ်ပြီးမကောင်းတာကြောင့် မန္တလေးစျေးကွက်ထဲ စျေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ်ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် စျေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းစျေးကွက်တွင် ဖေဖော်ဝါရီ ၆ ရက်ပေါက်စျေးအရ ပဲစင်းငုံ(ဖြူ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၂၀၀၀၊ ပဲစင်းငုံ(နီ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ သာ ပေါက်စျေးရှိခဲ့သော်လည်း ယနေ့ပေါက်စျေးအရ ပဲစင်းငုံ(ဖြူ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၂၀၀၀၊ ပဲစင်းငုံ (နီ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ထိ ပေါက်စျေးရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းစျေးကွက်တွင် ယနေ့ပေါက်စျေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်၃၂၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်၂၅၅၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်စျေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဗိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေဌာန်အမှတ်-၀၀၃၂၄၊ ပုံနိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအမှု-၀၃၃-၇၂၇၀၁၊၀၉-၄၅၈၀၃၃၀၀၊ကြော်ငြာ-၀၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံတားနံမြို့နယ်၊ ဘိုးရာဘလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာသုံ့သတင်းစာတိုက်တွင် ပုံနိပ်ထုတ်ဝေသည်။

မလှိုင်မြို့နယ် သီးပင်ကုန်းကျေးရွာတွင် ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်သင်တန်း ဖွင့်လှစ်

မလှိုင် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက သီးပင်ကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက အမှာစကားပြောကြားသည်။

ထို့နောက် မလှိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ ဦးတင်စိုးနိုင်က ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်သင်တန်း ဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်သင်တန်းသို့ ကျောက်တွင်းကျေးရွာနှင့် သီးပင်ကုန်းကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၅၀ တက်ရောက်ကြပြီး သင်တန်း၌ ဆိတ်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ ခွားမွေးမြူရေး စသည့်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် နည်းစနစ်ကျစွာ မွေးမြူနိုင်ရန်အတွက် မလှိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက သင်တန်းကာလနှစ်ရက်ကြာစာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်နိုး(မလှိုင်)

မန္တလေး ရှမ်းမြောက်ဧည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဓမ္မကိုင်းမြို့ ဓိတ္တသုဓကျောင်းမှ ဆရာလေး ဒေါ်မာလာသိင်္ဂီအားရည်ရွယ်၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဓီမဉ္ဇဂ္ဂ မဟာသဒ္ဓမ္မဇောတိက ၀၀ ဂရိတ်ဦးမြင့်ကပ် လက်ခံရယူစဉ်။

ချောင်းသာကမ်းခြေသို့ ပြည်ထောင်စုနေ့တွင် ခရီးသွားဦးရေ ၄၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့

ပုသိမ် ဖေဖော်ဝါရီ ၁၃

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်ရှိ ချောင်းသာကမ်းခြေသို့ ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီ ၁၂ ရက်)က ခရီးသွားဦးရေ ၄၀၀၀ ကျော်ထိ လာရောက်လည်ပတ်အပန်းဖြေခဲ့ကြကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ သိရသည်။

ပုသိမ်မြို့နယ်အတွင်းရှိ အနားယူအပန်းဖြေစရာ နေရာအများအပြားထဲတွင် ချောင်းသာကမ်းခြေမှာလည်း ခရီးသွားများ လာရောက်လည်ပတ်အနားယူအပန်းဖြေမှုများသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ချောင်းသာကမ်းခြေသို့ ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီ ၁၂ ရက်)မတိုင်မီရက်များက တစ်ရက်လျှင် ခရီးသွားဦးရေ ၂၀၀ ထိသာ လာရောက်လည်ပတ်ခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်က ကျရောက်ခဲ့သည့် ပြည်ထောင်စုနေ့တွင် ခရီးသွားဦးရေ ၄၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ချောင်းသာကမ်းခြေကို လာရောက်လည်ပတ်တဲ့ ခရီးသွားဦးရေသည်တွေ များနေပါတယ်။ ပြည်ထောင်စုနေ့ တစ်ရက်တည်းမှာပဲ ခရီးသွားတွေ ထောင်ချီလာရောက်လည်ပတ်ခဲ့ပါတယ်။ ခရီးသွားဦးရေသည်သည်တွေက ကမ်းခြေကို လာရောက်တာများလာတော့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေလဲ အဆင်ပြေလာပါတယ်။ ဖေဖော်ဝါရီလထဲမှာတော့ ချောင်းသာကမ်းခြေကို ပြည်ထောင်စုနေ့ကလာတဲ့ ခရီးသွားတွေက အများဆုံးပါပဲ။ လာရောက်လည်ပတ်တဲ့ ခရီးသွားဦးရေသည်သည်တွေထဲမှာ ဒေသတွင်းနဲ့ ရန်ကုန်ဘက်က အလာများတာတွေ့ရပါတယ်"ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ဦးလမ်းညွှန်တာဝန်ခံ ဒေါ်ကေကေခိုင်က ပြောပြသည်။

ချောင်းသာကမ်းခြေကို လာရောက်လည်ပတ်သည့် ခရီးသွားဦးရေသည်များ စနစ်တကျလည်ပတ်အပန်းဖြေနိုင်ရေး၊ ကမ်းခြေ သန့်ရှင်းသာယာလှပစေရေး စသည့်လုပ်ငန်းများကို ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းအေဂျင်စီများ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းအသင်းများ၊ ခရီးသွားလုပ်ငန်းအသင်းများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ဦးလမ်းညွှန်တာဝန်ခံ ဒေါ်ကေကေခိုင်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

အင်ပူမြို့နယ် ရွှေတောင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အင်ပူ ဖေဖော်ဝါရီ ၁၃

ရောဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရွှေတောင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၅ သန်းကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းကော်မတီဝင်များက ရွှေတောင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၁ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၃ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် ၁ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

မတ္တရာမြို့နယ် မင်္ဂလာသီရိကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မတ္တရာ ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လွယ်တောင်းကျေးရွာအုပ်စု မင်္ဂလာသီရိကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် အတူ မင်္ဂလာသီရိကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က လမ်းရေရှည်တည်တံ့ခိုင်မြဲရေးဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၈၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၅ သိန်းအသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးပြီးစီးပြီးဖြစ်ကြောင်း မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က ပြောပြ၍ သိရသည်။ **ကျော်ဇိုး**

ဒေတ်သစ်ဇီဝလောင်စာများ (အပိုင်း-၁)

ပါမောက္ခကိုကိုအောင်

ဤကမ္ဘာမြေကြီးပေါ်၌ ရှင်သန်လျက်ရှိနေကြသော လူတို့အပါအဝင် သက်ရှိများနှင့် အပင်များ စသည်တို့၏ ရှုပ်ခန္ဓာကို ဇီဝဒြပ်ထု(Biomass)ဟု ခေါ်သည်။ လူနှင့်တိရစ္ဆာန်တို့က စွန့်ထုတ်လိုက်သော အညစ်အကြေးများနှင့် အပင်တို့၏ အကိုင်းအခက်၊ အသီးအပွင့်တို့မှ စွမ်းအင်ထုတ်ယူနိုင်သောကြောင့် ထိုသို့သော ဇီဝဒြပ်ထုတို့မှ ထွက်ရှိလာသည့်လောင်စာကို ဇီဝလောင်စာ(Biofuel)ဟု ခေါ်ဆိုသည်။ သာဓကအားဖြင့် ထင်း၊ ကောက်ရိုး၊ သစ်ပင်၊ နွားချေးစသည့် အော်ဂဲနစ်ပစ္စည်းများသည် ဇီဝလောင်စာထုတ်ယူနိုင်သော ဇီဝဒြပ်ထုများပင်ဖြစ်ကြသည်။

ဇီဝလောင်စာ မှန်သမျှတို့၏ မူလဘူတအရင်းအမြစ်မှာ နေရောင်ခြည်စွမ်းအင်ပင်ဖြစ်သည်။ အပင်များသည် မြေကြီးထဲမှစုပ်ယူထားသော အာဟာရများကို နေရောင်ဖြင့် အလင်းဖွဲ့အစာချက်ကာ စွမ်းအင်အဖြစ်သို့ ပြောင်းလဲပြီး ရှင်သန်ရေးအတွက် အသုံးချသည်။ ချက်ချင်းအသုံးပြုရန် မလိုသေးသော ပိုလျှံစွမ်းအင်များကို အပင်ထဲ၌ပင် သိုလှောင်ထားသည်။ ဤသို့အားဖြင့် အပင်နှင့် အသီးအရွက်တို့ကို စားသုံးသော လူနှင့်တိရစ္ဆာန်၏ ခန္ဓာကိုယ်အတွင်းသို့ အပင်ထဲ၌ သိုမှီးထားသော စွမ်းအင်များက ကူးပြောင်းရောက်ရှိသွားသည်။

အပင်များနှင့် သက်ရှိသတ္တဝါတို့၏ အညစ်အကြေးများ တစ်နည်းအားဖြင့် ဇီဝဒြပ်ထုများကို လောင်မြိုက်စေပါက သို့တည်းမဟုတ် ဓာတ်ပြောင်းစေပါက စွမ်းအင်များထွက်ပေါ်လာသည်။ ထိုစွမ်းအင်ဖြင့် နေအိမ်အဆောက်အအုံနှင့် လူတို့ကို အနွေးဓာတ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ချက်ပြုတ်ခြင်း၊ လျှပ်စစ်ဓာတ်ထုတ်ယူခြင်း စသည်တို့အတွက် အသုံးချလုပ်ဆောင်နိုင်သည်။ ထို့ပြင် ဇီဝဒြပ်ထုများမှ မီသိန်းကဲ့သို့သော လောင်စာဓာတ်ငွေ့များနှင့် အီသနောကဲ့သို့သော လောင်စာအရည်များကိုလည်း ထုတ်ယူနိုင်သည်။

ကမ္ဘာ့လူသားတို့ ပထမဦးဆုံးအသုံးပြုခဲ့ကြသော လောင်စာမှာ ထင်းဖြစ်ပြီး ယနေ့ထိတိုင်လည်း ထင်းကို သုံးစွဲနေကြဆဲပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့လူဦးရေ သန်း ၂၀၀၀ ခန့်သည် လောင်စာအဖြစ် ထင်းနှင့်မီးသွေးတို့ကို သုံးစွဲလျက်ရှိနေကြသေးသည်။ ကမ္ဘာ့စွမ်းအင်သုံးစွဲမှု စုစုပေါင်း၏ ကိုးရာခိုင်နှုန်းမှာ ထင်းကိုလောင်စာအဖြစ် အသုံးပြုသော စွမ်းအင်များ ဖြစ်ကြသည်။ ထင်းကိုလောင်စာအဖြစ် အသုံးပြုခြင်းကြောင့် သစ်တောပြုန်းတီးခြင်းနှင့် လေထုထဲသို့ ကာဗွန်မာတ်ငွေ့များ စုပြုံရောက်ရှိစေခြင်း စသည်တို့ ဖြစ်ပေါ်မှုကြောင့် ထင်းအစားထိုး အခြားလောင်စာများ သုံးစွဲရေးကို ဦးတည်ဆောင်ရွက်နေကြသည့်တိုင် ဖွံ့ဖြိုးဆဲနိုင်ငံတချို့နှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌ ထင်းကိုပင် စွဲစွဲမြဲမြဲသုံးစွဲနေကြဆဲဖြစ်သည်။ ထင်းနှင့်မီးသွေး သုံးစွဲသူများ၏ ၉၀ ရာခိုင်နှုန်းမှာ ကျေးလက်နေသူများဖြစ်ကြပြီး ကျန် ၁၀ ရာခိုင်နှုန်းမှာ မြို့ပြနေသူများဖြစ်ကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသများ၌ ထင်းနှင့် မီးသွေးတို့၏နေရာတွင် အစားထိုးလောင်စာများကို အသုံးပြုလျက်ရှိနေကြသည်။ ဆွေးမြည့်နေသော သစ်ပင်သစ်ကိုင်းများ၊ လူနှင့် တိရစ္ဆာန်တို့၏ အညစ်အကြေးများကို ကွန်ကရစ်ကန်တစ်ခုအတွင်း စုပုံသိုလှောင်ဆွေးမြည့်စေခြင်းဖြင့် ထွက်ရှိလာသော ဇီဝလောင်စာဓာတ်ငွေ့မီသိန်းကို စားသောက်ဖွယ်ရာများ ချက်ပြုတ်ခြင်း၊ အနွေးဓာတ်ပေးခြင်း၊ လျှပ်စစ်ဓာတ်ထုတ်ယူခြင်းများအတွက် အသုံးပြုနေကြခြင်းဖြစ်သည်။ ဆွေးမြည့်နေသော သစ်ပင်သစ်ကိုင်းများနှင့် မစင်အညစ်အကြေးများကို ဗက်တီးရီးယားများက အောက်ဆီဂျင် ကင်းမဲ့နေသည့် အခြေအနေတွင် ဓာတ်ပြုခြေဖျက်ရာမှ ဇီဝဓာတ်ငွေ့များထွက်ရှိလာသည်။ ထွက်ရှိလာသော ဇီဝလောင်စာဓာတ်ငွေ့များထဲတွင် မီသိန်း ၅၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းထိပါဝင်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့တချို့က အနည်းစုအဖြစ် ပါဝင်နေကြသည်။

ဒြပ်ထုအသွင် ဇီဝလောင်စာဖြစ်သောထင်းကို ရှေးပဝေသဏီ ကာလကတည်းက သုံးစွဲခဲ့ကြသော်လည်း အငွေ့အသွင် ဇီဝလောင်စာဖြစ်သည့် မီသိန်းဓာတ်ငွေ့ကိုမူ ၁၈၈၀ ပြည့်လွန်နှစ်များမှစတင်ကာ သုံးစွဲခဲ့ကြသည်။ တီထွင်သူပညာရှင် ရူးဒေါ့ဖ်ဒီဇယ်ဆိုသူက မြေပဲဆီမှတစ်ဆင့်ထုတ်ယူရရှိသော ဇီဝလောင်စာအရည်ဖြင့် ဒီဇယ်အင်ဂျင်ကို စမ်းသပ်မောင်းနှင်ပြသခဲ့သည်။ အလားတူပင် အရည်အသွင် ဇီဝလောင်စာဖြစ်သည့် အီသနောကို ၁၉၀၀ ပြည့်လွန်နှစ်များကတည်းက စတင်သုံးစွဲခဲ့သည်။ တီထွင်သူပညာရှင် ဟင်နရီဖို့ဒ်က ၁၉၀၈ ခုနှစ်တွင် ထုတ်လုပ်သောမော်ဒယ်တီ(Model-T)ကားကို အီသနောလောင်စာရည်ဖြင့် လက်တွေ့ကျကျမောင်းနှင်ပြသခဲ့သည်။

နောက်ပိုင်းကာလများ၌မူ ဈေးသက်သာပြီး လွယ်လင့်တကူတူးဖော်ချက်လုပ်နိုင်သော ရေနံထွက်လောင်စာရည်များကိုသာ အထူးအလေးပေးသုံးစွဲလာခဲ့ကြသည့်အတွက် ဇီဝလောင်စာအငွေ့နှင့် အရည်တို့၏ သုံးစွဲမှုမှာ မတွင်ကျယ်ဘဲ မှေးမှိန်ခဲ့ရသည်။ ၂၀ ရာစု နှောင်းပိုင်းကာလ အရောက်တွင်မူ ရေနံကဲ့သို့သော ရှုပ်ကြွင်းလောင်စာများရှားပါးလာခြင်း၊ ဈေးနှုန်းမြင့်မားလာခြင်းနှင့် ရေနံကိုဦးတည်သည့်ပဋိပက္ခများ ကြီးထွားလာခြင်း စသည်တို့ကြောင့် ဇီဝလောင်စာများ ဘက်သို့ တစ်ကျော့ပြန်ဦးလှည့်လာကြပြန်သည်။

၁၉၇၃ ခုနှစ် ရေနံသပိတ်ကို အကြောင်းပြုပြီး ကမ္ဘာ့စွမ်းအင်အကျပ်အတည်းကို ကူညီဖြေလျှော့ပေးရန် ရည်ရွယ်ချက်ဖြင့် ဘရာဇီးနိုင်ငံက ရှုပ်ကြွင်းလောင်စာအပေါ် မှီခိုအားထားနေရမှုကို လျှော့ချရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ကြံမှအီသနောကို စီးပွားဖြစ် ထုတ်လုပ်ရယူသုံးစွဲနိုင်ရေးအတွက် ၁၉၇၅ ခုနှစ်မှစ၍ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သော ဘရာဇီးနိုင်ငံကို ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Enviromental Programme- UNEP) က အပြည့်အဝထောက်ခံအားပေးခဲ့သည်။

ဇီဝလောင်စာရည် ကုန်ကြမ်းအဖြစ် ကြံကိုအခြေပြုကာ အီသနောထုတ်လုပ်သုံးစွဲခြင်းသည် အခြားသော လောင်စာများ သုံးစွဲခြင်းထက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု သိသာစွာလျော့နည်းသည့်အတွက် UNEP က အားတက်သရော ထောက်ခံခဲ့ခြင်းဖြစ်သည်။ ဤသို့အားဖြင့် ၁၉၈၀ ပြည့်နှစ်အရောက်တွင် ဘရာဇီးနိုင်ငံသည် ဇီဝလောင်စာရည်ကို စီးပွားဖြစ် ထုတ်လုပ်သုံးစွဲသည့် ကမ္ဘာ့ပထမဦးဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ထို့ပြင် ပြည်တွင်းရေနံထုတ်လုပ်မှုကလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာခဲ့သည့်အတွက် ၂၀၀၀ ပြည့်နှစ်ခန့်အရောက်တွင် ဘရာဇီးသည် လောင်စာနှင့်ပတ်သက်၍ ပြည်ပအမှီအခိုကင်းသော နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

တစ်နေ့တခြား တိုးပွားလာနေသောကမ္ဘာ့လူဦးရေကြောင့် အခြားသောလောင်စာလိုအပ်ချက်များနည်းတူ ဇီဝလောင်စာလိုအပ်ချက်ကလည်း တိုးလာနေလျက်ရှိရာ ၂၀၁၀ ပြည့်လွန်နှစ်ကာလများမှစ၍ ၂၀၃၀ ပြည့်နှစ် မတိုင်မီထိ ကမ္ဘာ့ဇီဝလောင်စာ လိုအပ်ချက်မှာ နှစ်စဉ် ၈ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။ လက်ရှိတွင် ကမ္ဘာ့ဇီဝလောင်စာထုတ်လုပ်မှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို အမေရိကန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့က ထုတ်လုပ်ပေးလျက်ရှိနေကြသည်။

အမေရိကန်နိုင်ငံအနေဖြင့်လည်း ၂၀၁၂ ခုနှစ်ကတစ်နိုင်ငံလုံး စွမ်းအင်သုံးစွဲမှု၏ ငါးရာခိုင်နှုန်းကို ဇီဝလောင်စာမှရရှိခဲ့သည်။ ထို ငါးရာခိုင်နှုန်းသောပမာဏ၏ ထက်ဝက်ခန့်ကို ထင်းမှရရှိပြီး ကျန်ထက်ဝက်ကျော်ကို ဇီဝလောင်စာရည်ဖြစ်သော အီသနောနှင့် စွန့်ပစ်အမှိုက်များမှရရှိခဲ့သည်။

မျက်မှောက်ကာလတွင် ဇီဝလောင်စာအငွေ့နှင့် အရည်တို့ကို ထုတ်ယူနိုင်သည့် အဓိကကုန်ကြမ်းများထဲတွင် ကြံနှင့်ပြောင်းတို့က ထိပ်တန်း၌ရှိနေသည်။ ကြံစိုက်ခင်းတစ်ဧကမှ ဇီဝဓာတ်ငွေ့ပမာဏ BTU (British Thermal Unit-BTU) ၁၀၈ သန်းထုတ်ယူနိုင်သကဲ့သို့ အီသနောပမာဏ BTU ၅၄ သန်းထုတ်ယူရရှိနိုင်သည်။ ကမ္ဘာပေါ်၌ အီသနောထုတ်လုပ်မှု အများဆုံးနိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်ပြီး ဘရာဇီးနိုင်ငံက ဒုတိယနေရာ၌ ရှိနေသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံကဲ့သို့ ကျယ်ဝန်းခြင်းမရှိသော်လည်း စိုက်ပျိုးမြေကောပေါင်းသန်းနှင့်ချီရှိနေခြင်း၊ စိုက်ပျိုးရေးသိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကြံစိုက်ခင်းများ အထူးအောင်မြင်ဖွံ့ဖြိုးခြင်း စသည့်အခြေခံအကြောင်းရင်းများကြောင့် တစ်ကမ္ဘာလုံးသုံးစွဲနေကြသော အီသနောလောင်စာရည်စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးလျက်ရှိနေသည်။

မောက်မယ်မြို့နယ် နားလော့ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မောက်မယ် ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်း(CDD)ရန်ပုံငွေဖြင့် နားလော့ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်း၊ လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးလှမျိုးအောင်နှင့် တာဝန်ရှိသူများက လူထုဗဟိုပြုစီမံကိန်း(CDD)ရန်ပုံငွေဖြင့် နားလော့ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းခွဲများအားလုံးကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ပြင်ဆင်ထိန်းသိမ်းရန်အတွက် လိုအပ်သောရန်ပုံငွေ ရှာဖွေစုဆောင်းခြင်းလုပ်ငန်းများနှင့် ပြင်ဆင်ထိန်းသိမ်းမည့် အချိန်ကာလ လျာထားဆောင်ရွက်ခြင်းလုပ်ငန်းများကို ကျေးရွာလုပ်ငန်းလည်ပတ်ရေးနှင့်ထိန်းသိမ်းရေးကော်မတီကဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပူးပေါင်းကာ ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

နားလော့ကျေးရွာ၌ လမ်းအရှည်ပေ ၉၀၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေကျပ် ၁၅ ဒသမ ၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများကနည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် နားလော့ကျေးရွာရှိ ကျေးလက်နေပြည်သူများ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးပိုမိုတိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

အေးသူ

လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်

မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင် တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက် ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆို ရင်တော့ တောင်တက်လမ်း လျှောက်ခြင်းကိုလည်း ကြိုးစား ကြည့်သင့်ပါတယ်။

ဒုံအပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်း လျှောက်ပြီး ပုံမှန်လမ်းပြန် လျှောက်ခြင်း၊ အဲဒီနောက် ခပ် မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့် ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်း ထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင် ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက် တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ် စေပါဘူး။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၈၁၆၅ ဧက စိုက်ပျိုးပြီးစီး

ခင်ဦး ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင် သီးနှံ ၈၁၆၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၆၃၇၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စားဖို ဆောင်သီးနှံ ၈၁၆၅ ဧက စိုက်ပျိုး နိုင်ခဲ့၍ လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်အတွင်း ဆောင်း သီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင် သီးနှံက ၆၀၀၀ ကျော် စိုက်ပျိုး ဖို့လျာထားပါတယ်။ ဒါပေမဲ့ ဧက ၈၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင် ခဲ့ပါတယ်။ စားဖိုဆောင်သီးနှံစိုက် ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်တဲ့အနေအထားမှာရှိပါ တယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေ ဝင်းနိုင်က ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦး မြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက် ပျိုးပြီးစီးမှုအနေဖြင့် ၎ရွတ် ၄၀၄ ဧက၊ ကြက်သွန်နီ ၄၈၇၂ ဧက၊ ကြက်သွန်ဖြူ ၁၁၇၆ ဧက၊ အာလူး ၁၇၁၃ ဧက စုစုပေါင်း ၈၁၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် စားဖိုဆောင် သီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် အထွက်နှုန်း ကောင်းမွန်စေရေး၊ ဈေးကွက်ရရှိစေရေးအတွက် စိုက် ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ GAP စိုက်နည်းစနစ်များ၊ ပိုးမွှား ကာကွယ်နှိမ်နင်းရေး နည်းပညာ များပေးခြင်း၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်စေရေး နည်းပညာ ပေးခြင်းတို့ကို ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦး မြို့နယ်တွင် စားဖိုဆောင်သီးနှံ ၇၇၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

ငဖဲမြို့နယ် ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ငဖဲ ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူး ခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယု မော်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ် နေရေး အခက်အခဲများကို ကုစား ပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်း ရောင်ကျေးရွာစီမံကိန်း အရင်း မပျောက် လည်ပတ်ရန်ပုံငွေထုတ် ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်း ရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော် မတီဝင်များက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ် အဖြစ် ငဖဲမြို့နယ် ပန်းထိမ်းကျေးရွာ ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၃၁၁ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂၄ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင် သူ တစ်ဦးကို ငွေကျပ် ၁၀ သိန်းနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၅၁ သိန်း စုစု ပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံ ကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၉၆ သိန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်း ယုမော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော် မတီဝင်များ၊ အသင်းသား၊ အသင်း သူများ တက်ရောက်ကြကြောင်း သိရသည်။ **ကိုလှိုင်**

ကျက်သရေရှိရာ တို့မြန်မာ

- တို့မြန်မာ မျိုးချစ်စိတ်
  မတိတ်ဆိတ် ရှင်သန်လေ၊
  ကိုယ်ပိုင်နယ် မြေအစစ်
  ချစ်တတ်ပါစေ၊
  ဓလေ့ထုံး ထိန်းစို့မသွေ
  ရိုးရာအမွေ လက်ဆင့်ကမ်း၊
  ရွှေပြည်တော် ဂုဏ်မည်းအောင်
  ကြိုးစားလို့လှမ်း။။

- ပြည်သူတွေ အစဉ်အေးချမ်း
  မြန်ပြည်ဝန်း သာသာယာ၊
  အမျိုးဘာသာ စောင့်ရှောက်ကြ
  သုခပြည့်မှာ၊
  ကုသိုလ်မိုး သွန်းဖြိုးရွာ
  တို့မြန်မာ ဘူမိကောင်း၊
  ကျက်သရေ မင်္ဂလာတရား
  ဖွံ့ထွားကိန်းအောင်း။။

- ရွှေမြန်မာ ညီနောင်အပေါင်း
  ပဲ့ထိန်းကျောင်း ပန်းတိုင်ဆီ၊
  စည်းလုံးအတူ လက်ချင်းအမြဲ
  ယှဉ်တွဲနေမည်၊
  မြန်ပြည်တိုင်း အလှဝေစည်
  ငြိမ်းချမ်းတည် ထာဝရ၊
  နိုင်ငံတော် တာဝန်ထမ်းလို့
  ပြုံးပန်းတွေလှ။။ ။

မောင်မျိုးချစ်(အညာမြေ)

မကွေးမြို့နယ် ကျောင်းဆောင်ကျေးရွာ၌ ၄၀၀ ဗို့မာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

မကွေး ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး မကွေးမြို့ နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကျောင်းဆောင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ၄၀၀ ဗို့ မာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းပြီးစီးမှုကို ယနေ့ နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီး မှူး ဒေါ်တင်တင်စိုးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်း ရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျောင်း ဆောင်ကျေးရွာ၌ ၄၀၀ ဗို့မာတ်အား လိုင်း သွယ်တန်းခြင်းလုပ်ငန်းပြီးစီး မှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ် ငန်းအဖွဲ့ဝင်များကို ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင် ရေး စနစ်တကျပြုပြင်ထိန်းသိမ်း ကြရန် ဆွေးနွေးမှာကြားသည်။

မကွေးမြို့နယ် ကျောင်းဆောင် ကျေးရွာ၌ ၄၀၀ ဗို့မာတ်အားလိုင်း အရှည်ပေ ၃၃၀၀ သွယ်တန်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ခြောက် သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၁ ဒသမ ၇၀၂၅ သန်း စုစုပေါင်း ငွေ ကျပ် ၂၇ ဒသမ ၇၀၂၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ က နည်းပညာများပံ့ပိုးကာ ကျေးရွာ သူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ စတုတ္ထ ပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခု အခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီး ပြီဖြစ်ကြောင်း သိရသည်။ **အထွေး**

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတကာ သတင်းများ

တရုတ်ထိပ်တန်းသံတမန် ဝမ်ယီ မြူးနစ်လုံခြုံရေးညီလာခံသို့ တက်ရောက်ရန် စီစဉ်

ပေကျင်း ဖေဖော်ဝါရီ ၁၃

တရုတ်ထိပ်တန်း သံတမန် ဝမ်ယီသည် ယခုလအတွင်း ကျင်းပမည့် မြူးနစ်လုံခြုံရေးညီလာခံသို့ တက်ရောက်ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပြည်ပရေးရာကော်မရှင်ရုံးအကြီးအကဲ ဝမ်ယီသည် ပြင်သစ်၊ အီတလီနှင့် ဟန်ဂေရီနိုင်ငံများသို့လည်း ယခုလအတွင်း သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ပြည်ပရေးရာကော်မရှင်ရုံးအကြီးအကဲ ဝမ်ယီသည် ရုရှားနိုင်ငံသို့လည်း သွားရောက်ရန်စီစဉ်ထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ အဆိုအရ သိရသည်။

(၅၉)ကြိမ်မြောက် မြူးနစ်နိုင်ငံတကာ လုံခြုံရေးညီလာခံကို ဖေဖော်ဝါရီ ၁၇ရက်မှ ၁၉ ရက်ထိ ဂျာမနီနိုင်ငံမြူးနစ်မြို့၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ နိုင်ငံခြားရေးဝန်ကြီး တာဝန်ရယူခဲ့သော ဝမ်ယီသည် တရုတ်ကွန်မြူးနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူဟာရေးရာ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

မြူးနစ် နိုင်ငံတကာလုံခြုံရေးညီလာခံသို့ အမေရိကန်ဒုတိယသမ္မတကာမာလာဟားရစ် အပါအဝင် အခြားနိုင်ငံတကာခေါင်းဆောင် အများအပြားလည်း တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။ KKO



သမိုင်း၏ အမှားဘက်ရပ်တည်နေမှုစွပ်စွဲချက် အိုင်အိုစီဥက္ကဋ္ဌ သောမတ်ဘက်ချ် ငြင်းဆို

ပဲရစ် ဖေဖော်ဝါရီ ၁၃

၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်၌ ရုရှားနှင့်ဘီလာရုစ်အားကစားသမားများ ပါဝင်နိုင်ရေးအတွက် ကူညီခြင်းဖြင့် သမိုင်း၏ အမှားဘက်တွင် ရပ်တည်နေသည်ဟူသောစွပ်စွဲချက်ကို နိုင်ငံတကာအိုလံပစ်ကော်မတီ (အိုင်အိုစီ)ဥက္ကဋ္ဌ သောမတ်ဘက်ချ် ကဖေဖော်ဝါရီ ၁၂ ရက်တွင် ပယ်ချလိုက်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနှင့် ဘီလာရုစ်အားကစားသမားများ နိုင်ငံတကာပြိုင်ပွဲများ၌ ပါဝင်ခွင့်ရရန် လမ်းဖွင့်ပေးခဲ့မှုကြောင့် အိုင်အိုစီနှင့်အိုင်အိုစီဥက္ကဋ္ဌ သောမတ်ဘက်ချ်တို့မှာ ယူကရိန်းနှင့် အနောက်အုပ်စုနိုင်ငံများ၏ ဝေဖန်ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသည်။

သို့သော် ပဲရစ်အိုလံပစ်ပွဲပြဿနာ၌ အိုင်အိုစီအနေဖြင့် သမိုင်း၏အမှားဘက်တွင် ရပ်တည်နေသည်ဟူသော စွပ်စွဲချက်ကို သောမတ်ဘက်ချ်က ငြင်းဆိုခဲ့ပြီး အိုင်အိုစီအနေဖြင့် သမိုင်းအစဉ်အလာအတိုင်းရပ်တည်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အိုင်အိုစီ၏ အခန်းကဏ္ဍမှာ ကမ္ဘာပြည်သူများကို ပေါင်းစည်းပေးရန်ဖြစ်ကြောင်း သောမတ်ဘက်ချ် ကပြောကြားခဲ့ပြီး တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ၊ အစ္စရေးနှင့် ပါလက်စတိုင်းတို့ အိုလံပစ်ပွဲတော်များ၌ ပါဝင်ခဲ့သည့်သမိုင်းကို ထောက်ပြခဲ့သည်။

၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်၌ ရုရှားနှင့်ဘီလာရုစ် အားကစားသမားများ ပါဝင်ခွင့်ကို ပိတ်ပင်ရေးအတွက် ယူကရိန်းနှင့် အခြားကမ္ဘာနိုင်ငံ ၃၅ နိုင်ငံတို့က အိုင်အိုစီကို တောင်းဆိုရန် စီစဉ်ထားကြောင်း သိရသည်။

အိုင်အိုစီတာဝန်ရှိသူများသည် ရုရှားနှင့် ဘီလာရုစ်အားကစားသမားများကို နိုင်ငံမဲ့အားကစားသမားများအဖြစ် ပါဝင်ခွင့်ရရန် လမ်းစဖွင့်ပေးထားကြောင်း သိရသည်။ KKO

၂၀၂၂ ခုနှစ် နှစ်စပိုင်းမှစ၍ တရုတ်လေပိုင်နက်အတွင်းသို့ အမေရိကန်မိုးပျံပူဖောင်းများ ၁၀ ကြိမ်ကျော် ဝင်ရောက်ခဲ့



ပေကျင်း ဖေဖော်ဝါရီ ၁၃

အမေရိကန်နိုင်ငံ၏ မိုးပျံပူဖောင်းများသည် ၂၀၂၂ ခုနှစ်နှစ်စပိုင်းမှစ၍ တရုတ်လေပိုင်နက်ကိုဦးတည်ပြုချက်မရှိဘဲ ၁၀ ကြိမ်ကျော် ဝင်ရောက်ခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝန်ဝင်ဘင်းက ယနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန် ဝေဟင်ပိုင်နက်အတွင်းဝင်ရောက်ခဲ့သည့် တရုတ်မိုးပျံပူဖောင်းတစ်လုံးကို အမေရိကန်စစ်ဘက်က ပစ်ချခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးမကျေမလည်ဖြစ်နေစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ်မှစ၍ အမေရိကန်မိုးပျံပူဖောင်းများသည်သက်ဆိုင်ရာတရုတ်အစိုးရဌာနများ၏ခွင့်ပြုချက်မရှိဘဲ တရုတ်လေပိုင်နက်အတွင်းသို့ ၁၀ ကြိမ်ကျော် တရားမဝင် ဝင်ရောက်ခဲ့ကြောင်း ဝန်ဝင်ဘင်းက ယနေ့ပုံမှန်သတင်းစာ ရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

သို့သော် အထက်ဖော်ပြပါ အမေရိကန် မိုးပျံပူဖောင်းများမှာ မည်သည့်မိုးပျံပူဖောင်းမျိုးဖြစ်သည်ကို ဝန်ဝင်ဘင်းက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

တရုတ်လေပိုင်နက်အတွင်းသို့ အမေရိကန် မိုးပျံပူဖောင်းများ ကျူးကျော်ဝင်ရောက်မှုများအပေါ် တရုတ်နိုင်ငံ၏ တုံ့ပြန်ပုံမှာ တာဝန်ယူမှုရှိ၍ အလုပ်သဘောဆောင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။ KKO

ကာကွယ်ရေးကဏ္ဍပို့ကုန်တန်ဖိုးကို လာမည့်နှစ်နှစ်အတွင်း ဒေါ်လာ ငါးဘီလီယံထိမြှင့်တင်ရန် အိန္ဒိယ ရည်မှန်းထား

ဒေလီ ဖေဖော်ဝါရီ ၁၃

နှစ်စဉ်ကာကွယ်ရေးကဏ္ဍပို့ကုန်တန်ဖိုးကို လာမည့်နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ငါးဘီလီယံထိမြှင့်တင်ရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီက ရည်မှန်းထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာကွယ်ရေးကဏ္ဍပို့ကုန်များ တန်ဖိုးမြှင့်တင်ရေး ရည်မှန်းချက်ကို အိန္ဒိယဝန်ကြီးချုပ် မိုဒီက ကာနာတာကာပြည်နယ် ဘင်ဂါလူရုမြို့၌ ယနေ့တွင် စတင်ခဲ့သည့် အေရိုအင်ဒီးယား လေကြောင်းပြပွဲဖွင့်ပွဲ၌ ကြေညာခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်တွင် အိန္ဒိယနိုင်ငံသည် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကုမ္ပဏီများ၏ဈေးကွက်တစ်ခုမျှ သာမဟုတ်တော့ဘဲ မိတ်ဖက်ဖြစ်လာနိုင်မည့် အလားအလာရှိသောနိုင်ငံအဖြစ်သို့ ရောက်နေပြီဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။

ထို့ပြင် လာမည့်နှစ်နှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးကဏ္ဍပို့ကုန်တန်ဖိုးကို အမေရိကန်ဒေါ်လာ ငါးဘီလီယံထိ မြှင့်တင်ရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံကြရန် အိန္ဒိယဝန်ကြီးချုပ်က ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်းများကို တိုက်တွန်းခဲ့သည်။

ဝန်ကြီးချုပ်မိုဒီ၏ အဆိုအရ အိန္ဒိယနိုင်ငံသည် နိုင်ငံပေါင်း ၇၅ နိုင်ငံသို့ ကာကွယ်ရေးပစ္စည်းများ ရောင်းချထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ စစ်လက်နက် ဝယ်ယူတင်သွင်းမှုအများဆုံးနိုင်ငံများထဲတွင် ပါဝင်ခဲ့ပြီး နိုင်ငံတကာလက်နက်ပို့ကုန်ဈေးကွက်သို့ ဝင်ရောက်ရန် အားယူနေရဆဲဖြစ်သည်။ KKO

အစ္စရေးလေတပ်က ဟားမက်စ်မြေအောက်ဒုံးကျည်ထုတ်လုပ်ရေးစခန်းကို တိုက်ခိုက်

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၃

အစ္စရေးလေတပ်၏ တိုက်ခိုက်မှုများကြောင့် ယနေ့နံနက်ပိုင်းက ဂါဇာကမ်းမြောင်ဒေသ၌ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ထားသော ဟားမက်စ်အုပ်စု၏ မြေအောက်ဒုံးကျည်သိုလှောင်ရေးစခန်းကို ယနေ့တွင် လေကြောင်းမှတစ်ဆင့် တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ဂါဇာဒေသဘက်မှပစ်ခတ်ခဲ့သော ဒုံးကျည်တစ်စင်းကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ပစ်ချခဲ့ပြီးနောက် အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ဒေသ၌ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဒုံးကျည် ပစ်ခတ်မှုအတွက်တာဝန်ရှိကြောင်းမည်သည့် ပါလက်စတိုင်းအုပ်စုကမျှ ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဟားမက်စ်အုပ်စုသည် ဂါဇာကမ်းမြောင်ဒေသကို ၂၀၀၇ခုနှစ်မှစ၍ ထိန်းချုပ်ခဲ့ပြီး ယင်းနောက်ပိုင်း ကာလများမှစ၍ အစ္စရေးနှင့် ဟားမက်စ်တို့ကြား စစ်ပွဲများမကြာခဏဖြစ်ပွားခဲ့သည်။

ဂါဇာအခြေစိုက် စစ်သွေးကြွအုပ်စုများ၏ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုများအတွက် ဟားမက်စ်အုပ်စုကသာ တာဝန်ယူရမည်ဟု အစ္စရေးအစိုးရက ပြောကြားထားကြောင်း သိရသည်။ KKO

SCIENCE AND TECHNOLOGY

Space-X ကုမ္ပဏီက ဖေဖော်ဝါရီ ၁၂ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၅၅ စင်းလွှတ်တင်ခဲ့

ဝါရင်တန် ဖေဖော်ဝါရီ ၁၃

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၅၅ စင်းကို ဖေဖော်ဝါရီ ၁၂ ရက်က လွှတ်တင်ခဲ့ကြောင်း Space-X ကုမ္ပဏီတာဝန်ရှိသူများ၏ အဆိုအရ Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ရေးသားတင်ပြထားသည်။

အဆိုပါ စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုများကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၃ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်သွားသည့် ဂြိုဟ်တု ၅၅ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါမစ်ရှင်သည် Space-X အာကာသ နည်းပညာကုမ္ပဏီ အတွက် ယခုနှစ်၏ ၁၀ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ၎င်း၏စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၃၅၀၀ ကျော် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ KKO

Sar-2667 ဥက္ကာခဲက ကမ္ဘာ့လေထုလွှာအတွင်းဝင်ရောက်ပြီး အင်္ဂလိပ်ရေလက်ကြားအထက်၌ ပေါက်ကွဲခဲ့

လန်ဒန် ဖေဖော်ဝါရီ ၁၃

Sar-2667 အမည်ရှိ ဥက္ကာခဲတစ်ခဲသည် ယနေ့တွင် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့ပြီး အင်္ဂလိပ်ရေလက်ကြား အထက်၌ ပေါက်ကွဲခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ ရေးသား တင်ပြထားသည်။

Sar-2667 ဥက္ကာခဲပေါက်ကွဲမှုကို အင်္ဂလန်နိုင်ငံ တောင်ပိုင်းနှင့် ဝေးလံနိုင်ငံတို့မှ ပြည်သူများနှင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှပြည်သူများ မြင်တွေ့ခဲ့ကြရသည်။

အဆိုပါ ဥက္ကာခဲပေါက်ကွဲမှုသည် သမိုင်းတစ်လျှောက်ကြိုတင်ထောက်လှမ်း တွေ့ရှိရပြီးနောက် ဖြစ်ပွားခဲ့သော သတ္တမမြောက် ဥက္ကာခဲ ပေါက်ကွဲမှုဖြစ်ကြောင်း သိရသည်။

Sar-2667 ဥက္ကာခဲ၏ အရွယ်အစားမှာ အချင်း သုံးပေခန့်သာ ရှိကြောင်း သိရသည်။

Sar-2667 ဥက္ကာခဲကို ကမ္ဘာ့လေထုလွှာအတွင်း မဝင်ရောက်မီ နာရီပိုင်းအလိုမှာပင် ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Sar-2667 ဥက္ကာခဲသည် လူနေထူထပ်သည့်နယ်မြေပေါ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သော်လည်း မြေပြင်၌ မည်သူမျှအထိအခိုက်မရှိခဲ့ကြောင်း သိရသည်။

KKO

ပလူတိုဂြိုဟ်ငယ်၏ ဂြိုဟ်ရုံလတစ်စင်းဖြစ်သော ချာရွန်ဂြိုဟ်ရုံလမျက်နှာပြင်ပေါ် ရှိ အက်ကြောင်းရာများက မြေအောက်သမုဒ္ဒရာလှုပ်ရှားမှုကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်

ဝါရင်တန် ဖေဖော်ဝါရီ ၁၃

ပလူတိုဂြိုဟ်ငယ်၏ ဂြိုဟ်ရုံလတစ်စင်းဖြစ်သည့် ချာရွန်ဂြိုဟ်ရုံလ မျက်နှာပြင်ပေါ်ရှိ အက်ကြောင်းရာများသည် ၎င်းဂြိုဟ်ရုံလ၏ မြေအောက်သမုဒ္ဒရာ လှုပ်ရှားမှုကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၂ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဆောက်သ်ဝက်စ် သုတေသန အင်စတီကျူမှ သိပ္ပံပညာရှင်များ၏ အဆိုအရ ချာရွန်ဂြိုဟ်ရုံလ၏ ရေခဲမီးတောင် လှုပ်ရှားမှုများသည် အဆိုပါဂြိုဟ်ရုံလ၏ မြေအောက်သမုဒ္ဒရာ အေးခဲ ကျယ်ပြန့်လာမှုကြောင့် ပေါ်ထွက်လာရခြင်းဖြစ်နိုင်ကြောင်း သိရသည်။

မြေအောက်သမုဒ္ဒရာ အေးခဲကျယ်ပြန့်လာချိန်တွင် ချာရွန်ဂြိုဟ်ရုံလ၏ ရေခဲလွှာမျက်နှာပြင်နှင့် ၎င်းမျက်နှာပြင်အောက်ရှိ ရေထုပေါ်သို့ ဖိအားသက်ရောက်မှုရှိလာခဲ့ပြီး ရောမအက်ကြောင်းကြီးများ ပေါ်ထွက်လာခြင်း ဖြစ်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အလားတူ မြေအောက်သမုဒ္ဒရာ၏ ထုထည်ပိုမိုကြီးမားလာသည်နှင့် အမျှ ၎င်းသမုဒ္ဒရာမှရေများသည် ချာရွန်ဂြိုဟ်ရုံလ၏ ရေခဲလွှာမျက်နှာပြင်ကို ဖောက်ထွက်လာပြီး ရေခဲမီးတောင် လှုပ်ရှားမှုများရှိလာရကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ချာရွန်ဂြိုဟ်ရုံလပေါ်ရှိ အက်ကြောင်းရာများကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ New Horizone အာကာသယာဉ်က ၂၀၁၅ ခုနှစ်တွင် ရှာဖွေဖော်ထုတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ချာရွန်ဂြိုဟ်ရုံလသည် ပလူတိုဂြိုဟ်ငယ်၏ အကြီးဆုံးဂြိုဟ်ရုံလ ဖြစ်ကြောင်း သိရသည်။

KKO

HEALTH

အယ်ဒိုင်းမားရောဂါဖြစ်ပွားမှုကို ဗိုင်းရပ်စ်ကာကွယ်ဆေးများဖြင့် တားဆီးနိုင်ပွယ်ရှိ

နယူးယောက် ဖေဖော်ဝါရီ ၁၃

အယ်ဒိုင်းမားရောဂါ ဖြစ်ပွားမှုသည် ဗိုင်းရပ်စ်များနှင့်ဆက်စပ်နေနိုင်သည်ဖြစ်ရာ ၎င်းရောဂါကိုမဖြစ်ပွားမီ ဗိုင်းရပ်စ်ကာကွယ်ဆေးများဖြင့် တားဆီးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၂ ရက်က ရေးသားတင်ပြထားသည်။

အယ်ဒိုင်းမားရောဂါဖြစ်ပွားရာတွင် အရေကြည်ဖုများဖြစ်စေတတ်သော်လည်း သာမန်အားဖြင့် အသက်ဘေးအန္တရာယ် မကြီးမားသည့် ဗိုင်းရပ်စ်များပါဝင်ပတ်သက်နေဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အယ်ဒိုင်းမားရောဂါကို ကာကွယ်ဆေးများဖြင့် ကာကွယ်နိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ယခင်ပြုလုပ်ခဲ့သော သုတေသနလေ့လာချက်များအရ အခြားဗိုင်းရပ်စ်ရောဂါများအတွက် ကာကွယ်ဆေး ထိုးထားသူများတွင် အယ်ဒိုင်းမားရောဂါ ဖြစ်နိုင်ခြေ ပုံမှန်ထက် ကျဆင်းနေတတ်မှုကို သုတေသန ပညာရှင်များက ထောက်ပြထားသည်။

အယ်ဒိုင်းမားရောဂါသည် ဦးနှောက်အတွင်း ဘီတာအမီလွိုက်ခေါ် ပရိုတင်းများစုစည်းမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း ဆေးပညာလောကက ယူဆထားသည်။

သို့ရာတွင် ဗိုင်းရပ်စ်များကြောင့်လည်း ဘီတာအမီလွိုက်ပရိုတင်းများ ပေါ်ထွက်လာတတ်ရာ သီအိုရီသဘောအရ ဗိုင်းရပ်စ်ကာကွယ်ဆေးများဖြင့် အဆိုပါပရိုတင်းများ ထွက်ပေါ်မှုကို တားဆီးနိုင်ဖွယ်ရှိကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

KKO

ကယ်လိုရီစားသုံးမှုပမာဏကို လျှော့ချခြင်းဖြင့် ဇရာ၏လက္ခဏာများကို ထိန်းပေးထားနိုင်ပွယ်ရှိ

နယူးယောက် ဖေဖော်ဝါရီ ၁၃

ကယ်လိုရီစားသုံးမှု ပမာဏကို လျှော့ချခြင်းဖြင့် ဇရာ၏လက္ခဏာများကို ထိန်းပေးထားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၂ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကယ်လိုရီစားသုံးမှုကို ပုံမှန်ထက် ၂၅ ရာခိုင်နှုန်း လျှော့၍ စားသူများနှင့် ပုံမှန်ပမာဏအတိုင်း စားသူများပါဝင်သော လူပေါင်း ၂၂၀ ကို လေ့လာစောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ ကယ်လိုရီကို ပုံမှန်ထက် ၂၅ ရာခိုင်နှုန်းလျှော့၍ စားသုံးသူများသည် ပုံမှန်ပမာဏ စားသူများထက် အိုမင်းမှုနှုန်း သုံးရာခိုင်နှုန်းပိုနှေးကွေးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကယ်လိုရီကို ပုံမှန်ထက်လျှော့၍ စားသုံးခြင်းနှင့်ပတ်သက်ပြီး ယခင် ဖော်ထုတ်တွေ့ရှိထားသော ရလဒ်များကို ထောက်ခံနေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော လေ့လာချက်များတွင် ကယ်လိုရီကို ပုံမှန်ထက်လျှော့၍ စားသုံးမှုသည် အသက်ရှည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးရှိကြောင်း နိုင်ငံတကာ သုတေသန ပညာရှင်များက ဖော်ထုတ်တင်ပြခဲ့ကြပြီးဖြစ်သည်။

KKO

Phoenix Open ပြိုင်ပွဲတွင် စကော့တီရက်ဖလာ ချန်ပီယံဆုကာကွယ်နိုင်ခဲ့

ဝါရင်တန် ဖေဖော်ဝါရီ ၁၃

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပခဲ့သည့် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရက်ဖလာက လက်ရှိချန်ပီယံဆုကာကွယ်နိုင်ခဲ့ကြောင်း Yahoo Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စကော့တီရက်ဖလာသည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျှော့ရိုက်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ကနေဒါဂေါက်သီးရိုက်ကစားသမား နစ်တေလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ရပ်တည်နိုင်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

စကော့တီရက်ဖလာက "နောက်ဆုံးနေ့မှာ နောက်ဆုံးကျင်းထိ အကောင်းဆုံး လုပ်ပြနိုင်ခဲ့တဲ့ အခြေအနေနဲ့ပတ်သက်ပြီး ဂုဏ်ယူပါတယ်။ နောက်ဆုံးနေ့ဟာ တော်တော်လေးကို ခက်ခဲခဲ့ပါတယ်။ Tee ရိုက်ချက်တွေက သိပ်ပြီးအားရစရာမကောင်းခဲ့ဘူး။ အစောပိုင်းနေ့တွေလောက်တော့ စွမ်းဆောင်ရည်ပိုင်းမကောင်းခဲ့ဘူး။ ခက်ခဲတဲ့အခြေအနေကြားထဲကနေ အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့တဲ့အပေါ်မှာ ကျေနပ်မှုရှိပါတယ်။ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ဖို့နဲ့ ကမ္ဘာ့အဆင့်(၁) နေရာကိုရယူနိုင်ဖို့ ပစ်မှတ်ထားခဲ့တယ်ဆိုပေမဲ့ ပွဲစတုန်းကတော့ အဲ့လောက်ထိ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိခဲ့ပါဘူး။ တစ်ရက်ပြီး တစ်ရက် ရလဒ်ကောင်းလာတာနဲ့ အမျှ ယုံကြည်မှုက ပိုရှိလာတယ်။ နောက်ဆုံးနေ့ရဲ့ ၁၆ ကျင်းမြောက်မှာ ရိုက်နိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်းက ပိုပြီးတော့ပြီးပြည့်စုံပါတယ်။ ၁၆ ကျင်းမြောက်မှာ Par-3 ချက်ရခဲ့တယ်။ တကယ့်ကို ကျေနပ်စရာကောင်းတဲ့ ရိုက်ချက်ပါ။ ၁၆ ကျင်းမြောက်ကရလဒ်ကြောင့်ပဲ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့တယ်လို့ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုပွဲစဉ်တွင် ချန်ပီယံဆုရရှိခဲ့သည့် စကော့တီရက်ဖလာသည် လက်ရှိချန်ပီယံဆု ကာကွယ်နိုင်ခဲ့သကဲ့သို့ ကမ္ဘာ့အဆင့်(၁)နေရာကိုပါ မက်အီလ်ရှိုင်းထံမှ လွှဲပြောင်းရယူနိုင်ခဲ့ကြောင်း သိရသည်။

AZL

အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက ဗီလာရီးရဲလ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်အတွက် အမှတ်ပေးဇယားဒုတိယနေရာမှ ရီးရဲလ်မက်ဒရစ်အသင်းကို ရမှတ် ၁၁ မှတ်ထိဖြတ်တောက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း သိရသည်။
- အေစီမီလန်အသင်းက တိုက်စစ်မှူး ဂီရော့ဒ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ရန် ၎င်း၏အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ချဲလ်ဆီးအသင်းက ဘရန်ဖို့ဒ်အသင်းနှင့် သက်တမ်းတိုးရန် ငြင်းဆိုထားသည့် ဂိုးသမား ရာယာကိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

ML

အာဆင်နယ်နှင့် ဘရန်ဖို့ဒ်၊ ဘရိုက်တန်နှင့် ပဲလေ့စ်အသင်းတို့ပွဲတွင် VAR ဆုံးဖြတ်ချက်မှားယွင်းကြောင်း PGMOL ထုတ်ပြန်

လန်ဒန် ဖေဖော်ဝါရီ ၁၃

ယခု ရက်သတ္တပတ်အတွင်း ကစားခဲ့သည့် ပရီးမီးယားလီဂ်ပွဲစဉ်များဖြစ်သည့် အာဆင်နယ်အသင်းနှင့်ဘရန်ဖို့ဒ်အသင်းပွဲစဉ်၊ ပဲလေ့စ်အသင်းနှင့် ဘရိုက်တန်အသင်းတို့ ပွဲစဉ်၌ VAR ဆုံးဖြတ်ချက်မှားယွင်းမှုများရှိခဲ့သည်ဟု ပရီးမီးယားလီဂ်ဒိုင်အဖွဲ့ချုပ်(PGMOL)က ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ကြောင်း ESPN.Com သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းနှင့် ဘရန်ဖို့ဒ်အသင်းတို့ပွဲစဉ်၌ အာဆင်နယ်အသင်းက ပွဲချိန် ၆၆ မိနစ်တွင် ထရိုဆာ့ဒ်၏ သွင်းဂိုးဖြင့် ဦးဆောင်နေသော်လည်း ပွဲချိန် ၇၄ မိနစ်တွင် ဘရန်ဖို့ဒ်တိုက်စစ်မှူး တိုနေးက ချေပဂိုးသွင်းယူခဲ့ရာ အဆိုပါသွင်းဂိုးကို ဖန်တီးပေးခဲ့သည့် နော့ဂတ်ဒ် အနေဖြင့် လူကျွံအနေအထားတွင် ရှိနေသော်လည်း ကွင်းလယ်ဒိုင်က ဂိုးအဖြစ် သတ်မှတ်ပေးခဲ့သကဲ့သို့ ပဲလေ့စ်အသင်းနှင့် ဘရိုက်တန်အသင်းတို့သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင်လည်း ပွဲချိန် ၃၂ မိနစ်တွင်သွင်းယူခဲ့သည့် ဘရိုက်တန်ကစားသမား အီစတူပီနန်၏ သွင်းဂိုးကို VAR ဆုံးဖြတ်ချက်ဖြင့် လူကျွံဘော သတ်မှတ်ပေးခဲ့ပြီး မှားယွင်းစွာ ဆုံးဖြတ်ခဲ့သည်ဟု PGMOL က ပြောကြားခဲ့ကြောင်း သိရသည်။

PGMOLဥက္ကဋ္ဌ တောင်းဝက်ဒ်က "ပြီးခဲ့တဲ့ စနေ၊တနင်္ဂနွေပွဲစဉ်တွေမှာ VARရဲ့လုပ်ဆောင်ချက်မှားယွင်းတာကို အထင်အရှားတွေ့မြင်ရမှာပါ။ ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ နှစ်သင်းစလုံးရဲ့ လူကျွံအနေထားတွေကိုပြန်လည်သုံးသပ်ကြည့်ရှုချိန်မှာ မှားယွင်းတဲ့ ဆုံးဖြတ်ချက်တွေရှိနေတာကိုတွေ့ရတာပါ။ ဒုံးပြင်လွန်ခဲ့တဲ့ရက်သတ္တနှစ်ပတ်လောက်က ကစားခဲ့တဲ့ လီဗာပူးနဲ့ဘရိုက်တန်တို့ပွဲစဉ်မှာလဲ ဖာဘင်ဟိုရဲ့ ပြစ်ဒဏ်က အနီကတ်ပြသရမဲ့အစား VAR ကြည့်ပြီး အဝါကတ်သာပြသခဲ့တာ ဟာကြီးမားတဲ့မှားယွင်းမှုတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့မှာဒိုင်အဖွဲ့တွေကို အရေးပေါ်အစည်းအဝေးခေါ်ယူပြီး ညီနှိုင်းမှုတွေပြုလုပ်သွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

စပါးအသင်းက အနားယူထားသည့် ဂိုးသမား ဘန်ဖော်စတာကို ပြန်လည်ခေါ်ယူရန်ကြိုးပမ်းမှု ပရီးမီးယားလီဂ်အဖွဲ့ချုပ်ပယ်ချ

လန်ဒန် ဖေဖော်ဝါရီ ၁၃

စပါးအသင်းဂိုးသမား လိုရစ်အနေဖြင့် ဒဏ်ရာပြဿနာကြောင့် ရက်သတ္တရှစ်ပတ်ခန့်အနားယူရမည်ဖြစ်၍ ကစားသမားဘဝမှ အနားယူခဲ့သည့် ဂိုးသမား ဘန်ဖော်စတာကို အသင်းတာဝန်ရှိသူများက ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ပရီးမီးယားလီဂ်အဖွဲ့ချုပ်ကပယ်ချခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂိုးသမား လိုရစ်သည် မန်စီးတီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် နှစ်လခန့်အနားယူရမည်ဖြစ်သဖြင့် စပါးအသင်းက ကစားသမားဘဝမှ အနားယူထားသည့် ဂိုးသမား ဘန်ဖော်စတာကို ခေါ်ယူရန် ပရီးမီးယားလီဂ်အဖွဲ့ချုပ်ထံတင်ပြခဲ့ရာပယ်ချခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလီဂ်ပြိုင်ပွဲ၏စည်းမျဉ်းသတ်မှတ်ချက်တွင် ပထမအသင်းမှ အဓိက ကစားသမားများ ဒဏ်ရာရရှိပါက အပြောင်းအရွှေ့ကာလ အလွန်တွင် ကစားသမားခေါ်ယူခွင့်ရှိသော်လည်း ပရီးမီးယားလီဂ်အဖွဲ့ချုပ်က ကစားသမားဘဝမှအနားယူထားသည့် ဘန်ဖော်စတာကို စပါးအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် ကြိုးပမ်းမှုကို ခွင့်မပြုခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ဖေဖော်ဝါရီ ၁၁ ရက်က ကစားခဲ့သည့် လက်စတာအသင်းနှင့်ပွဲစဉ်တွင် ဂိုးသမားလိုရစ်၏နေရာ၌ ဖရေဆာဖော်စတာကိုသာ အသုံးပြုခဲ့ရပြီး အရန်ဂိုးသမားအဖြစ် စီနီယာအသင်းကြီးတွင် တစ်ကြိမ်မှ ပွဲထွက်ခွင့်မရသေးသည့် အော်စတင်ကိုထည့်သွင်းခဲ့ရပြီး ဂိုးသမားအခက်အခဲဖြစ်နေချိန်၌ ဘန်ဖော်စတာကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ပရီးမီးယားလီဂ်အဖွဲ့ချုပ်၏ခွင့်ပြုချက်မရခဲ့သောကြောင့် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

ML

မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်း ဒဏ်ရာပြဿနာကြောင့် အာဆင်နယ်နှင့်ပွဲစဉ်ကိုလွဲချော်မည်ဟု နည်းပြဂွါဒီယိုလာ ပြောကြား

မန်ချက်စတာ ဖေဖော်ဝါရီ ၁၃

မန်စီးတီးအသင်းက အေဗီလာအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး ဟာလန်းအနေဖြင့် ပထမပိုင်းပြီးဆုံးချိန်တွင်ဒဏ်ရာပြဿနာကြုံတွေ့ခဲ့သောကြောင့် လာမည့် အာဆင်နယ်အသင်းနှင့် ကစားရမည့်ပွဲစဉ်ကို လွဲချော်နိုင်သည်ဟု နည်းပြဂွါဒီယိုလာက ပြောကြားခဲ့ကြောင်း Fotmob.com က ယနေ့တွင်ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်၌ မန်စီးတီးအသင်းသည် ပွဲအစကတည်းက ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပထမပိုင်းတွင် သုံးဂိုးပြတ် အနိုင်ရခဲ့သော်လည်း တိုက်စစ်မှူး ဟာလန်းအနေဖြင့် ဂိုးဖန်တီးမှုတစ်ကြိမ်သာပြုလုပ်နိုင်ခဲ့ပြီး ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဒဏ်ရာပြဿနာကြောင့် လူငယ်တိုက်စစ်မှူး အယ်ဗာရက်ဇ်နှင့် လူစားလဲထွက်ခွာခဲ့ရသည်။

နည်းပြဂွါဒီယိုလာက "ဟာလန်းရဲ့ဒဏ်ရာအခြေအနေက ပြင်းထန်လားဆိုတာ သေချာမသိသေးပါဘူး။ ကျွန်တော့်အထင်တော့ အာဆင်နယ်နဲ့ပွဲစဉ်ကိုတော့ ပါဝင်နိုင်မှာမဟုတ်ပါဘူး။ အေဗီလာနဲ့ပွဲမှာလဲ အသင်းအနေနဲ့ ပထမပိုင်းကတည်းက သုံးဂိုးသွင်းနိုင်ခဲ့လို့ ဟာလန်းကို စွန့်စားမှုမလုပ်တော့ဘဲ လူစားလဲဖို့ဆုံးဖြတ်ခဲ့တာပါ။ ဒါပေမဲ့ သူရဲ့ ဒဏ်ရာအခြေအနေက ကြံ့ခိုင်မှုလိုအပ်ချက်ရှိနေလို့ အာဆင်နယ်အသင်းနဲ့ပွဲကိုတော့ အဆင့်သင့်ဖြစ်မှာမဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

ပရီးမီးယားလီဂ်ပွဲစဉ်(၂၃)အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် အာဆင်နယ်အသင်းက အိမ်ကွင်းတွင် ဘရန်ဖို့ဒ်အသင်းကို သရေရလဒ်သာ ကစားနိုင်ခဲ့ပြီး ဒုတိယနေရာမှ မန်စီးတီးအသင်းက အေဗီလာအသင်းကို ရှီဒရီ၊ဂန်ဒိုဂမ်၊ မာရက်ဇ်တို့၏ သွင်းဂိုးများနှင့်နိုင်ပွဲရရှိခဲ့ကြောင့် တစ်ပွဲလျှော့ရမှတ်သုံးမှတ်သာကွာဟခဲ့ပြီး အာဆင်နယ်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့ကြောင်း သိရသည်။

ML

မန်ယူအသင်းဂန္ဓဝင်ကစားသမားဟောင်း ကန်တိုနာ၏ ပရီးမီးယားလီဂ်သွင်းဂိုးစံချိန်ကို တိုက်စစ်မှူး ရက်ရှ်ဖို့ဒ် ကျော်ဖြတ်

မန်ချက်စတာ ဗေဖော်ဝါရီ ၁၃

မန်ယူအသင်း တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းနှင့် လိဒ်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်၌ အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် မန်ယူအသင်း ဂန္ဓဝင်ကစားသမားကြီး ကန်တိုနာ၏ သွင်းဂိုးစံချိန်ကိုကျော်ဖြတ်နိုင်ခဲ့သည်ဟု မန်ချက်စတာ ညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလီဂ်ပွဲစဉ်(၂၃)အဖြစ် ကစားခဲ့သည့် မန်ယူအသင်းက လိဒ်အသင်းကို အဝေးကွင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ရက်ရှ်ဖို့ဒ်က ပွဲချိန် မိနစ် ၈၀ ၌ အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းနှင့်အတူ ပရီးမီးယားလီဂ်သွင်းဂိုး ၇၁ ဂိုးထိရှိလာခဲ့ပြီးနောက် ကန်တိုနာ၏ ပရီးမီးယားလီဂ်ပြိုင်ပွဲ သွင်းဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း ဂန္ဓဝင်ကစားသမားတစ်ဦးဖြစ်သည့် ကန်တိုနာသည် ပရီးမီးယားလီဂ်ပြိုင်ပွဲတွင် လိဒ်အသင်း၌ ၁၉၉၂ ခုနှစ်တွင် တစ်နှစ်ကြာ ကစားခဲ့ပြီးနောက် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ကာ မန်ယူအသင်းတွင် ၁၉၉၇ ခုနှစ်ထိကစားပြီးနောက် ကစားသမားဘဝမှ အနားယူခဲ့ပြီး အသင်းနှင့်ပရီးမီးယားလီဂ်သွင်းဂိုး ၇၀ ထိ သွင်းယူနိုင်ခဲ့သော်လည်း ယခုအခါ ရက်ရှ်ဖို့ဒ်က တစ်ဂိုးအသာဖြင့်ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ယခုနှစ်ဘောလုံးရာသီအစပိုင်းက ချန်းကန်ခဲ့ရသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် အသင်းနှင့်အတူ ခြေစွမ်းပြသလျက်ရှိနေပြီး ပရီးမီးယားလီဂ်ပြိုင်ပွဲ၌ ဂိုးပွဲကစားခဲ့ရာ ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲစုံ ၁၅ ပွဲ ကစားပြီး ၁၃ ဂိုး ထိသွင်းယူခဲ့သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ဥရောပထိပ်တန်းလီဂ် ငါးခုတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

Dallas Open တင်းနစ်ပြိုင်ပွဲတွင် ဝူယီဘင် ချန်ပီယံဆု ဆွတ်ခူးရရှိ

တက္ကဆက် ဗေဖော်ဝါရီ ၁၃

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဒေါလက်စ်မြို့တွင်ကျင်းပခဲ့သည့် Dallas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် တရုတ်တင်းနစ်ကစားသမား ဝူယီဘင်နှင့် အမေရိကန် တင်းနစ်ကစားသမား ဂျွန်အစ္စနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝူယီဘင်က (၆-၇၊ ၇-၆၊ ၇-၆) ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်ဟု ATP Tour က ယနေ့တွင် ဖော်ပြခဲ့သည်။

ဝူယီဘင်သည် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ATP Tour ပြိုင်ပွဲ၏ Open တင်းနစ်ပြိုင်ပွဲ အမျိုးအစား၌ သမိုင်းတစ်လျှောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံး တရုတ်တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

Open တင်းနစ်ပြိုင်ပွဲ အမျိုးအစား စတင်ကျင်းပခဲ့သည်နောက်ပိုင်း တရုတ်တင်းနစ်ကစားသမားများသည် ဆီမီးဖိုင်နယ်အဆင့်ထိပင် တက်ရောက်ခဲ့ဖူးခြင်းမရှိဘဲ ယခုနှစ်မှသာ ဝူယီဘင်က ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် ဝူယီဘင်သည် ခက်ခက်ခဲခဲကစားခဲ့ရပြီး ပွဲငယ်သုံးပွဲစလုံးတွင် tie-break အဆင့်ထိ ကစားခဲ့ရပြီး ပွဲကစားချိန်မှာလည်း ၂ နာရီ ၅၉ မိနစ်ထိကြာမြင့်ခဲ့သည်။

ဂျွန်အစ္စနာအနေဖြင့် စပေးဘောတွင် Aces ၄၄ ကြိမ်ထိရရှိခဲ့သော်လည်း ဝူယီဘင်က အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သည့်အတွက် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း ချန်ပီယံဆုနှင့်လွဲချော်ပြီး ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

AZL

WBC ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဗာဂတ်စ်ကို အနိုင်ရခဲ့သည့် ရှာကွီဖော်စတာ WBC စူပါဖယ်သာဝိတ်တန်း ယာယီချန်ပီယံဆုရရှိ

တက္ကဆက် ဗေဖော်ဝါရီ ၁၃

WBC စူပါဖယ်သာဝိတ်တန်း ယာယီချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား ရှာကွီဖော်စတာနှင့် မက္ကဆီကိုလက်ဝှေ့သမား WBC ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဗာဂတ်စ်တို့ ဗေဖော်ဝါရီ ၁၂ ရက်က အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုမြို့တွင် ထိုးသတ်ခဲ့ရာ ရှာကွီဖော်စတာက ဒိုင်အမှတ်ဖြင့်အနိုင်ရရှိကာ WBC စူပါဖယ်သာဝိတ်တန်း ယာယီချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း WBC Boxing က ယနေ့တွင် ဖော်ပြခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့် အနက် တင်မ်ချိဟမ်က ရှာကွီဖော်စတာကို (၁၁၇-၁၁၁)မှတ်ဖြင့်လည်းကောင်း၊ အလီဂျန်ဒရိုက ရှာကွီဖော်စတာကို (၁၁၉-၁၀၉) မှတ်ဖြင့်လည်းကောင်း၊ ဆက်တာလန်းက ရှာကွီဖော်စတာကို(၁၁၆-၁၁၂)မှတ်ဖြင့်လည်းကောင်း အနိုင်ပေးခဲ့သဖြင့် ဗာဂတ်စ်သည် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၃၇ ပွဲထိုးသတ်ခဲ့ရာ ပထမဆုံးရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။

ရှာကွီဖော်စတာက "WBC စူပါဖယ်သာဝိတ်တန်း ယာယီချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ အတွက်ဂုဏ်ယူပါတယ်။ကျွန်တော် ဖြစ်ချင်တဲ့အရာတွေ တကယ်ဖြစ်လာခဲ့ပါပြီ။ ယာယီချန်ပီယံဖြစ်ခွင့်ရဖို့ ကျွန်တော်လျှောက်လှမ်းခဲ့ရတဲ့ ခရီးလမ်းက ကြမ်းတမ်းပါတယ်။ ကြီးမားတဲ့ရည်မှန်းချက်နဲ့ အလုပ်ကြိုးစားမှုကြောင့် ဒီလိုရလဒ်ကောင်းရလာခဲ့တာပါ။အခုလို အောင်မြင်မှုတွေရဖို့ အဓိကကူညီပေးခဲ့တာက နည်းပြအဖွဲ့တွေပါ။ သူတို့ရဲ့ဝန်းရံပေးမှုကြောင့် အခုလိုအောင်မြင်မှုရခဲ့တာပါ။ ဒီအောင်ပွဲမတိုင်မီ စိတ်အနှောင့်အယှက်ဖြစ်စရာတွေအများကြီး ရင်ဆိုင်ခဲ့ရတယ်။ ဒီအနှောင့်အယှက်တွေကို ကျော်ဖြတ်ပြီး စိတ်ဓာတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာမှာပါ အကောင်းဆုံးအခြေအနေကိုရောက်လာခဲ့ပါတယ်။ အခုကျွန်တော်လိုချင်တဲ့ အောင်မြင်မှုရခဲ့ပြီး စူပါဖယ်သာဝိတ်တန်းရဲ့ ထိပ်တန်း လက်ဝှေ့သမားဖြစ်လာပါပြီ"ဟု ပြောကြားခဲ့သည်။

သို့သော် ဗာဂတ်စ်သည် ဖယ်သာဝိတ်တန်းမှ စူပါဖယ်သာဝိတ်တန်းသို့ ပြောင်းလဲထိုးသတ်ပြီး ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရရှိရေး အိပ်မက်မှာလည်း ရှာကွီဖော်စတာကြောင့် ပျက်စီးခဲ့ရကြောင်း သိရသည်။

AZL

ယခုနှစ်ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲ၏ အမြန်ဆုံးသွင်းဂိုးရှင်အဖြစ် အူဒီးနီးစ်အသင်းမှ ခံစစ်ကစားသမား အူဒိုဂီ ရပ်တည်နေ

ရောမ ဗေဖော်ဝါရီ ၁၃

ယခုနှစ်ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲ၏ အမြန်ဆုံးသွင်းဂိုးရှင်အဖြစ် အူဒီးနီးစ်အသင်းမှ ခံစစ်ကစားသမား အူဒိုဂီက ရပ်တည်လျက်ရှိနေသည်ဟု Footballitalia

အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်ကကစားခဲ့သည့် အူဒီးနီးစ်အသင်းနှင့် ဆက်ဆူအိုလိုအသင်းတို့ နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည့်ပွဲစဉ်တွင် အူဒိုဂီသည် ပွဲချိန် ၂၅ စက္ကန့်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲ၏ အမြန်ဆုံးသွင်းဂိုးအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင် စပါး အသင်းမှ အူဒီးနီးစ်အသင်းသို့ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီစီးရီးအေ ပွဲစဉ်(၂၂) အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်ကကစားခဲ့သည့် အူဒီးနီးစ်အသင်းနှင့် ဆက်ဆူအိုလိုအသင်းတို့ နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်ပွဲစဉ်တွင် အူဒိုဂီသည် ပွဲချိန် ၂၅ စက္ကန့်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲ၏ အမြန်ဆုံးသွင်းဂိုးအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင် စပါး အသင်းမှ အူဒီးနီးစ်အသင်းသို့ အင်္ဂြိတ်စာချုပ်ဖြင့် လာရောက်ကစားနေသည့် အူဒိုဂီသည် ပွဲစတင်ပြီး ဘောလုံးရရှိသည်နှင့် ဆက်ဆူအိုလိုအသင်းကစားသမားများကို တစ်ဦးချင်း အကောင်းဆုံးကျော်ဖြတ်ပြီး ပွဲချိန် ၂၅ စက္ကန့်တွင် အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အမြန်ဆုံး သွင်းဂိုးရှင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

အသက် ၂၀ ရှိ အူဒိုဂီသည် ယခုနှစ်ဘောလုံးရာသီ၌ အူဒီးနီးစ်အသင်းနှင့် စီးရီးအေပြိုင်ပွဲတွင် သုံးဂိုးသွင်းယူပြီး နှစ်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်ထားကြောင်း သိရသည်။

STA

ချန်ပီယံလီဂ်ပြိုင်ပွဲ(၁၆)သင်းအဆင့် ပ-အကျော့ ပွဲကြိုသုံးသပ်ချက်များ

STA

အေစီမီလန် *Vs* **စပါး**

ကစားမည့်ရက်/အချိန် ၁၅-၂-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

စပါး ၁ – ၀ အေစီမီလန်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

အေစီမီလန်	–	**အိမ်(ရှုံး)**	**ဝေး(ရှုံး)**	**အိမ်(နိုင်)**
စပါး	–	**ဝေး(နိုင်)**	**အိမ်(နိုင်)**	**ဝေး(ရှုံး)**

အေစီမီလန်အသင်းဟာ စပါးအသင်းနဲ့တွေ့ဆုံတိုင်းတစ်ကြိမ်မှ အနိုင်မရခဲ့ပေမဲ့ အိမ်ကွင်းမှာတော့ အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိစပါးအသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိလို့ အခုအဝေးကွင်းမှာ ရှုန်းကန်လာရပါလိမ့်မယ်။ ဒါကြောင့် ခြေစွမ်းပိုင်း ကွာခြားမှုမရှိဘဲ အိမ်ရှင်အားသာချက်ရှိနေတဲ့ အေစီမီလန်အသင်းကိုပဲအားပေးရမှာပါ။

အင်တာနက်ခန့်မှန်း – အေစီမီလန် ၁ – ၀ စပါး

ပီအက်စ်ဂျီ *Vs* **ဘိုင်ယန်မြူးနစ်**

ကစားမည့်ရက်/အချိန် ၁၅-၂-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ပီအက်စ်ဂျီ ၀ – ၁ ဘိုင်ယန်မြူးနစ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ပီအက်စ်ဂျီ	–	**အိမ်(နိုင်)**	**ဝေး(ရှုံး)**	**ဝေး(ရှုံး)**
ဘိုင်ယန်မြူးနစ်	–	**ဝေး(နိုင်)**	**ဝေး(နိုင်)**	**အိမ်(နိုင်)**

အခုပွဲစဉ်မှာ အမ်ဘက်ပီနဲ့မက်ဆီပြန်လည်ပါဝင်ဖို့ရှိနေလို့ ပီအက်စ်ဂျီအသင်းတိုက်စစ်ပိုင်းက ထက်မြက်မှုရှိလာမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းကလဲ ရလဒ်တွေကောင်းပေမဲ့ ခံစစ်ပိုင်းက လိုအပ်ချက်တွေရှိနေလို့ ပီအက်စ်ဂျီအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ပီအက်စ်ဂျီအသင်းကိုပဲအားပေးရမှာပါ။

အင်တာနက်ခန့်မှန်း – ပီအက်စ်ဂျီ ၂ – ၁ ဘိုင်ယန်မြူးနစ်

ခေတ်မီမောင်းသူမဲ့စနစ်များ တည်ဆောက်လျက်ရှိသော တရုတ်နိုင်ငံ



တရုတ်နိုင်ငံသည် မကြာသေးမီအချိန်အတွင်းက မောင်းသူမဲ့ဒရုန်းတင်ယာဉ် Zhu Hai Yun ကို စမ်းသပ်မောင်းနှင်ပြသခဲ့သည်။ ၎င်းမောင်းသူမဲ့ယာဉ်သည် ရေပြင်သွားမောင်းသူမဲ့ယာဉ်(USV)၊ ရေအောက်မောင်းသူမဲ့ယာဉ် (UUV)နှင့် ဝေဟင်သွားမောင်းသူမဲ့ယာဉ် (UAV)များကို သင်္ဘော၏ ကုန်းပတ်ပေါ်၌ တင်ဆောင်နိုင်စွမ်းရှိသည်။ အဆိုပါ မောင်းသူမဲ့ယာဉ်များကို ပင်လယ်ရေကြောင်းဆိုင်ရာ နည်းပညာများ သုတေသနပြုလုပ်ရန်အတွက်ရည်ရွယ်ထားရှိသော်လည်း အငြင်းပွားတောင်တရုတ်ပင်လယ်ပြင်တွင် ထောက်လှမ်းရေးသတင်းအချက်အလက်များ စုဆောင်းသွားရန်ဖြစ်သည်။ ထို့ကြောင့် စစ်ပွဲမဟုတ်သည့်စစ်ဆင်ရေးများတွင် တရုတ်နိုင်ငံ၏မောင်းသူမဲ့ယာဉ်များ အသုံးပြုမှုအပေါ် မေးခွန်းများထွက်ပေါ်လျက်ရှိသည်။

တရုတ်နိုင်ငံသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN) ၏ ရည်တည်ချက်တောင့်တင်းခိုင်မာစေရန် ဒရုန်းများနှင့် အလိုအလျောက်မောင်းသူမဲ့ယာဉ်များကဲ့သို့သော မောင်းသူမဲ့စနစ်များတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် ပင်လယ်ရေကြောင်းဆိုင်ရာနည်းပညာများ သုတေသနပြုလုပ်ရေးအတွက် UUV များကို အသုံးပြုလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ လေ့လာတိုင်းတာရေးသင်္ဘော Xiangyanghong 06 သည် အဏ္ဏဝါဗေဒဆိုင်ရာအချက်အလက်များစုဆောင်းရန် အိန္ဒိယသမုဒ္ဒရာအတွင်း ရေအောက်မောင်းသူမဲ့ဒရုန်းများ တပ်ဖြန့်ချထားခဲ့သည်။

အင်ဒိုနီးရှားငါးဖမ်းသမားများသည် ၂၀၂၀ ပြည့်နှစ်အတွင်း တောင်ဆူလာဝေစီပြည်နယ်ရှိ စဲလာယာကျွန်းအနီး၌ တရုတ်နိုင်ငံ၏ ရေအောက်မောင်းသူမဲ့ဒရုန်းတစ်စင်းကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါနေရာသည် မကက်ဆာရေလက်ကြား၏အရှေ့ပိုင်းတွင်ရှိပြီး နိုင်ငံတကာပင်လယ်ရေလမ်းကြောင်းနှင့် နီးကပ်လျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများ၏ ရေပြင်ပိုင်နက်နယ်မြေများအတွင်း သတင်းအချက်အလက်စုဆောင်းနေသော တရုတ်မောင်းသူမဲ့ယာဉ်များကိုတွေ့ရှိခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်ပေ။ သို့သော် တရုတ်နိုင်ငံသည် မောင်းသူမဲ့ယာဉ်များနှင့် သတင်းအချက်အလက်စုဆောင်းမှုကို တစိုက်မတ်မတ်ငြင်းဆိုကာ အရှေ့တောင်အာရှရေပိုင်နက်များအတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ စူးစမ်းလေ့လာမှုများကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် မဟာဗျူဟာမြောက် အချက်အလက်များစုဆောင်းရာတွင် USV ၊ UUV မောင်းသူမဲ့ယာဉ်များအသုံးပြုမှုသည် အနာဂတ်တွင် နယ်မြေပိုင်းခြားထားမှုမရှိသော နယ်မြေ Gray Zone အတွင်း စစ်ဆင်ရေးများ ဆင်နွှဲရာ၌ မောင်းသူမဲ့ယာဉ်များ အသုံးပြုလာနိုင်မှုနှင့်စပ်လျဉ်း၍ မေးခွန်းများထွက်ပေါ်လျက်ရှိသည်။

Gray Zone စစ်ဆင်ရေးဆိုသည်မှာ ငြိမ်းချမ်းချိန်နှင့် စစ်မက်ဖြစ်ပွားချိန်ကြားကာလတွင်လူနေထိုင်ခွင့်မရှိသောနေရာများ၌ လှုပ်ရှားစစ်ကစားခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ စစ်အင်အားအသုံးမပြုဘဲ စစ်မက်ဆန်သည့် ရန်လိုသောလှုပ်ရှားမှုများကို တစိုက်မတ်မတ် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ Gray Zone စစ်ဆင်ရေးသည် လိုက်လျောညီထွေရှိမှုနှင့် စမ်းသပ်မှုများ လုပ်ဆောင်သွားရန်လိုအပ်ပြီး သဘောတရားနှင့်စွမ်းဆောင်ရည်များ ဆန်းသစ်သွားရန်လည်းလိုအပ်သည်။

တရုတ်နိုင်ငံက Gray Zone စစ်ဆင်ရေးများ ဆင်နွှဲရာတွင် လူလုပ်ကျွန်းတုများတည်ဆောက်ခြင်း၊ တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်တို့ရှိ ပိုင်ဆိုင်မှုအငြင်းပွားနေသော ကျွန်းများကို ထိန်းချုပ်နိုင်ရေး စစ်ရဲနှင့်ပင်လယ်ရေကြောင်းဆိုင်ရာ ပြည်သူ့ စစ်သင်္ဘောများ အသုံးပြုခြင်းအပြင် တရုတ်နိုင်ငံ၏ အထူးစီးပွားရေးဇုန် (EEZ) အတွင်း လှုပ်ရှားသွားလာနေသော ပြည်ပစစ်သင်္ဘောများကို ခြေရာခံခြင်းအပါအဝင် မတူညီသောပုံစံများနှင့် နည်းဗျူဟာများကိုအသုံးပြုလျက်ရှိသည်။ တရုတ်နိုင်ငံသည် သမားရိုးကျမဟုတ်သော လက်နက်ကိရိယာများနှင့် နည်းဗျူဟာများအသုံးပြုလျက် တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်တို့တွင် ၎င်း၏ရည်မှန်းချက်များ အကောင်အထည်ပေါ်ရေးအတွက် ချဉ်းကပ်မှုအသစ်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ USV ၊ UUV များကဲ့သို့သော ရေတပ်ဆိုင်ရာ နည်းပညာများသည် တရုတ်နိုင်ငံအား ပိုင်ဆိုင်မှုအငြင်းပွားနေသောကျွန်းများကို နိုင်ငံရေးအရ ထိန်းချုပ်နိုင်ရေးနှင့် တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်းအခိုင်အမာဆိုထားသည့် အရှေ့တရုတ်ပင်လယ် အငြင်းပွားနယ်မြေ (EES) အတွင်း ဝင်ရောက်လာသော ကုန်သွယ်ရေးသင်္ဘောများနှင့် ပြည်ပစစ်သင်္ဘောများကို ဖိအားပေးသွားနိုင်မည်ဖြစ်သည်။

မောင်းသူမဲ့ရေအောက်စနစ်များ တည်ဆောက်နိုင်ရေး တရုတ်နိုင်ငံ၏ရည်မှန်းချက်ကို ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက တွေ့ရှိခဲ့ရသည်။ ထိုစဉ်က Shenyang Institute of Automation (SIA) သည် Shanghai Jiao Tong University နှင့် ပူးပေါင်းကာ တရုတ်နိုင်ငံတွင် ပထမဆုံးအဝေးထိန်းမောင်းနှင်သည့် HR-01 ကို ပထမဆုံးသုတေသနပြုတည်ဆောက်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် SIA သည် ပထမဆုံးရေအောက်မောင်းသူမဲ့ယာဉ် (AUV) ဖြစ်သည့်CR-01 Explorerကို သုတေသနပြုတည်ဆောက်ခဲ့သည်။ လွန်ခဲ့သော ၂၅ နှစ်ကျော်ကာလအတွင်း SIA သည် တရုတ်နိုင်ငံတွင် ရေအောက်မောင်းသူမဲ့ယာဉ်များနှင့် ဉာဏ်ရည်တု (AI) တို့ သုတေသနပြုတည်ဆောက်ရာတွင် စွမ်းဆောင်ရည်များတိုးတက်လာခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သော တရုတ်နိုင်ငံထူထောင်မှု နှစ်(၇၀) ပြည့်အခမ်းအနားတွင် အကြီးမားဆုံးရေအောက်မောင်းသူမဲ့ယာဉ် HSU ကို ထုတ်ဖော်ပြသခဲ့ခြင်းအားဖြင့် တရုတ်နိုင်ငံအတွက် UAV အစီအစဉ်အရေးပါမှုကို ထုတ်ဖော်ပြသခဲ့သည်။

မကြာသေးမီအချိန်အတွင်းကပင် တရုတ်အဏ္ဏဝါအရင်းအမြစ်များ သုတေသနအဖွဲ့ (COMRA) သည် ပိုမိုနက်ရှိုင်းသောပင်လယ်ကြမ်းပြင်တွင် စူးစမ်းလေ့လာရေးအတွက် UUV များကို သုတေသနပြုတည်ဆောက်ခဲ့သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ပင်လယ်ကြမ်းပြင်မြေပုံရေးဆွဲရေးနှင့် စူးစမ်းလေ့လာတိုင်းတာရေးတို့အတွက် အလယ်အလတ်မှသည် အကြီးစားအရွယ် UUV များတည်ဆောက်နိုင်သည့် ကျွမ်းကျင်မှုများပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ Haidou-1 စီမံကိန်းသည် အနက်မီတာ ၁၀၉၈၀ ထိ ရေငုပ်မောင်းနှင်ခြင်းအပါအဝင် မောင်းသူမဲ့ရေငုပ်ခြင်းကို စံချိန်တင်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် မီတာ ၁၀၀၀၀ အောက် ပင်လယ်ကြမ်းပြင်တွင် သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ပြီဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ရေအောက်မောင်းသူမဲ့ယာဉ် Haiyan သည် ရေအောက်တွင် ၁၄၁ ရက်ကြာနေထိုင်ပြီး တောင်တရုတ်ပင်လယ်ပြင်တွင် ၃၆၁၉ ဒသမ ၆ ကီလိုမီတာခန့် လှုပ်ရှားသွားလာခဲ့သည်။

အဏ္ဏဝါသုတေသနလုပ်ငန်းတွင် ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသော ရေအောက်နည်းပညာများကို ရေနက်ပင်လယ်ပြင်များတွင် ထောက်လှမ်း၊ စောင့်ကြည့်၊ ကင်းထောက် (ISR) မစ်ရှင်များကဲ့သို့သော စစ်ရေးဆိုင်ရာလှုပ်ရှားမှုများတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ မောင်းသူမဲ့ရေယာဉ်များကို ISR လှုပ်ရှားမှုများအပြင် အငြင်းပွားပင်လယ်ရေကြောင်းနယ်ပယ်များတွင် ပဋိပက္ခများမြင့်တက်လာခြင်းမရှိစေဘဲ လွတ်လပ်စွာရေကြောင်းသွားလာမှု မစ်ရှင်များကဲ့သို့သော ရေတပ်ဆိုင်ရာမစ်ရှင်များ ထမ်းဆောင်နိုင်စေရန် တပ်ဖြန့်ချထားနိုင်ပေသည်။

Gray Zone စစ်ဆင်ရေးများ ဆင်နွှဲရာတွင် မောင်းသူမဲ့စနစ်များအသုံးပြုခြင်းသည် အကျိုးကျေးဇူးနှစ်ရပ် ရရှိစေမည်ဖြစ်သည်။ ပထမအချက်မှာ မောင်းသူမဲ့စနစ်များတပ်ဖြန့်ချထားလာနိုင်မှုအပေါ် တန်ပြန်စိန်ခေါ်နိုင်ခြင်းပင်ဖြစ်သည်။ ဒုတိယအချက်မှာ တရုတ်နိုင်ငံ၏ EEZ အတွင်း ရောက်ရှိလာသော ကုန်သွယ်ရေးသင်္ဘောများနှင့် စစ်ရေယာဉ်များကို ကြားဖြတ်ဟန့်တားနိုင်ရေးအတွက် မောင်းသူမဲ့ယာဉ်များကို ထိုးစစ်ဆင်နွှဲနိုင်ရေး တပ်ဖြန့်ချထားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မောင်းသူမဲ့စနစ်များသည် ပင်လယ်ရေကြောင်း ဆက်စပ်ဝန်ဆောင်မှုများတွင် တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် ကမ်းခြေနယ်မြေများ၏ဝန်ထုပ်ဝန်ပိုးကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။

Gray Zone စစ်ဆင်ရေးများတွင် တရုတ်နိုင်ငံ၏ မောင်းသူမဲ့ယာဉ်များ အသုံးပြုနိုင်မှုအလားအလာသည် အင်ဒို-ပစိဖိတ်ဒေသရှိ ဒေသတွင်းအေးချမ်းတည်ငြိမ်မှုနှင့်လုံခြုံမှုတို့အပေါ် ခြိမ်းခြောက်မှုအသစ်များဖြစ်ပေါ်စေလျက်ရှိသည်ဟုဆိုသည်။ ထို့ကြောင့် မောင်းသူမဲ့စနစ်များထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ ထိန်းကျောင်းကြပ်မတ်မှုစနစ်များ မရှိသေးသဖြင့် တောင်တရုတ်ပင်လယ်ပြင်နှင့် အရှေ့တရုတ်ပင်လယ်ပြင်တို့ရှိ ဆက်စပ်ရေပိုင်နက်များအတွင်းရှိ ရေတပ်ဖွဲ့များကြား ပဋိပက္ခများတင်းမာလာစေနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကိုးကား

- **Unmanned Systems in China's Maritime Gray Zone Operations by The Diplomat.**

မောင်သောင်းဝင်း(တမန်ဟောင်း)

ဘားအံမြို့နယ် မုဏ္ဍဒီကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ဘားအံ ဖေဖော်ဝါရီ ၁၃

ကရင်ပြည်နယ် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘားအံမြို့နယ် မုဏ္ဍဒီကျေးရွာအုပ်စု မုဏ္ဍဒီကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် Smart Village(ခေတ်မီစံပြကျေးရွာ) စီမံကိန်းဖြင့် အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဝင်းဇော်နှင့် တာဝန်ရှိသူများသည် မုဏ္ဍဒီကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ Smart Village(ခေတ်မီစံပြကျေးရွာ) စီမံကိန်းဖြင့် အိမ်တိုင်ရာရောက် ရေမီတာသုံး ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ကျေးရွာတွင်းရေဖြန့်ဝေရာ၌ သင့်တင့်လျောက်ပတ်သည့် ရေဖိုး၊ ရေခများ စနစ်တကျ ကောက်ခံပြီး အိမ်သွယ်ရေတိုင်စနစ်ကို ရေရှည်အသုံးပြုနိုင်အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဘားအံမြို့နယ် မုဏ္ဍဒီကျေးအုပ်စု မုဏ္ဍဒီကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Smart Village (ခေတ်မီစံပြကျေးရွာ) စီမံကိန်းမှ ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၃၆ ဒသမ ၅ သန်းဖြင့် အနက်ပေ ၂၀၀၊ အကျယ် လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့အမြင့်တင်ရေစင် တည်ဆောက်ခြင်းနှင့် ရေစင်အောက်တွင် အခန်းဖွဲ့ခြင်း၊ ဆိုလာပန်နယ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းအရှည် ပေ ၆၆၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်ထံမှ သိရသည်။

အထွေး

စမ်းချောင်းမြို့နယ် ရွှေစမ်းချောင်းပန်းချီပြခန်း၌ ပန်းချီဆရာရှစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ရွှေစမ်းချောင်းပန်းချီပြခန်း၌ ပန်းချီဆရာရှစ်ဦး၏ Ancient Rangoon အွန်လိုင်းပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မှ ဖေဖော်ဝါရီ ၂၄ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ပန်းချီ ကိုကိုအောင်က ပြောပြ၍ သိရသည်။

Ancient Rangoon အွန်လိုင်းပန်းချီပြပွဲတွင် စာနယ်ဇင်းလောကမှ ထင်ရှားသည့် ပန်းချီဆရာများ ဖြစ်သည့် ပန်းချီ ကျော်အောင်မော်၊ ပန်းချီ နီပိုဦး၊ ပန်းချီ ကံကောင်း၊ ပန်းချီ အောင်နိုင်လတ်၊ ပန်းချီ သိန်းရွှေကြည်၊ ပန်းချီ ဝသုန်၊ ပန်းချီ မုတ်သုန်၊ ပန်းချီ ဌေးဝင်း ဇော်တို့၏ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က ရန်ကုန်မြို့တော် မြင်ကွင်းရှုခင်းများကို ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရောင်အသွေးစုံ ရေးဆွဲထားသည့် ပန်းချီကား ၃၂ ကားကို ပြသရောင်းချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Ancient Rangoon လို့ ဆိုတဲ့အတိုင်း တစ်ခေတ်တစ်ခါက ရန်ကုန်မြင်ကွင်းတွေကို ရေးဆွဲထားတဲ့ ပန်းချီကားတွေချည်း သီးသန့်စုစည်းပြသထားတာဖြစ်ပါတယ်။ ဒါကြောင့် ပန်းချီဝါသနာရှင်တွေသာမက အဲဒီခေတ်က ရန်ကုန်မြင်ကွင်းကို မမြင်ဖူးတဲ့လူငယ်တွေ အနေနဲ့လဲ လာရောက်လေ့လာကြည့်ရှုနိုင်ဖို့ ရည်ရွယ်ပါတယ်။ အဲဒီခေတ်ကို ဖြတ်သန်းဖူးသူတွေလဲ အမှတ်တရလေးတွေ ပြန်ပေါ်လာဖို့၊ လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပန်းချီ ကိုကိုအောင်က ပြောပြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ဒေါ်လာ၅၀ ရှစ်သိန်းမှ အများဆုံး ဒေါ်လာ၅၀သိန်း ၄၀ ထိရှိကြောင်း သိရသည်။

ASH

The Exorcist ဇာတ်ကားတွင် မင်းသား ရာဖေးဆဘာဂီ သရုပ်ဆောင်ထား

နယူးယောက် ဖေဖော်ဝါရီ ၁၃

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Exorcist ထိတ်လန့်သည်းဖို ဇာတ်ကား၌ မင်းသား ရာဖေးဆဘာဂီ ပါဝင်သရုပ်ဆောင်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရာဖေးဆဘာဂီအပြင် မင်းသား လက်စလီအိုဂွန်ဂျူနီယာနှင့် မင်းသမီး အယ်လင်ဘာ့တင်းတို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

The Exorcist ဇာတ်ကားတွင် ရာဖေးဆဘာဂီသည် ခရစ်ယာန်သင်းအုပ်ဆရာတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

The Exorcist ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဂေါ်ဒန်ဂရင်းက တာဝန်ယူရိုက်ကူးလျက်ရှိကြောင်း သိရသည်။

The Exorcist ဇာတ်ကားကို ၂၀၂၂ ခုနှစ် အောက်တိုဘာလကပင် စတင်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO

မြူမှုန်ဝေးဝေး ရုပ်သံဇာတ်လမ်းတွဲကို တောင်ကြီးမြို့တွင် ရိုက်ကူးသွားမည်ဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြူမှုန်ဝေးဝေး ရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီလ တတိယပတ်တွင် တောင်ကြီးမြို့၌ ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ သရုပ်ဆောင် သားညီက ပြောပြ၍ သိရသည်။

မြူမှုန်ဝေးဝေး ရုပ်သံဇာတ်လမ်းတွဲအတွက် ဇာတ်လမ်း၊ ဇာတ်ညွှန်းကို Cloud Club က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ သရုပ်ဆောင် သားညီက ပုံဖော်ရိုက်ကူးမည်ဖြစ်ကြောင်း၊ Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သွားမည်ဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲတွင် အပိုင်း (၂၀) ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"Mee Mee Mway ရုပ်ရှင် ထုတ်လုပ်ရေးနဲ့ ကျွန်တော်နဲ့က ပထမဆုံးဆုံ့ဖြစ်တဲ့ ဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ ဇာတ်လမ်းတွဲက အပိုင်း (၂၀) ပါမယ်။ ရိုက်ကွင်းအားလုံးကိုတော့ ဖေဖော်ဝါရီလ တတိယပတ်လောက် တောင်ကြီးမြို့

ရဲ့ အချစ်ဇာတ်လမ်းလေးပါ"ဟု ဒါရိုက်တာ သရုပ်ဆောင် သားညီက ပြောပြသည်။

မြူမှုန်ဝေးဝေး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ဘုန်းမင်းနေလ၊ ရှိုင်းထက်၊ လီလီကျော်ခိုင်၊ စိုးမိုးကြည်တို့အပြင် ဇာတ်ပို့သရုပ်ဆောင် မင်းသူနှင့် အခြားအနုပညာရှင်များက အားဖြည့်ပါဝင်သရုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

42.6 Years ဟာသဒရာမာဇာတ်ကား၌ အင်ဒီဆမ်းဘာ့နှင့် ယန်းစမတ်တို့ ပါဝင်မည်

နယူးယောက် ဖေဖော်ဝါရီ ၁၃

42.6 Years ဟူ၍ အမည်ပေးထားသော ဟာသဒရာမာဇာတ်ကား၌ မင်းသား အင်ဒီဆမ်းဘာ့နှင့် မင်းသမီး ယန်းစမတ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် ဇီဝအအေးပေးစနစ် စမ်းသပ်မှုအတွင်း ၄၂ ဒသမ ၆ နှစ်ကြာ အိပ်ပျော်ခဲ့ပြီးနောက် ပြန်လည်နိုးထလာသည့် လူငယ်တစ်ဦး သက်ကြီးပိုင်းအရွယ် ရောက်နေပြီဖြစ်သည့် ချစ်သူထံ ပြန်လည်ရောက်လာပုံကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

42.6 Years ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသား အင်ဒီဆမ်းဘာ့က ဇာတ်ညွှန်းရေးဆရာ ဆက်ရိုက်နှင့် ပူးတွဲရေးသားထားကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ ခရိတ်ဂျီလက်စပီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသား အင်ဒီဆမ်းဘာ့သည် 42.6 Years ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အပြင် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူထားသည်။

လက်ရှိတွင် 42.6 Years ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို Amazon ရုပ်ရှင်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO

ဒေါ်ပိန်ပန်းပုအလုပ်ရုံများမှ ရတနာဆင်တော်သစ်ထွင်းပန်းပုကားချပ်များကို ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူနေ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒေါ်ပိန်ပန်းပုအလုပ်ရုံများမှ ရတနာဆင်တော်သစ်ထွင်းပန်းပုကားချပ်များကို ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူနေကြောင်း လှည်းကူးမြို့နယ် ဒေါ်ပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ဖေဖော်ဝါရီလ ၃တိယပတ်တွင် ကျွန်းသားဖြင့် ထုလုပ်ထားသည့် အမြင့် ၁၄ လက်မ၊ အလျား ၃၆ လက်မအရွယ်အစား ရတနာဆင်တော်သစ်ထွင်းပန်းပုကားချပ်များကို မှာယူလျက်ရှိပြီး အရေအတွက် ၃၀၀ ထိ ထုလုပ်ပေးရမည်ဖြစ်ကြောင်း သိရသည်။

"ဒီတစ်ခေါက် နေရာသုံးနေရာကနေ သစ်ထွင်းပန်းပုကားချပ်တွေ အော်ဒါရထားပါတယ်။ ၂၀၂၃ ခုနှစ် ဈေးကွက်ပြန်အစမှာလဲ အရင်နှစ်တွေလိုပဲ ဈေးကွက်ကသိပ်မပြောင်းပါဘူး။ သစ်ထွင်းပန်းပုကားချပ်တွေ ထုလုပ်ရတာများတယ်။ အခုဟာကတော့ ရတနာဆင်တော်သစ်ထွင်းပန်းပုကားချပ်တွေ ဖြစ်ပါတယ်။ အချပ်ရေ ၃၀၀ အော်ဒါရထားပါတယ်"ဟု ဦးအေးချမ်းက ပြောပြသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့ရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်မှ မှာယူထားသည့် ရတနာဆင်တော်သစ်ထွင်းပန်းပုကားချပ်မှာ တစ်ချပ်လျှင် ဒေါ်လာ ၉၀၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

ASH

Plan to export more than 2 million tons of maize worth more than US$790 million

A large pile of maize to be exported.

Nay Pyi Taw February 13

Myanmar decided to export more than 2 million tons of maize worth more than US$790 million in the 2023-24 fiscal year, according to the Myanmar Trade Promotion Organization.

Myanmar sends its maize to customer countries such as Thailand, China, Laos, India, Bangladesh, the Philippines, Singapore and Vietnam, particularly to China and Thailand.

In this regard, maize is exported to foreign market through both border trade and maritime trade routes.

In coming fiscal year, Myanmar will export 2.4 million tons of maize worth US$792 million to foreign countries.

In this regard, 600,000 tons each of maize will be exported in four quarters of 2023-24 fiscal year. As such, it is expected to fetch US$330 per ton of maize in exportation.

As maize is having local and foreign demands, local farmers grow maize in monsoon and cold seasons to yield the crops all the year round.

Maize is grown in townships of Sagaing Region, Magway Region, Shan State and Kayin State.

336

Myanmar to earn more than 1.6 billion in export of pulses and beans in 2023-24 FY

Nay Pyi Taw February 13

Plans were set to earn more than US$1.6 billion in export of pulses and beans in the 2023-24 fiscal year, according to the Myanmar Trade Promotion Organization on 8 February.

In Myanmar, yield of pulses and beans occupies 33 per cent of total agricultural produce across the nation. Pulses and beans are 20 per cent of total cultivable lands of the country.

Myanmar sells 20 kinds of pulses and beans to customer countries, earning incomes reliable for the nation.

Outflow of beans depends on maritime and border trade routes. Myanmar sells out 1.87 million tons of pulses and beans in bagging US$1,380.449 million in 2020-21 fiscal year and 1.039 million tons for US$779.489 million in the mini budget period of 2021-22 fiscal year.

In 2022-23 fiscal year, the country pocketed US$ 1,059.505 million in export of 1.372 million tons of pulses and beans from 1 April 2022 to 27 January 2023 in the 2022-23 fiscal year.

Hence, the government set a plan to secure US$ 1,645.807 million in export of 2.054 million tons of pulses and beans in 2023-24 fiscal year.

In this regard, export of 700,000 tons of black bean earned US$525 million, 600,000 tons of green gram US$516 million, 210,000 tons of pigeon pea US$157.5 million, 20,000 tons of gram US$17.4 million, 290,000 tons of butter bean US$258 million, 47,700 tons of black-eyed bean US$31.482 million, and 187,100 tons of other beans US$140.325 million.

Currently, Myanmar cultivates pulses and beans, 72 per cent of which is black bean, green gram, chickbean, kidnet bean, butter bean, rice bean, gram, soya bean and black-eyed bean. 336


Samples of various beans and pulses.

Price of black bean to skyrocket till six more months

Nay Pyi Taw February 13

The Myanmar Trade Promotion Organization under the Ministry of Commerce on 9 February stated that price of black bean will still rise in the market till coming six months.

Myanmar primarily export black bean to India depending on its demand.

Current, untimely rain destroy black bean in some states of India. So, black bean of India will flow into the market in coming October and but now it relies on Myanmar's black bean and that of southern India.

Although demand of India for black bean of Myanmar is slight high but India restricts import of Myanmar's black bean. So, price of black bean is on the upper hand. Myanmar black bean will flow into India from 10 to 15 March this year.

In Chenni market in India, black bean is traded at 6,800 to 7,000 rupees per quintal of black bean. Hence, it is expected to stay the price of black bean at the existing price till six months.

At present, China-Myanmar border gates were opened. So, prices of goods at local wholesale centres are high.

According to the information of the MTPO on 8 February, Bayintnaung brokerage in Yangon manages K1,827,900 per ton of black bean, Magway brokerage K1,714,700 per ton, Pyay brokerage K1,821,900 per ton, Hinthada brokerage K1,809,600 per ton, Paungde brokerage K1,760,600 per ton, and Taungdwingyi brokerage K1,684,100 per ton. 336

China says US balloons breached airspace at least 10 times

Beijing February 13

China's foreign ministry says the US has flown balloons into its airspace more than 10 times in the past year.

The accusation comes after the US on 4 February shot down a suspected spy balloon over its airspace, which China said was a civilian balloon.

Relations between the two countries have since deteriorated. In recent days, the US says it has also shot down a number of other unidentified objects.

Questioned on Monday, Beijing said the US had made many airspace breaches.

"It's not uncommon as well for the US to illegally enter the airspace of other countries," said foreign ministry spokesman Wang Wenbin at a regular press briefing.

"Since last year alone, US balloons have illegally flown above China more than 10 times without any approval from Chinese authorities.

"The first thing the US side should do is start with a clean slate, undergo some self-reflection, instead of smearing and accusing China," he added.

He said Beijing had responded to the incursions in a "responsible and professional" manner.

"If you want to know more about US high-altitude balloons illegally entering China's airspace, I suggest you refer to the US side," he said.

Washington has yet to respond to the allegations from Beijing.

The first balloon incident had led US Secretary of State Antony Blinken to cancel a planned trip to Beijing. The top diplomat called China's alleged high-altitude spying "unacceptable and irresponsible". BBC

Cyclone Gabrielle: Thousands left without power in New Zealand

Wellington February 13

Residents across the north of New Zealand are bracing for a rough night as Cyclone Gabrielle lashes the country with torrential rains and winds.

At least 46,000 homes have lost power in the storm, while hundreds of flights have been cancelled.

A state of emergency has been declared in nine regions - affecting nearly a third of the 5.1 million population.

The storm was expected to peak on Monday night with the deluge to continue until Tuesday.

In New Zealand's largest city, Auckland, authorities earlier evacuated people from 50 homes around a 30m-high tower that was in danger of collapse, local media reported.

Dozens of evacuation centres have also been set up in the city.

Emergency services have also reported people trapped by the rising waters - including a family stranded on a flooded highway. Authorities say they've received more than 100 calls for help since Sunday.

Cyclone Gabrielle is hitting New Zealand's north just weeks after Auckland and surrounding areas endured record rainfall and flooding which killed four people.

BBC

Plans underway to earn more than US$ 840 million in export of rice and broken rice in 2023-24 FY

Bags of rice being loaded onto a cargo ship.

Nay Pyi Taw February 13

The Myanmar Trade Promotion Organization on 8 February 2023 stated that it arranges to earn more than US$840 million in export of rice and broken rice to foreign export in 2023-24 fiscal year.

Myanmar's exportation of rice and broken rice in the agricultural produce is reliable for earning incomes for the nation.

As Myanmar sells out rice and broken rice to some 50 customer countries, earning of incomes from export of rice and broken rice reached US$700.132 million of worth rice and US$1.876 million worth of broken rice in 2020-21 fiscal year, compared to US$444.283 million worth of rice and US$1.382 million worth of broken rice in the six month period of 2021-22 fiscal year.

Up to 27 January 2023 which was two months ahead of the end of 2022-23 fiscal year, earnings of exporting in rice bagged US$653.618 million and broken rice US$1.781 million.

The Ministry of Commerce, the Myanmar Rice Federation and relevant associations and organizations seek more and more customer countries for selling rice and broken rice of Myanmar to earn more income.

During the period, Myanmar signed agreements with Bangladesh to sell rice and broeken rice. Hence, a plan is underway to earn US$ 848 million from export of rice and broken rice in coming fiscal year.

Hence, plans are set to earn US$560 million in export of 560 tons of rice and US$288 million in export of 800,000 tons of broken rice in coming fiscal year. 336

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Plan to set five new destinations for tourist including Dabein sculpture village in Hlegu Township

Yangon February 13

Arrangements are being made to set five new tourist destinations including Dabein sculpture village in Hlegu Township of Yangon Region, said CEC member Daw Thanda Lwin of Myanmar Travels Association (Yangon Region).

The Directorate of Hotels and Tourism of Yangon Region and the association of Yangon Region cooperate with AHP Tourism services in creation of new destinations for travellers. They make field trips to these sites in January.

"Hlegu is one and a half hours drive from Yangon. The town has plentiful heritages. So, we eye it to create tourist destinations. It includes Hlegu market, oyster ornament shop not far from the market, then, the rattan works making village, ancient Hlegu city museum at Maha Wizitarama monastery in Paikkyiwe Village and Dabein village dubbed as sculpture village," she said.

The sculpture of a lion being made.

Almost all the villagers of Dabein Village are engaged in making sculpture. The new destination is based on Dabein Village and an ancient lake in Gangawkyun ancient area. These destinations will be alive this open season.

ASH

100 tons of avocado exported to Malaysia this year

Nay Pyi Taw February 13

Myanmar sent 100 tons of Myanmar avocado to Malaysia this high season, said general secretary U Kyaw Soe Min of Myanmar Avocado Grower and Exporter Association.

Despite setting the plan to export 50 tons of avocado to Malaysia this season, Myanmar actually exported 100 tons to Malaysia at the end of January 2023.

"We started export of avocado to Malaysia and Thailand in early November last year. Currently, we suspend export of avocado to Thailand but continue to Malaysia. We fetch US$3.7 per kilo of avocado in Malaysia. This year, we have sent 100 tons of avocado to Malaysia. Our association and Shan Avocado Company cooperate in exporting the fruits to Malaysia," said U Kyaw Soe Min.

At present, Myanmar sent sample of Myanmar avocado to France, the Netherlands and UAE. Although UAE wishes to purchase Myanmar avocado, Myanmar exporters need to seek the quality certificates, so exportation was suspended.

Myanmar species Haas yields 300-500 tons per year, and it is harvested from October to January.

Avocado is planted in Taunggyi, Hopong, Nyaungshwe, Hsihseng, Kalaw, Pindaya, Ywangan, Yaksawk, Pinlaung, Pekhon and Loikem, Lashio, Kutkai, Kyaukme, Hsipaw, Nawnghkio and PyinOo-Lwin townships. ASH

High quality avocados for export on display.

Nawngtaya fertilizer plant to operate production in coming July

Taunggyi February 13

The Ministry of Cooperatives and Rural Development stated that the natural fertilizer plant being built in Nawngtaya of Pa-O Self-Administered Zone is scheduled to operate its production in July 2023.

Local people are engaged in cultivation of avocado, coffee, tea, orange, potato, cabbage, chilli, tomato, cauliflower, beans, turmeric and oil crops successfully to earn incomes.

The local people face loss of fertile soil in cultivation of potatoes fed extreme fertilizer. So, they are suffering from loss of crop yields, quality and environment.

Hence, officials and members of Nawngtaya popato cultivation and general trading cooperative society decided to build a natural fertilizer plant in their region to produce 40 tons of natural fertilizer per day.

Construction of the plant started on 1 November 2022 and it is expected to start production in July 2023.

The Department of Rural Development implements emerald green project in Pa-O Self-Administered Zone for construction of 50 miles and three furlongs long rural manufacturing roads and 89 small bridges for 11,009 acres of farmlands in 40 villages, small-scale power plant household solar system, rural water supply projects from 476 water pumping works in 455 villages of the zone. 336

နိုင်ငံတကာစစ်မှုရေးရာအမြှာမြှာ

ဂျာမနီနိုင်ငံက ယူကရိန်းသို့ Gepard လေကြောင်းရန်ကာကွယ်ရေးတင့်ကားများ ထပ်မံပေးပို့မည်

ဂျာမနီဖက်ဒရယ်အစိုးရက ယူကရိန်းသို့ Gepard လေကြောင်းရန်ကာကွယ်ရေးတင့်ကားများ ထပ်မံပေးပို့မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၈ ရက်တွင် ကြေညာခဲ့သည်။

ရှရှားသည် ဒွန်းဘတ်စ်ဒေသတွင် အကြီးစားထိုးစစ်ဆင်မှု စတင်ပြုလုပ်နေပြီဖြစ်သဖြင့် လေကြောင်းရန်ကာကွယ်ရေး လက်နက်များသည် ယူကရိန်းစစ်ဘက်အတွက် အရေးတကြီးလိုအပ်နေခြင်းဖြစ်သည်။

ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနက Gepard 35mm Self-Propelled လေယာဉ်ပစ်အမြောက်စနစ် ခုနစ်စီးတစ်သုတ် ယူကရိန်းထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်က ကြေညာခဲ့သည်။ ယူကရိန်းပဋိပက္ခ စတင်ကတည်းက ဂျာမနီသည် ယူကရိန်းတွင် Gepards လက်နက်စနစ် အစီး ၃၀ ထိ ပံ့ပိုးထားပြီးဖြစ်သည်။

ထို့ကြောင့် ယခုထိ Gepards လက်နက်စနစ် ၃၇ စီးထိ ပေးအပ်ရန်ပြောကြားထားသော်လည်း ယူကရိန်းသို့ အလုံးစုံမပို့ဆောင်ရသေးပေ။ ယူကရိန်းနိုင်ငံ၏ လက်နက်တိုက်ကို ထပ်မံအင်အားဖြည့်တင်းလုပ်ဆောင်ပေးလျက်ရှိသည်။ အမှန်တကယ် လိုအပ်ချက်ဖြစ်နေသည့် စနစ်လည်းဖြစ်သည်။

ဘယ်လ်ဂျီယံနိုင်ငံ OIP Land Systems ကုမ္ပဏီတွင် ယခင် ဘယ်လ်ဂျီယံစစ်ဘက်သုံး Gepards ၃၈ စီး ဂိုဒေါင်ထဲတွင် ရောင်းချပေးရန်ရှိနေပြီး တိုက်ပွဲဝင်အသင့်အဆင့်ပြန်လည်ရရှိရန် ပြန်လည်ပြင်ဆင်မွမ်းမံရန်မှာ ကုန်ကျစရိတ်များလွန်းမည်ဖြစ်သဖြင့် ယူကရိန်းသို့ ပေးအပ်ရန် အဆင်မပြေတော့ပေ။

ယူကရိန်းစစ်ဘက်က ထုတ်လုပ်သော လက်နက်ငယ်များ၊ အမြောက်များနှင့် တင့်ကားကျည်များ သို့မဟုတ် ဒုံးကျည်များ အမျိုးအစားအားလုံး၏ ကျည်ဆန်များသုံးစွဲမှုကို ထည့်သွင်းစဉ်းစားပါက ပြန်လည်ပံ့ပိုးရေးပြဿနာသည် ဖြေရှင်းရန်ပိုၑ ခက်ခဲလာနေသည်။ Gepards မှ ပစ်ခတ်ရမည့် ၃၅ မီလီမီတာကျည်အမြောက်အမြား (တစ်မိနစ်လျှင် အတောင့် ၅၅၀)ကို ရှရားတို့ပစ်လွှတ်သော ဒုံးကျည်များနှင့် ဒရုန်းများ အရေအတွက်တိုးမြင့်တိုက်ခိုက်လျက်ရှိချိန်၌ ပစ်ချရန်မှာကျည်ပြဿနာအတွက် နောက်ထပ်စိုးရိမ်စရာဖြစ်လာတော့သည်။

Gepards သည် Leopard 1 MBT (Main Battle Tank) ၏ ချိန်းတစ်ပတ်ယာဉ်ကိုယ်ထည်ကို အခြေခံထားသည့် Self-Propelled လေယာဉ်ပစ်အမြောက်စနစ်ဖြစ်သည်။ ၎င်းကိုဂျာမနီစစ်ဘက်တွင် အသုံးမပြုတော့သော်လည်း ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများတွင် ဆက်လက်အသုံးပြုနေကြဆဲဖြစ်သည်။

Gepards တွင် Oerlikon Contraves 35-mm KDA အမြောက်နှစ်လက်ကို ဆုံလည်၏တစ်ဖက်စီတွင် တပ်ဆင်ထားသည်။ တစ်မိနစ်လျှင်ကျည်တောင့် ၅၅၀ ထိ ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိပြီးလေကြောင်းပစ်မှတ်များအပြင် အပေါ့စားနည်းဗျူဟာမြောက် သံချပ်ကာယာဉ်များကို ချေမှုန်းဖျက်ဆီးနိုင်သည့် FAPDS (Frangible Armor Piercing Discarding Sabot) ကျည်အသစ်ဖြင့် အကွာအဝေး မီတာ ၃၅၀၀ မှ မီတာ ၄၅၀၀ ထိ လွှမ်းခြုံကာ ကွယ်နိုင်မည်ဖြစ်သည်။

Gepard သည် ၁၉၈၀ ပြည့်နှစ်များ ကတည်းက ခေတ်စားခဲ့သည့်စနစ်ဖြစ်သော်လည်း ၎င်းသည် ယူကရိန်းပဋိပက္ခတွင် အဓိကခြိမ်းခြောက်မှုတစ်ခုဖြစ်သည့် ဒရုန်းများအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို ထိရောက်စွာကာကွယ်နိုင်ဆဲဖြစ်သည်။

Gepard လက်နက်စနစ်သည် ၎င်း၏ ရှာဖွေထောက်လှမ်းရေးနှင့် ခြေရာခံထိန်းကျောင်းရေးရေဒါများကြောင့် အလိုအလျောက် တိုက်ပွဲဝင်လုပ်ဆောင်သည့် နည်းလမ်းတွင် ပစ်မှတ်များကို ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းချုပ်နိုင်စွမ်းရှိသည်။ လက်နက်စနစ်ယာဉ်ရှိ Turret ဆုံလည်ခေါင်မိုး၏ အနောက်ဘက်တွင် Pulse Doppler Search Radar ပစ်မှတ်ရှာဖွေထောက်လှမ်းရေးရေဒါနှင့် ရှေ့ဘက်တွင် ခြေရာခံထိန်းကျောင်းရေးရေဒါတို့ တပ်ဆင်ထားသည်။ ရေဒါများသည် တစ်ပြိုင်နက်တည်း ပစ်မှတ်ခြေရာခံခြင်း၊ Jamming လှိုင်းများကို စစ်ထုတ်ခွဲခြားခြင်း၊ မောင်းနှင်နေစဉ်ပင် ပစ်မှတ်ရှာဖွေထောက်လှမ်းခြင်းတို့ကို ၃၆၀ ဒီဂရီပတ်လည်လုပ်ဆောင်နိုင်ပြီး Monopulse Tracking Mode ဖြင့် ပစ်မှတ်များကို အကွာအဝေး ၁၅ ကီလိုမီတာထိ ခြေရာခံထိန်းကျောင်းနိုင်စွမ်းရှိသည်။

Germany announces additional delivery of Gepard anti-aircraft tanks to Ukraine. ကို ဘာသာပြန်ဆိုထားပါသည်။

အမေရိကန်က Sky Raider ဒရုန်းကို အဆင့်မြှင့်တင်ရန် Teledyne FLIR ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် Sky Raider ဒရုန်းကို အဆင့်မြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ သန်းတန်စာချုပ်ကို အော်ရီဂွန်အခြေစိုက် Teledyne FLIR ကာကွယ်ရေးကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သည်။

သဘောတူညီချက်အရ ကုမ္ပဏီသည် အလိုအလျောက် လုပ်ဆောင်နိုင်သော ဓာတု၊ ဇီဝဗေဒ၊ ဓာတ်ရောင်ခြည်နှင့် နျူကလီးယား(CBRN) ကင်းထောက်မစ်ရှင်များအတွက် ပျံသန်းမှုထိန်းချုပ်ရေးဆော့ဖ်ဝဲအသစ်ဖြင့် Sky Raider အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်လည်းဖြစ်သည်။

Teledyne သည် ဒရုန်းအတွက် ရေဒီယိုဓာတ်ရောင်ခြည်နှင့် ဓာတုအာရုံခံကိရိယာပါသော Payload ရှေ့ပြေးကနဉ်း ပုံစံများကို ထုတ်လုပ်သွားမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီဇိုင်းသည် လက်ရှိ အမေရိကန်ကြည်းတပ်သုံး ထောက်လှမ်းရေးကိရိယာများအပေါ် အခြေခံထုတ်လုပ်သွားမည်ဖြစ်သည်။

အခြေခံစာချုပ်တွင် Sky Raiders လေးစုံနှင့် တစ်ခုစီအတွက် Sensor Payload အာရုံခံကိရိယာခြောက်စုံတို့ လွှဲပြောင်းပေးအပ်ရန် ပါဝင်နေသည်။ ၎င်းတွင် လက်စွဲစာစောင်၊ လေ့ကျင့်သင်တန်းပေးရေးနှင့် ဆက်စပ်စနစ်များအတွက် ပံ့ပိုးပေးခြင်းများပါဝင်သည်။

ယခုနှစ်နှောင်းပိုင်းတွင် စနစ်များစတင်ပေးပို့နိုင်မည်ဟု မျှော်မှန်းထားသည်။ ပါဝင်မှုအစိတ်အပိုင်းအားလုံးကို အပြည့်အဝလုပ်ဆောင်နိုင်ရန်အတွက် အချိန်ကာလအားဖြင့် ၃၃ လထိ အချိန်ယူဆောင်ရွက်ရမည်လည်းဖြစ်သည်။

Teledyne ကုမ္ပဏီ၏အဆိုအရ Sky Raider ဒရုန်းကို အဆင့်မြှင့်တင်ထားသော စွမ်းဆောင်ရည်များသည် တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်များကို လျှော့ချပေးနိုင်လိမ့်မည်။ ဒရုန်းသည် သုံးစွဲသူများကို CBRN ရည်မှန်းချက်တာဝန်များကို တိုက်ရိုက်ထိန်းချုပ်စရာမလိုဘဲ တပ်ဖွဲ့များကို အဆိပ်အတောက်များရန်မှ ကြိုတင်ကာကွယ်ပေးနိုင်မည်လည်းဖြစ်သည်။

လွှဲပြောင်းပေးအပ်ပြီးပါက Sky Raiders နှင့် အာရုံခံကိရိယာများကို သယ်ယူရွှေ့ပြောင်းဖြန့်ကြက်ရန် အမေရိကန်ကြည်းတပ်၏ Stryker နျူကလီးယား၊ ဇီဝဗေဒနှင့် ဓာတုဗေဒဆိုင်ရာကင်းထောက်ယာဉ်ဖြင့် တပ်ဖြန့်ချထားသွားမည်ဖြစ်ကြောင်း သိရသည်။

အကြောင်းပြချက်ကောင်းများစွာနှင့် အတူ စစ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့၏ CBRN ကာကွယ်ရေးမဟာဗျူဟာကို လူလိုက်ပါလုပ်ဆောင်ခြင်းမှမောင်းသူမဲ့စနစ်များအဖြစ်သို့ ကူးပြောင်းနေသည်ဟု Teledyne FLIR ကာကွယ်ရေးကုမ္ပဏီမှ ဒေါက်တာ David Cullin က ပြောကြားခဲ့သည်။

"အစုလိုက်အပြုံလိုက် ပျက်စီးစေတဲ့ လက်နက်တွေရဲ့အန္တရာယ်တွေကို အကဲဖြတ်ဆန်းစစ်နိုင်ဖို့ ဒရုန်းတွေနဲ့ မြေပြင်အခြေစိုက်စနစ်တွေကို ပေါင်းစပ်အသုံးချတာဟာ တော်တော်များများပိုင်ဆိုင်ချင်ကြပြီး ရှားပါးတဲ့စွမ်းဆောင်ရည်တစ်ခုလဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဖြုတ်၊ အတပ် လွယ်ကူအဆင်ပြေမဲ့ စစ်ဆင်ရေးတွေနဲ့ အခြေအနေတွေ ကြိုတင်သတိပြုမိစေဖို့ အရေးကြီးတဲ့အလုပ်တွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပြီး အနာဂတ် ဓာတု၊ ဇီဝဗေဒ၊ ဓာတ်ရောင်ခြည်နဲ့ နျူကလီးယား(CBRN) စစ်မြေပြင်တွေမှာ ပိုမိုတိမ်းရှောင်ကာကွယ်နိုင်စွမ်းရှိစေမှာဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

Teledyne to Expand Sky Raider Drone Capabilities for Hazardous Missions ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၇၄ ဧက စိုက်ပျိုးပြီးစီး

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၃

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမျိုးစုံ ၃၇၄ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများ ဖြစ်သည့် နေကြာ ဧက ၃၁၀၊ နှမ်း ၁၅ ဧက၊ မြေပဲ ၄၉ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၃၇၄ ဧကကို နိုဝင်ဘာလ ပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက အားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံတွေနဲ့ အခြားဆောင်းသီးနှံတွေ လျာထားစိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ် ဆီထွက်သီးနှံဆောင်းနေကြာ ဧက ၃၁၀ အပါအဝင် ဆီထွက်သီးနှံတွေအားလုံး လျာထားချက်အတိုင်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ဖို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ဝယ်ယူတဲ့ လုပ်ငန်းကနေ စိုက်ပျိုးတဲ့ထိ လိုအပ်တဲ့နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံတွေနဲ့ အခြားသီးနှံတွေအားလုံး လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့များအခမဲ့ထုတ်ပေးမည်ဖြစ်ပြီး စိုက်နည်းစနစ်နှင့်အခြားနည်းပညာများကိုလည်း သင်ကြားပို့ချပေးခဲ့ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများ စနစ်တကျရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအပြင် စိုက်ပျိုးပြီးဖြစ်သည့် ဆီထွက်သီးနှံများဖြစ်ထွန်းအောင်မြင်စေရေးနှင့် ဆီထွက်သီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးစသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျော်ကျော်လင်း

မိုင်းလားမြို့နယ် ဝမ်ကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဟောက်လုပ်ပြီးစီးမှု စစ်ဆေး

မိုင်းလား ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဟောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ မိုင်းလားခရိုင် ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ ဝမ်ကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဟောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ပြီး ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဝမ်ကန်ကျေးရွာတွင် အရှည် တစ်မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် ၃တိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ကျေးရွာရှိ အကျိုးပြုလယ်ယာကေ ၇၀ ကျော်မှထွက်ရှိသည့် လယ်ယာထုတ်ကုန်များကို စျေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ရိုးသန်းညွှန့်

မြို့သစ်မြို့နယ် ကြီးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မြို့သစ် ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ကြီးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၉ နာရီ မိနစ် ၃၀ က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို စနစ်တစ်ကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာ စီမံကိန်းတတိယအကြိမ်အဖြစ် မြို့သစ်မြို့နယ် ကြီးကန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ် လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦး အတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သူသူ**

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၃-၂-၂၀၂၃

ရွှေ

၁၆ပဲရည် (တစ်ကျပ်သား)	ကျပ်	၂၆၉၀၀၀၀
၁၅ပဲရည် (တစ်ကျပ်သား)	ကျပ်	၂၆၂၀၀၀၀

(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

ဆန်

ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်)	ကျပ်	၈၂၀၀၀/၈၅၀၀၀
ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်)	ကျပ်	၇၂၀၀၀/၇၅၀၀၀
ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်)	ကျပ်	၇၀၀၀၀/၇၃၀၀၀
မဂျမ်းတော(အသစ်) (တစ်အိတ်)	ကျပ်	၅၃၀၀၀/၅၆၀၀၀
မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်)	ကျပ်	၄၂၀၀၀/၄၅၀၀၀
နွေဇီယာ(အသစ်) (တစ်အိတ်)	ကျပ်	၄၁၀၀၀/၄၅၀၀၀
မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်)	ကျပ်	၃၅၀၀၀/၃၉၀၀၀

စားဆီ

ပဲဆီ (တစ်ပိဿာ)	ကျပ်	၁၁၀၀၀/၁၂၅၀၀
နှမ်းဆီ (တစ်ပိဿာ)	ကျပ်	၁၀၀၀၀/၁၁၀၀၀
နေကြာဆီ (တစ်ပိဿာ)	ကျပ်	၁၂၀၀၀/၁၃၀၀၀
စားအုန်းဆီ (တစ်ပိဿာ)	ကျပ်	၅၆၀၀/၆၀၀၀

စက်သုံးဆီ

ဒီဇယ်(ရိုးရိုး) (တစ်လီတာ)	ကျပ်	၂၂၆၀
ဒီဇယ်(ပရီမီယံ) (တစ်လီတာ)	ကျပ်	၂၃၄၀
ဓာတ်ဆီ(တစ်လီတာ)	ကျပ်	၂၁၅၀
အောက်တိန်း(၉၂) (တစ်လီတာ)	ကျပ်	၂၂၂၀
အောက်တိန်း(၉၅) (တစ်လီတာ)	ကျပ်	၂၂၉၀

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

ဘိလပ်မြေ

အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၂၀
AAA အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၀၀
Apache အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀
Crown အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၂၀၀
ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀

သံချောင်း

တစ်မတ်လုံး (တစ်တန်)	ကျပ်	၁၇၀၀၀၀၀
ငါးမူးလုံး (တစ်တန်)	ကျပ်	၁၄၀၀၀၀၀
သုံးမူးလုံး(တစ်တန်)	ကျပ်	၁၃၁၀၀၀၀
ခြောက်မူးလုံး (တစ်တန်)	ကျပ်	၁၂၉၀၆၀၀
ကျပ်လုံး (တစ်တန်)	ကျပ်	၉၉၈၀၀၀

အိမ်မိုးသွပ်

(၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၁၀၀
(၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၂၅၀
(၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၄၀၀

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းအပါအဝင် လုပ်ငန်းသစ် ရှစ်ခုကို ခွင့်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၈) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရှစ်ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ရှစ်ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၆၃၄ သန်းနှင့် ငွေကျပ် ၉၈၀၇၈ ဒသမ ဝ၉၄ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၃၇၄ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယနေ့အစည်းအဝေးကခွင့်ပြုခဲ့သော လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း လည်း ပါဝင်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ချုပ်စာရင်းပိတ်ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ချုပ်စာရင်းပိတ်ညှိနှိုင်းဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ မြန်မာ့စီးပွားရေးဘဏ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မန်နေဂျာများနှင့် ခရိုင်ဘဏ်ခွဲမန်နေဂျာများ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် နိုင်ငံပိုင်ဘဏ်ကြီးတစ်ခုဖြစ်ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပကတိအခြေအနေများအပေါ် အခြေခံ၍ မှန်မှန်ကန်ကန်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် အလေးအနက်ထားညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး မြန်မာ့စီးပွားရေးဘဏ်က အကောင်အထည်ဖော်ရန် ချမှတ်ထားသည့် ဦးတည်ချက် (၆)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် ဘဏ်ဝန်ထမ်းများအားလုံးက လက်တွဲညီညီဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်းကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ကြံ့ကြံ့ခံရပ်တည်ရင်ဆိုင်ရင်း ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ဘဏ်ဝန်ထမ်းများ၏ ဆောင်ရွက်မှုများအား အသိအမှတ်ပြုပါကြောင်း၊ လက်ရှိအခြေအနေတွင် အချို့ဒေသများ၌ ပြည်သူများဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ဘဏ်ဝန်ထမ်းများက အခက်အခဲများကြားမှ ဆောင်ရွက်ပေးနေရသဖြင့် တာဝန်ရှိသူများအနေဖြင့် ဘဏ်ဝန်ထမ်းများနှင့်အမြဲထိတွေ့၍ ကြီးကြပ်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့်အတူ ယှဉ်တွဲဆောင်ရွက်နေရသည့်ကာလဖြစ်၍ ကျန်းမာရေးကိုအထူးဂရုစိုက်ပြီး ဆောင်ရွက်ကြစေလိုကြောင်း၊ အရာရာတွင် သတိနှင့်ယှဉ်လျက် လူလုံခြုံရေးပစ္စည်းလုံခြုံရေးနှင့် သတင်းလုံခြုံရေးတို့ကိုအမြဲဂရုစိုက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရန်ပုံငွေများထူထောင်၍ စီးပွားရေးလုပ်ငန်းရှင်များသို့ အတိုးနှုန်းသက်သာသောချေးငွေများကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) စသည့် ကဏ္ဍစုံသို့ချေးငွေများပံ့ပိုးထုတ်ချေးလျက်ရှိပြီး ချေးငွေများကိုမူလရည်မှန်းချက်များမပျောက်ပျက်စေဘဲ အကျိုးရှိရှိထိရောက်စွာဖြင့် စနစ်တကျသုံးစွဲနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ထုတ်ချေးထားသောချေးငွေများကို သတ်မှတ်ပေးထားသည့်ကာလအတွင်း ချေးငွေစည်းကမ်းချက်များနှင့်အညီ ပြန်လည်ပေးဆပ်နိုင်ရေးကိုလည်း အမြဲမပြတ်တွန်းအားပေးဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

Non-performing loan (NPL)များ ကျဆင်းရေးနှင့် Quality loan များဖြစ်လာစေရေးတို့ကိုရည်မှန်းချက်ထား၍ ယင်းလုပ်ငန်းများအောင်မြင်စေရန် ဘဏ်ဝန်ထမ်းများအားလုံးက အသိစိတ်ဓာတ်ရှိရှိဖြင့်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နည်းပညာပြောင်းလဲတိုးတက်လာမှုများနှင့်အတူ မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းကိုလည်း Cash-based Society မှ Cashless Society အဖြစ်သို့ရောက်ရှိနိုင်ရေးအတွက် တဖြည်းဖြည်းတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာအဆင့်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုစနစ်(Core Banking) အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်နှင့် ဘဏ်ဝန်ထမ်းများအားလုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း၊ ထို့ပြင် ဘဏ်လုပ်ငန်းစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဦးဆောင်ကြိုးပမ်းနေသည့် ဘဏ်ဝန်ထမ်းများအနေဖြင့်လည်း တိုးတက်ခေတ်မီသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်လေ့လာပြီး လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာရေးကို မျက်ခြည်ပြတ်မခံဘဲ လေ့လာဆည်းပူးကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ္ဍာနှစ်အလိုက် နှစ်ချုပ်စာရင်းပိတ်ညှိနှိုင်းဆွေးနွေးပွဲကို နှစ်စဉ်ပြုလုပ်လျက်ရှိရာ ယခုနှစ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကဏ္ဍအလိုက်ဆွေးနွေးမှုများအပြင် စာတမ်းဖတ်ပွဲများ၊ ကဏ္ဍအလိုက်ဆွေးနွေးညှိနှိုင်းပွဲအပါအဝင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေသထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ထုပ်ပိုးမှုစနစ်နှင့်လိုအပ်သည့် သွင်းအားစုများ နည်းပညာများ ကူညီဆောင်ရွက်ပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ သွင်းအားစု၊ နည်းပညာပံ့ပိုးမှုများအပါအဝင် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့မွန်းလွဲပိုင်းက ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာနှင့်လယ်ဝေးမြို့နယ် အင်ပင်သာကျေးရွာ၊ ရုံးတောကျေးရွာတို့မှ ဒေသနေပြည်သူများနှင့်တွေ့ဆုံစဉ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျွန်းဦးကျေးရွာနေ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ အသေးစားကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဒေသခံပြည်သူများ၊တောင်သူများ၊ ပျဉ်းမနားမြို့နယ်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတာဝန်ရှိသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းဦးကျေးရွာ ဘက်စုံသုံးခန်းမ၌ ပျဉ်းမနားမြို့နယ် MSME Agency မှ အဖွဲ့ဝင်များ၊ ပဲကြော်လုပ်ငန်းလုပ်ကိုင်ကြသည့် MSME လုပ်ငန်းရှင်များ၊ ငှက်ပျော၊ ကြံ၊ ပဲ စိုက်ပျိုးရေးတောင်သူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံရာMSME Agency အဖွဲ့ဝင်များက ပျဉ်းမနားမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များ၏ အဓိကလိုအပ်ချက်မှာ ကောင်းမွန်သော ထုပ်ပိုးမှုစနစ်နှင့် ဈေးကွက် ချိတ်ဆက်ပေးရန်တို့မှာ အဓိက လိုအပ်ချက်ဖြစ်ပါကြောင်း၊ အသေးစားကုန်ထုတ်လုပ်ရှင်များနှင့် ငှက်ပျော၊ ကြံ၊ ပဲစိုက်တောင်သူများကလည်း နည်းပညာနှင့် သွင်းအားစု လိုအပ်ချက်များ၊ ဈေးကွက်ချိတ်ဆက်မှုလိုအပ်ချက်များရှိပါကြောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များမှ အစုအဖွဲ့စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ နည်းပညာနှင့် အရင်းအနှီးလိုအပ်ချက်အစီအစဉ်များ၊ ငှက်ပျော၊ ပဲ၊ ကြံစိုက်တောင်သူများ၏ နည်းပညာနှင့် သွင်းအားစု လိုအပ်ချက်များ၊ ဈေးကွက်ချိတ်ဆက်မှုလိုအပ်ချက်များကို အမြန်ဆုံးပြန်လည်တင်ပြသွားရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အားလုံးပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် အင်ပင်သာကျေးရွာသို့ ရောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံပြည်သူများနှင့်ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ ကျေးလက်နေတစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း အခြေခံသည့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး ဒေသခံများ၏ စိုက်ပျိုးရေးရရှိရေးနှင့် နည်းပညာလိုအပ်မှု တင်ပြချက်များအပေါ် အမြန်ဆုံးတုံ့ပြန် ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ရွာတွင်းလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ရုံးတောစံပြကျေးရွာရှိ ရွှေဝါထွန်းသမဝါယမ အသင်းသားများနှင့်တွေ့ဆုံကာ အသင်းစုပိုင်မြေဧရိယာ ၂ ဒသမ ၇ ဧကပေါ်တွင် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ညောင်လေးပင်ဘူတာကြီး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံး၊ ကိုးဦး ထိခိုက်ဒဏ်ရာရရှိ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၊အကြမ်းဖက်မှုကိုလိုလားသည့် လက်နက်ကိုင်သောင်းကျန်းသူများသည် ဒေသတွင်းလမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုထိခိုက်စေရေးနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရေးတို့အတွက် အများပြည်သူများသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတား၊ ဘူတာရုံတို့ကို အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်လုပ်ဗုံးရှော့ခ်တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို အကြောင်းမဲ့ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ညောင်လေးပင်ဘူတာရုံရှိ အမှတ်(၁)စင်္ကြံပလက်ဖောင်းပေါ်၌လည်း PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းတို့က ထိခိုက်ဒဏ်ရာရရှိသူများကို အားပေး စကားပြောကြားစဉ်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ညောင်လေးပင်ဘူတာကြီး ထိခိုက်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

အဆိုပါမိုင်းပေါက်ကွဲမှုကြောင့် အချင်းဖြစ်နေရာအနီးနှင့် ဘူတာရုံအတွင်းရှိအပြစ်မဲ့ခရီးသွားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့မှာ ဖြစ်စဉ်နေရာ၌ပင်သေဆုံးခဲ့ပြီး အမျိုးသား သုံးဦးနှင့်အမျိုးသမီး ခုနစ်ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး ညောင်လေးပင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ဒဏ်ရာရရှိသူများအနက်မှ အမျိုးသမီးတစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ယနေ့နေ့လယ်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက ညောင်လေးပင်ပြည်သူ့ဆေးရုံကြီး၌ သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့ပြင် ဒဏ်ရာရရှိသူများကို ပဲခူးမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်စဉ်တွင်သေဆုံးခဲ့ရသူ သုံးဦး၏ မိသားစုဝင်များကိုလည်း ထောက်ပံ့ငွေများပေးအပ်ကာ အားပေးစကားများ ပြောကြားခဲ့သည်။

ထိုကဲ့သို့ အများပြည်သူများသွားလာအသုံးပြုလျက်ရှိသည့် ဘူတာရုံကို မိုင်းထောင်ဖောက်ခွဲခဲ့သူ PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှုများကို တွေ့မြင်သိရှိရပါက အကြမ်းဖက်မှုလုပ်ရပ်များအား ထိရောက်စွာကာကွယ်တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က မွန်ပြည်သစ်ပါတီ(NMSP)ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့်အဖွဲ့ကို ရင်းရင်းနှီးနှီးလက်ခံတွေ့ဆုံသည်။တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အစီအစဉ်၊အကြောင်းအရာများကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နှစ်ဖက်ညှိနှိုင်းရရှိသည့်အစီအစဉ်များအတိုင်း ဆွေးနွေးပွဲကိုဆက်လက် ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ဗညားလယ်၊ နိုင်အောင်မငေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကိုတည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ အခြေခံကျသောပုဒ်မများကို ပြင်ဆင်နိုင်ရေးကိစ္စရပ်များနှင့်နှစ်ဖက်ဆွေးနွေးလိုသည့် အဆိုပြုချက်များအား ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊လိုလားချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကိုရပ်နားခဲ့သည်။ ဒုတိယနေ့ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

မွန်ပြည်သစ်ပါတီ(NMSP)အနေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) နှင့်အတူ NCA စာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ယနေ့တွင်လည်း NMSP အဖွဲ့က နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်နိုင်ရေးကိစ္စများကို လာရောက်တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ထူးခြားလေးနက်သည့် နေ့ရက်၌ ရင်းနှီးပွင့်လင်းသည့်တွေ့ဆုံမှုတစ်ရပ်ဖြစ်ကြောင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်များ

၁၃-၂-၂၀၂၃

နမ့်စန်	၂ ဒီဂရီစင်တီဂရိတ်
မိုင်းယန်း	၂ ဒီဂရီစင်တီဂရိတ်
ကျောက်မဲ	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၄ ဒီဂရီစင်တီဂရိတ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၂ နာရီ ၄၃ မိနစ်တွင် အောင်မြင်စွာပင့်ဆောင်ပြီးစီးခဲ့သဖြင့် တာဝန်ရှိသူများ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာပင့်ဆောင်ပြီးစီးမှုကို ကြည်ညိုဖွယ်ရာဖူးတွေ့.ရစဉ်။

ဦး **ရှေ့ဖုံးမှအဆက်**

စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ရတနာပလ္လင်တော်ထက်သို့ ဆက်လက်ပင့်ဆောင်ပူဇော်ရန်ကျန်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပင့်ဆောင်ရေး လုပ်ငန်းစဉ်များအလိုက် ပင့်ဆောင်ခဲ့ရာ ယနေ့နံနက် ၂ နာရီ ၄၃ မိနစ်တွင် ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။

အဆိုပါ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံယာအပါး ၁၂၀၀ နှင့် လူပရိသတ်များ ဝင်ဆံ့နိုင်သော သာသနာ့ဝိဟာန်တော်ကြီး၊ ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထုဆစ်ပူဇော်ထားရှိသည့် ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်များ အပြင် အခြားသောသာသနိကအဆောက်အအုံများကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။

မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းများ၊ သာသနိကအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆောက်ရေးဆိုင်ရာတာဝန်ရှိသူများက နေ့ညမပြတ်ကြိုးပမ်းတည်ဆောက်လျက်ရှိပြီး ညချမ်းချိန်ခါများတွင်လည်း အများပြည်သူကြည်ညိုသဟာယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိကြောင်း သတင်းရရှိသည်။

မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ညချမ်းချိန်ခါတွင် အများပြည်သူကြည်ညိုသဟာယ်ဖွယ်ဖြစ်အောင် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားမှုကို တွေ့.ရစဉ်။

ပညာရေးဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပညာရေးဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေး ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အဖွင့်အမှာစကား ပြောကြားရာတွင် ပညာရေး ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဇုန်အဆင့်အဖြစ် မန္တလေး (အထက်မြန်မာပြည်ဇုန်)နှင့် ရန်ကုန် (အောက်မြန်မာပြည်ဇုန်)တို့ကို ဇန်နဝါရီ ၃၁ ရက်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ အားကစားနည်းများဖြစ်သော ဘောလုံး(အမျိုးသား)၊ ဘော်လီဘော(အမျိုးသား)၊ ဘော်လီဘော(အမျိုးသမီး)နှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့ကို ဇုန်အဆင့်ကျင်းပခဲ့ပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဇုန်အဆင့်အဖြစ် ဇုန် ရှစ်ဇုန်ဖြင့် သတ်မှတ်ပြီး လူရွေးပွဲများကို ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်ထိ သတ်မှတ်ဇုန်အလိုက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍ ဗဟိုအဆင့်ပြိုင်ပွဲများကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ အားလုံး ကျရာအခန်းကဏ္ဍအလိုက် လုပ်ငန်းများကို ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့က အကြံပြုဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ငလျင်နှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

မန္တလေး ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ငလျင်နှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ငလျင်နှင့် ပတ်သက်ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ ပြည်ပပညာရှင်များက လာရောက်ကွင်းဆင်း လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း ငလျင်ဘေးဆိုင်ရာ ကြိုတင်ကာကွယ်မှုများကို စီမံဆောင်ရွက်ထားကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များ၊ မမျှော်လင့်နိုင်သော သဘာဝဘေး ငလျင်နှင့် မီးဘေး၊ ရေဘေး၊ လေဘေး ဖြစ်ပွားနိုင်မှုများအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ လျင်မြန်ထိရောက်သည့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ဆောင်ရွက်နေသူများကို စွမ်းရည်မြှင့်တင်မှုလုပ်ငန်းများ၊ ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ် ခုခံနိုင်စွမ်းရှိသည့် စွမ်းရည်ပြည့်ဝသော လူမှုအဖွဲ့အစည်းအဖြစ် ရောက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ဟန်ချက်ညီစွာဖြင့် ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးပစ္စည်းများ အဆင်သင့် အသုံးပြုနိုင်ရန်အတွက်လည်း စနစ်တကျ ထိန်းသိမ်းထားရှိရန်လိုကြောင်းနှင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်း သဘာဝဘေးအန္တရာယ် ငလျင်နှင့်ပတ်သက်၍ အသိပညာပေးခြင်းများနှင့် သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းသူနှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလှေးဝင်းတို့က တိုင်းဒေသကြီးအတွင်း ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များနှင့် ဆောင်ရွက်နေမှုများ၊ ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုများ၊ ကြိုတင်ကာကွယ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ မြို့နယ်များအလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုများ၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများနှင့် ငလျင်အန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် တက်ရောက်လာကြသူများ၏ အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပမည်

"(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို "The Fight Against Zoonotic Diseases: A one Health Approach" - "တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများကို တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့" ဆောင်ပုဒ်နှင့် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် အခြေခံသုတေသနစာတမ်း ၁၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ရှစ်စောင်၊ သုတေသနပိုစတာစာတမ်း ၃၄ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားရှိသည်။

ပြည်တွင်းမှမြန်မာသုတေသီများသာမက အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့မှ ပညာရှင်များပူးပေါင်း၍ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံကို ဖေဖော်ဝါရီ ၂၀ မှ ၂၄ ရက်အတွင်း ဆေးသုတေသနဦးစီးဌာန အမှတ်(၅) ဇီဝကလမ်း ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဖေဖော်ဝါရီ ၁၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၂၆၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း	၆၃၃၈၆၇ ဦး
သေဆုံးသူ	၁၉၄၉၀ ဦး
ဆေးရုံဆင်းခွင့်ရရှိသူ	၆၁၄၃၃၁ ဦး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့၊ ရန်ကုန်-ပဲခူးလမ်းမကြီး အမှတ်(၈၃)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ယ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)၏ အလံပုံစံ

မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကျန်းမာရေးဝန်ကြီးဌာန

(၅၁)ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၃ခုနှစ်ဖေဖော်ဝါရီလ ၂၀ရက်နေမှ ၂၄ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာနအမှတ်(၅)၊ဇီဝကလမ်း၊ရန်ကုန်မြို့

"ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"နိုင်ငံပိုင်အဆောက်အအုံများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု"** ခေါင်းစဉ်ဖြင့် ၁၅-၂-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ပြီး အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် တရားခံများကို ဖမ်းဆီးရမယ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီး ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စစ်တွေမြို့ ရေချမ်းပြင်ကျေးရွာအနီး သဘာဝရေပြင်အတွင်းသို့ ရေနန်ပုစွန်သားပေါက်အကောင် ငါးသိန်း မျိုးစိုက်ထည့်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့ကို ရေနန်ပုစွန်သားပေါက် မျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခုနှစ် ငါး၊ ပုစွန် မျိုးစိုက်ရာသီအတွက် သဘာဝရေပြင်အတွင်းသို့ ရေနန်ပုစွန်သားပေါက် မျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ရေချမ်းပြင်ကျေးရွာအနီးရှိ သဘာဝရေပြင်ကြီးတဲချောင်းကမ်းနံဘေး၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရေနန်ပုစွန်သားပေါက် မျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သဘာဝရေပြင်အတွင်းသို့ မျိုးစိုက်ထည့်မည့် ရေနန်ပုစွန်သားပေါက်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရေနန်ပုစွန် သားပေါက်အကောင် ငါးသိန်းကို ကြီ့တဲချောင်းသဘာဝရေပြင်အတွင်းသို့ မျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရေချမ်းပြင်ကျေးရွာအနီးရှိ ရေနန်ပုစွန်မွေးမြူရေးဗဟိုသရုပ်ပြစခန်းသို့သွားရောက်၍ ရေနန်ပုစွန် မွေးမြူရေးလုပ်ငန်းများ၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်များနှင့်အညီ သရုပ်ပြမွေးမြူရေးကန်အပါအဝင် မွေးမြူရေးကန်များ တိုးချဲ့ဆောင်ရွက်နေမှု၊ မွေးမြူရေးကန်များနှင့် ဆက်စပ်သည့် အခြား ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်မည့် တည်ဆောက်ရေးလုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းနှင့် တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများ ဆက်လက်ပြသ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများ၊ ရိုးရာအစားအစာပြခန်းများပြပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ငါးရက်တိုင်တိုင် နံနက် ၉ နာရီမှ ည ၁၀ နာရီထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်း ၁၅ ခန်း စုစုပေါင်း ၅၅ ခန်းကို ပြသထားပြီး တိုင်းရင်းသားရိုးရာအကများ၊ ရှမ်ရှင်အနုပညာရှင်များ၊ စတူဒီယိုတေးသံရှင်များ၊ မျိုးဆက်သစ်အဆိုရှင်များကလည်း ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြည်သူများအားလုံး အခမဲ့ လာရောက်လည်ပတ်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းနှင့် တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများ ပြသလျက်ရှိသည့် စတုဿနေ့တွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိစဉ်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်း ဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ကျောက်ပန်းတောင်းမြို့နယ် မြိုင်သာယာ ကျေးရွာရှိ ပြည်လုံးချမ်းသာဘုန်းတော်ကြီး ကျောင်း၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၉၁၁ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ဦးရေ ၂၂၀၊ ခွဲစိတ်ရောဂါ ၅၆ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၇ ဦး၊ အရိုးရောဂါ ၂၂၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၅၀၊ မျက်စိရောဂါ ၁၀၈ ဦး၊ သွားရောဂါ ဦးရေ ၉၀ နှင့် အခြားရောဂါ ၉၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ငါးဦးနှင့် မျက်စိခွဲစိတ်လူနာ ငါးဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက်လူနာ ဦးရေ ၆၀၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၆ ဦးတို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွှေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ ၃၆ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

၎င်းအပြင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို စားရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် ဆုပေးပွဲများပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် ဆုပေးပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမတို့၌ အသီးသီးပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဝင် မူကြိုကလေးများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မူကြိုကလေးငယ်များ၏ အဆို၊ အက၊ တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေမှု

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် ဆုရရှိသည့် မူကြို ကလေးငယ်များကို ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် မူကြို ကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲတွင် အဆို၊ အက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေကြစဉ်။

များနှင့် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဒိုင်အဖွဲ့ဝင်များနှင့် ဆုရရှိကြသည့် မူကြိုကလေးငယ်များကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ကြပြီး မူကြိုကလေးများကို အာဟာရကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာပေယဉ်ကျေးမှုအဖွဲ့များနှင့် သီဆိုပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာပေယဉ်ကျေးမှုအဖွဲ့များနှင့် သီဆိုပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်းကို ဖေဖော်ဝါရီ ၁၂ ရက်ညပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြို့မအားကစားကွင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအက အဖွဲ့များ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း နေထိုင်ကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ရိုးရာဓလေ့များကို သရုပ်ဖော်ကပြဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များ၊ တက္ကသိုလ်များ

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း၊ ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့ ဖျော်ဖြေရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် ကျိုင်းတုံမြို့၏ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှု သရုပ်ပြအဖွဲ့များနှင့် စုပေါင်းအကအဖွဲ့များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သီဆိုပြိုင်ပွဲတွင် ဆုရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ပသိမ်မြို့ စံပြဘက်ခုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက ပုသိမ်မြို့ စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ရောဝတီတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ဦးရေ ၉၀ နှင့် ကျော်သား၊ ကျော်သူ ၁၅၂၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချ စားသုံးသင့်ပါသည်။

တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် သုံးစီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဖိနပ်များနှင့် မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၁၀၀၀ နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးနှင့် နောက်တွဲယာဉ် နှစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၈၀၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၁၂ ရက်တွင် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်သွင်းလာသော MDF Board ကီလိုဂရမ် ၅၀၀၀၊ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုးအလုံး ၆၀၀၊ Luggage အခု ၅၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ် နှစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀၀ ကို လည်းကောင်း၊ မြဝတီမြို့မှ ညောင်လေးပင်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy Soy Milk ဖာ ၁၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ နှင့် အဆိုပါကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၆၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်အတွင်း၌ YAMAHA DT အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၉၅၅၀၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြမ်းဖက်မှုပယောဂရေးအတွက် ပြည်သူ့သို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အသက် တစ်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသမီး နှစ်ဦးနှင့် ကလေးငယ် ငါးဦးတို့သေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အသက် တစ်နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသမီး နှစ်ဦး၊ ကလေးငယ် ငါးဦးတို့သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၂ ရက်နံနက် ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့ အရှေ့ကုန်းကျေးရွာနေ ကျောက်လုံးကြီးကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးမြင့်အောင် (၆၂ နှစ် (ဘ)ဦးလှမောင်သည် ၎င်း၏နေအိမ်၌ မိသားစုနှင့်အတူ အိပ်ပျော်နေစဉ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အား ၂၅ ဦးခန့်က နေအိမ်ရှေ့သို့ ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး အိမ်အတွင်းဝင်ရောက်လာကာ သေနတ်များဖြင့် အကြောင်းမဲ့ ပိုင်းဝန်းပစ်ခတ်ခဲ့၍ ဦးမြင့်အောင်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

နံနက် ၇ နာရီတွင် အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးမြင့်အောင်က ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အသက် တစ်နှစ်အရွယ် ကလေးငယ် တစ်ဦး အပါအဝင် မိသားစုဝင်များဖြစ်ကြသည့် အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ် ငါးဦးတို့ကို ကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိခဲ့ရသည်။

ထိုသို့ ကျေးရွာအတွင်းဝင်ရောက်ကာ ဆင်ခြင်တုံတရားမဲ့စွာဖြင့် ရက်စက်စွာ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများနှင့် ကလေးငယ်များ ထိခိုက်သေဆုံးစေခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူ့လူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၁)ရပ်ကွက်နေ ရဲမြင့်အောင်သည် ၎င်းအသုံးပြုသည့် "Yemyint Aung" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်း နယူးဇီလန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်

ဝယ်လင်တန် ဖေဖော်ဝါရီ ၁၃

ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်း နောဖို့ဒ်ကျွန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁၁ ရက်တွင် နယူးဇီလန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း နယူးဇီလန်မိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု NZ Herald သတင်းဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းသည် နောဖို့ဒ်ကျွန်းတွင် ဝင်ရောက်သကဲ့သို့ အားကောင်းပြီး လေတိုက်နှုန်းလည်းပြင်းထန်ခဲ့သလို ဒီရေမြင့်တက်မှု၊ မိုးရွာသွန်းမှုနှုန်းမှာလည်း မြင့်မားနေကြောင်း၊ မိုးရွာသွန်းမှုအဆင့်ကို အနီရောင်အဆင့် သတိပေးချက်အဖြစ် သတ်မှတ်ထားသောဧရိယာများမှာ ကိုရိုမန်တယ်လ်ဧရိယာ၊ ဂစ်ဘွန်းဧရိယာ၊ တိုလာဂါဆိပ်ကမ်းမြောက်ဘက်ပိုင်းဧရိယာ၊ အော့ကလန်မြို့နှင့် ဂရိတ်ဘာရီယာကျွန်းတို့ဖြစ်ကြောင်း နယူးဇီလန်မိုးလေဝသဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်းဟာ နောဖို့ဒ်ကျွန်းကနေ နယူးဇီလန်နိုင်ငံထဲကို ဝင်ရောက်လာခဲ့ပါတယ်။ မုန်တိုင်းကြောင့် ဧရိယာတချို့မှာ မိုးရွာသွန်းမှုအဆင့်ကို အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားရပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုတွေ၊ သစ်ပင်ကြီးလဲကျမှုကြောင့် လမ်းမကြီးပိတ်ဆို့မှုတွေလဲ ဖြစ်ပေါ်နေပါတယ်"ဟု နယူးဇီလန်မိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်းကြောင့် နယူးဇီလန်နိုင်ငံ နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး မုန်တိုင်းကြောင့် ကာရီဒေသနှင့်အော့ကလန်မြို့တွင် လျှပ်စစ်မီးပြတ်တောက်မှုပြဿနာဖြင့် အဓိကရင်ဆိုင်နေရကြောင်း၊ မုန်တိုင်းကြောင့် နေရာတချို့တွင်သစ်ပင်ကြီးများလဲကျကာ လမ်းပိတ်ဆို့မှုများဖြစ်ပွားနေကြောင်း နယူးဇီလန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

ကူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံမှ ငလျင်ဒဏ်သင့်ပြည်သူများကို ဂျာမနီအစိုးရက အရေးပေါ် ဗီဇာ သုံးလခွင့်ပြုရန်စီစဉ်

ဘာလင် ဖေဖော်ဝါရီ ၁၃

ဂျာမနီအစိုးရအဖွဲ့သည် တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံမှ မြေငလျင်ဒဏ်သင့် ပြည်သူများကို ဂျာမနီနိုင်ငံအတွင်းသို့ ဝင်ရောက်လိုပါက အရေးပေါ်ဗီဇာကို သုံးလသက်တမ်းဖြင့် ခွင့်ပြုပေးသွားရန် စီစဉ်နေကြောင်း ထုတ်ပြန်ခဲ့သည်ဟု News 18 သတင်းဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြေလျင်ကြောင့် နေအိမ်များ ပျက်စီးကာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသော တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံမှ မြေငလျင်ဒဏ်သင့် ပြည်သူများကို ဂျာမနီနိုင်ငံအတွင်း အရေးပေါ်ဗီဇာဖြင့် ဝင်ရောက်ခွင့်ပြုခြင်းဖြင့် မြေလျင်ဒဏ်သင့် ပြည်သူများကို ကူညီရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံသည် မြေလျင်ဒဏ်သင့်ခဲ့သည့် တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံမှ ပြည်သူများကိုငွေကြေး ပံ့ပိုးမှုများ ပြုလုပ်ခဲ့သည့်အပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ပေးထားသလို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော မြေလျင်ဒဏ်သင့်ပြည်သူများအတွက် လေကြောင်းအကူအညီ စေလွှတ်ပေးထားသည်။

"ဂျာမနီနိုင်ငံအနေနဲ့ တူရကီနိုင်ငံနဲ့ ဆီးရီးယားနိုင်ငံက ငလျင်ဒဏ်သင့်ပြည်သူတွေ ဂျာမနီနိုင်ငံအတွင်း ဝင်ရောက်လိုတယ်ဆိုရင် အရေးပေါ်ဗီဇာ ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ အရေးပေါ်ဗီဇာကိုလဲ သုံးလသက်တမ်းနဲ့ ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဒါဟာ မြေလျင်ဒဏ်သင့်ခဲ့တဲ့ တူရကီနိုင်ငံနဲ့ ဆီးရီးယားနိုင်ငံက ပြည်သူတွေအတွက် ဂျာမနီနိုင်ငံရဲ့ အရေးပေါ်ကယ်ဆယ်မှုတစ်ခုပဲဖြစ်ပါတယ်။ အချို့ မြေလျင်ဒဏ်သင့်ပြည်သူတွေဟာ မိမိတို့ရဲ့ မိသားစုဝင်တွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးလိုတဲ့အတွက် မြေလျင်ဒဏ်သင့်ရေယာကနေ ဂျာမနီနိုင်ငံထဲကိုခေါ်ဆောင်ချင်ကြတယ်။ ဒါကြောင့် အရေးပေါ်ဗီဇာထုတ်ပေးဖို့ ဂျာအနီအစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ဂျာမနီပြည်ထဲရေးဝန်ကြီး နန်စီ ဖေဆာက ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်းဆက်

အိန္ဒိယနိုင်ငံ ဟာရစ်ရေတိမ်ဒေသသို့ ငှက်ဝင်ရောက်မှုလျော့နည်းလာခြင်းက ရေအရည်အသွေး ကျဆင်းလာခြင်းကြောင့်ဟုဆို

နယူးဒေလီ ဖေဖော်ဝါရီ ၁၃

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် တယ်ရန်တာရန်ခရိုင် အတွင်းရှိ ဟာရစ်ရေတိမ်ဒေသသို့ နှစ်စဉ်ပြောင်းရွှေ့ဝင်ရောက်လေ့ရှိသော ငှက်အရေအတွက် နှစ်စဉ်လျော့နည်းလာခြင်းမှာ ရေအရည်အသွေးကျဆင်းလာခြင်းကြောင့် ဖြစ်ကြောင်း တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်ဟု The Tribune သတင်းဌာနက ရေးသားဖော်ပြထားသည်။

ပန်ဂျပ်ပြည်နယ် သစ်တောနှင့် တောရိုင်းတိရစ္ဆာန်ဌာန၏ အဆိုအရ ဆိုက်ဘေးရီးယား၊ မွန်ဂိုလီးယား၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ ရုရှားနှင့် ကမ္ဘာ့အခြားစွတ်စိုသောဒေသများအပါအဝင် နိုင်ငံအသီးသီးမှ ငှက်မျိုးစိတ်အနည်းဆုံး ၉၀ သည် ၎င်းတို့ဇာစ်မြစ်နိုင်ငံများတွင် ရေများ အေးခဲလာခြင်းကြောင့် နှစ်စဉ်နိုဝင်ဘာလနှင့် ဖေဖော်ဝါရီလတို့တွင် ဟာရစ်ရေတိမ်ဒေသသို့ဝင်ရောက်လာလေ့ရှိကြောင်း သိရသည်။

ယခုအခါအဆိုပါငှက်များ ဝင်ရောက်မှုသည် နှစ်စဉ်လျော့နည်းလျက်ရှိပြီး ၂၀၁၉-၂၀၂၀ ရာသီချိန်တွင် ငှက်မျိုးစိတ် ၈၃ မျိုးမှ ၁၂၃၁၈ ကောင်၊ ၂၀၂၀-၂၀၂၁ ရာသီတွင် ငှက်မျိုးစိတ် ၉၀ မှ ၉၁၀၂၅ ကောင်၊ ၂၀၂၁-၂၀၂၂ ရာသီတွင် ငှက်မျိုးစိတ် ၈၈ မျိုးမှ ၇၄၈၆၉ ကောင် ဝင်ရောက်ကြောင်း ပန်ဂျပ်ပြည်နယ်သစ်တောနှင့်တောရိုင်းတိရစ္ဆာန်ဌာနမှ သိရသည်။

ဟာရစ်ရေတိမ်ဒေသသည် ပတ်ဝန်းကျင်မြို့များမှ စီးဆင်းလာသောမြစ်များမှတစ်ဆင့် သန့်စင်ထားသော စက်မှုလုပ်ငန်းသုံးစွန့်ပစ်ရေများဝင်ရောက်ရာ ဒေသဖြစ်ပြီး အဆိုပါပြဿနာကိုဖြေရှင်းနိုင်ရန် ပန်ဂျပ်ပြည်နယ် ညစ်ညမ်းမှုထိန်းချုပ်ရေး ဘုတ်အဖွဲ့ထံ တင်ပြထားကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ရာသီတွင် ငှက်ဝင်ရောက်မှု အရေအတွက်မှာ ကောင်ရေ ၁၀၀၀၀ မှ ၁၅၀၀၀ ခန့်ထိ လျော့နည်းသွားနိုင်ကြောင်း ခန့်မှန်းထားပြီး အရေအတွက်အတိအကျကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ကမ္ဘာ့ရေတိမ်ဒေသနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသော ငှက်ပွဲတော်၌ ထုတ်ဖော်ပြောကြားသွားမည်ဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ် သစ်တောနှင့် တောရိုင်းတိရစ္ဆာန်ဌာနအရာရှိ Kamaljeet Singh က ပြောကြားခဲ့ကြောင်း သိရသည်။

AZH

ပိုဇမ်ဘစ်နိုင်ငံတွင် ရေလျှံနေသောမြစ်များကြောင့် ရေကြီးရေလျှံမှုများဆက်လက်ဖြစ်ပွားနိုင်

မာပူတို ဖေဖော်ဝါရီ ၁၃

ပိုဇမ်ဘစ်နိုင်ငံတွင် ရေလျှံနေသောမြစ်များကြောင့် ရေကြီးရေလျှံမှုများဆက်လက်ဖြစ်ပွားနိုင်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအင်စတီကျူက ဖေဖော်ဝါရီ ၁၁ ရက်တွင် သတိပေးပြောကြားထားသည်ဟု Flood List သတင်းဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြထားသည်။

ပိုဇမ်ဘစ်နိုင်ငံတွင် ပြီးခဲ့သော သီတင်းပတ်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိရာ မာပူတိုပြည်နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလာဖွယ်ရှိရာ မြစ်အောက်ပိုင်းများတွင် နေထိုင်သူလူဦးရေ ၂၄၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး နေအိမ်များ ပျက်စီးခဲ့ကာ မာတိုလိုခရိုင်တွင် ယာဉ်တိုက်မှုများဖြစ်ပွားခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် ယခုလက်ရှိအချိန်ထိ မိသားစု ၂၄၀၀ ခန့် ထိခိုက်ခံစားခဲ့ရပြီး စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အင်စတီကျူမှ ထုတ်ပြန်ချက်များကို ကိုးကား၍ ပြည်တွင်းမီဒီယာများ၌ ဖော်ပြထားကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် မြစ်ရေများတိုးလာနေကြောင်း၊ မာပူတိုပြည်နယ်တွင် ၂၄ နာရီအတွင်း မိုးရွာသွန်းမှုများမှာ ဂိုဘာမြို့တွင် ၉၈ ဒသမ ၅ မီလီမီတာနှင့် ကာလီရှင်းမြစ်ကြောင်း တစ်လျှောက်ဒေသများတွင် ၁၆၅ ဒသမ ၆ မီလီမီတာထိ ရွာသွန်းခဲ့သည်ဟု ပိုဇမ်ဘစ်နိုင်ငံတောင်ပိုင်းရေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

AZH

အာဂျင်တီးနားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ကျန်းမာရေးသတိပေးချက် ထုတ်ပြန်ထား

ဗျူနိုအေရိစ် ဖေဖော်ဝါရီ ၁၃

အာဂျင်တီးနားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၁ ရက်က အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်နေသည့်ကာလအတွင်း ရေဓာတ်ခန်းခြောက်မှုများ မဖြစ်ပေါ်စေရေးအတွက် အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးသတိပေးချက်များကို ထုတ်ပြန်ခဲ့ကြောင်း Ba Times သတင်းဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိရင်ဆိုင်နေရသည့် အပူလှိုင်းဖြတ်သန်းမှုသည် ဆယ်စုနှစ်ခြောက်စုအတွင်း အဆိုးရွားဆုံးသော အပူလှိုင်းဖြတ်သန်းမှုဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှုဖြင့် ရင်ဆိုင်ခဲ့ရသောပြည်နယ်များမှာ အာဂျင်တီးနားတောင်ဘက်ပိုင်းနှင့်အလယ်ပိုင်းရှိ ပြည်နယ်ကိုးခုဖြစ်ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သောရောဂါဝေဒနာများကြောင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အခြေအနေဖြစ်သည်ဟု အာဂျင်တီးနား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၏ ရာသီဥတုသတ်မှတ်ချက်အရ ဒီဇင်ဘာလမှဖေဖော်ဝါရီလသည် နွေကာလဖြစ်ပြီး ယခုဝင်ရောက်နေသည့်အပူလှိုင်းသည် ယခုနှစ်ကာလအတွင်း ရှစ်ကြိမ်မြောက် ဖြတ်သန်းသည့် အပူလှိုင်းဖြတ်သန်းမှုဖြစ်ကြောင်း၊ ပုံမှန်အားဖြင့် အာဂျင်တီးနားနိုင်ငံတွင် နွေရာသီတစ်ရာသီလျှင် အပူလှိုင်းဖြတ်သန်းမှု အကြိမ်ရေအများဆုံးမှာ လေးကြိမ် သို့မဟုတ်ငါးကြိမ်သာဖြစ်ပြီး ယခုနှစ် နွေရာသီတွင် အပူလှိုင်းဖြတ်သန်းမှု အကြိမ်ရေအများဆုံးအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ပုံမှန်မဟုတ်သည့် ရာသီဥတုဖြင့် ရင်ဆိုင်နေရသည့်အတွက် အာဂျင်တီးနားနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုနှုန်းမှာ သိသိသာသာ မြင့်တက်လျက်ရှိကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် အပူချိန်အန္တရာယ် အဝါရောင်အဆင့်သတ်မှတ်ထားသော ဧရိယာများမှာ ကော်ရင်တက်စ်ဒေသ၊ မစ်စီယိုနက်စ်ဒေသ၊ ဆန်လူးဝစ်ဒေသ၊ လာပမ်ပါဒေသ၊ မန်ဒိုဇာဒေသနှင့် ဗျူနိုအေရိစ်ဒေသတို့ဖြစ်ကြောင်း အာဂျင်တီးနားမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

ပွဲတက်မယား

ဝိုင်ဝိုင်

(၁)

"မောင်လေးအထူးခန်းနံပါတ်(၅)ကို လိုက်ပို့ပေးပါ"

"ဗျာ ဟိ ဟို"

"ဘာမှမဖြစ်စေရဘူး။ အစ်မတို့က အသာလေးကြည့်ပြီး ပြန်ကြမှာပါ"

ရင်ငွေ့လှုံကေတီဝီဆိုင်အပေါက်ဝတွင် ညေ့ကြိုကောင်လေးက ဝေဝေတို့ကို ဆိုင်တွင်းသို့ မခေါ်ရဲသည့်ပုံစံ။ ဝေဝေ့ကို သေချာစူးစိုက်ကြည့်နေသည်က အံ့သြထိတ်လန့်နေသည့်နှယ်။ ဝေ့ရင်တွင်းတွင် ပူလောင်ခြင်းနှင့်ဝမ်းနည်းကြေကွဲခြင်းများ။ ဖြစ်တတ်သည့်သဘောများဟု ကြိုတွေးထားသော်လည်း မဖြစ်ပါစေနှင့် အကြိမ်ကြိမ်ဆုတောင်းက မပြည့်ဝသည်လား။ ရင်ဘတ်တွင်း၌ တလိမ့်လိမ့်တက်လာသော သောကအပူလှိုင်းက တကယ်ကြီးများ သူ့ကိုမြင်တွေ့ရလျှင် အဘယ်ကဲ့သို့ ရိုက်ခတ်လေမည်မသိ။

"တကယ်ပါကွာ။ မောင်က အဲဒီလို ကောင်မလေးတွေကို စိတ်ကိုမဝင်စားတာ။ မျိုးထက်တို့၊ မင်းအောင်တို့ အဲဒီကောင်တွေကိုတောင်ပြောမိသေးတယ်။ ခဏတစ်ဖြုတ်သာယာမှုနဲ့ ကိုယ့်အိမ်ထောင်ဘက်ကို စိတ်ဒဏ်ရာမပေးနဲ့လို့"

လေးလေးနက်နက်ပြောခဲ့သော မောင့်စကားများ။ သူများနှင့်မတူအောင် တည်ကြည်လွန်းသောမောင့်ကို ဝေဝေက စိတ်ချယုံကြည်စွာလက်တွဲခဲ့သည်။ အမြဲသန့်ရှင်းသပ်ရပ်စွာနေတတ်သောမောင်။

"ဝေ မောင်တို့ရင်ဆွေးလေးအတွက် မောင်တို့က စံပြမိဘတွေဖြစ်ရမယ်နော်။ ဝေက အထူးပြောစရာမလိုပါဘူး။ မောင့်မိန်းမလေးက လိမ္မာပြီးသား။ ချစ်လိုက်တာကွာ"

ဝေ့ဗိုက်လေးကို အသာလေးဖိကိုင်ပြီး ကြင်ကြင်နာနာနှင့် မောင်ပြောခဲ့သောစကားများ။ ယခုတော့ အပျော်အပါးမမက်ပါဆိုသောမောင်၊ စံပြမိဘဖြစ်ရမည်ဆိုသောမောင်၊ ဝေဝေ သိပ်ချစ်ပြီး ယုံကြည်အားကိုးရသည့် မောင်က အထူးခန်းနံပါတ်(၅)ထဲတွင် မည်သည့်မိန်းကလေးနှင့်။ တပေါက်ပေါက်ကျလာသောမျက်ရည်ပူများကို ဝေမထိန်းနိုင်။

"ဝေစိတ်ထိန်းထားလေ။ ဒီကို ငါလိုက်ပို့ချင်တာ မဟုတ်ဘူးနော်။ နင်တောင်းဆိုလွန်းလို့သာ။ အထဲမဝင်တော့ဘဲ ပြန်ကြမယ်လေ"

သက်မဲ့ရုပ်ကဲ့သို့ အသိစိတ်ဝေဝေးနေသလိုဖြစ်နေသော ဝေ့လက်ဖျားကိုဆုပ်ကိုင်ထားရင်း ညီအစ်မအရင်းလို ချစ်ခင်ရသောသူငယ်ချင်းမိုးမိုးက ပြန်ကြရန် ပြောသည်။ ဧည့်ကြိုကောင်လေးလည်း ခေါင်းကုတ်မျက်နှာပျက်လျက်။

"ဘာကိစ္စရှိလို့လဲ အစ်မတို့"

ဆိုင်၏တာဝန်ရှိသူထင်၏။ ဆိုင်ပေါက်ဝတွင် ရပ်ပြီး တွေဝေနေသောဝေဝေတို့ကို လာမေး၏။

"ဒီအစ်မတွေက အထူးခန်းနံပါတ်(၅)ကို ပို့ခိုင်းနေတာအစ်ကို။ ခဏကြည့်ပြီးပြန်မှာ ဘာမှမဖြစ်ဘူးလို့ပြောတယ်"

"အင်း ဟို"

ဆိုင်တာဝန်ခံဖြစ်သူက စိတ်ရှည်နေသလိုဖြစ်သွားသည်။

"ကဲပါဝေရယ် နင့်ယောက်ျားကားကိုလဲ ဒီမှာတွေ့ရပြီ။ နင် ဖုန်းထဲကကြားလိုက်မိတာ သေချာနေပြီပဲ။ လာပါဟာ ပြန်ကြပါစို့"

ဝေ စိတ်လျှော့လိုက်ပါပြီ။ မျက်ဝါးထင်ထင်တွေ့ရလျှင် ဝေ့နှလုံးသားက ခံနိုင်ရည်ရှိမည်မထင်။ မိုးမိုးက ကားတံခါးဖွင့်ပေးသည်ကို ဗိုက်ကလေးအသာမကာ ညင်သာစွာဝင်ထိုင်လိုက်သည်။ ကားမောင်းနေရင်း ဝေ့ကို နှစ်သိမ့်နေသော မိုးမိုး၏စကားများကို ကြားတစ်ချက်၊ မကြားတစ်ချက်သာ။ မောင်က အစည်းအဝေးရှိ၍ အိမ်ပြန်နောက်ကျမည်ဖြစ်ကြောင်း ဝေ့ဆီကို ဖုန်းဆက်ပြောစဉ်က သူ့သူငယ်ချင်းမျိုးထက်က အာပြဲကြီးနှင့်ဖုန်းပြောနေသံကို အတိုင်းသားကြားမိ၏။

"ဟယ်လို။ ဝေ မောင်အစည်းအဝေးရှိလို့ အိမ်ပြန်နောက်ကျမယ် အဲဒါလှမ်းပြောတာ"

"ဟေ့ကောင် ရင်ငွေ့လှုံ အထူးခန်း(၅) ကျော်ဇေကောပါတယ်ကွာ။ အခု လာခဲ့"

မောင့်အသံနောက်ကကြားမိသည့်စကား။ မောင်က ပြောချင်တာကိုပြောပြီး ဖုန်းချသွားသော်လည်း ဝေ့နားထဲတွင်-

"ကျော်ဇေကောပါတယ်ကွာ"ဆိုသည့်စကားကိုသာ ထပ်တလဲလဲကြားယောင်နေခဲ့မိသည်။ မောင့်ကို ဝေက ဖုန်းပြန်ခေါ်သော်လည်း စက်ပိတ်သွား၏။ ယခုချိန်တွင် အထူးခန်း(၅)၌ မောင်သည် မလုံတလုံမိန်းကလေးများနှင့် သီချင်းဆိုနေမည်လား။ ထိုထက်ပိုပြီး။ ဝေ မတွေးရဲတော့ပေ။ နှလုံးသားကို ဆုပ်ခြေမွထားသလို နာကျင်ခံစားခဲ့ရကာ အံ့ကိုတင်းတင်းကြိတ်ထားပြီး အိမ်ပြန်ရောက်ခဲ့သောဝေ။

(၂)

အိပ်ရာပေါ်ပက်လက်လေးနေပြီး မျက်ရည်ပူများက တားမရဆီးမရ။ တချက်ချက်မြည်နေသည့်နာရီ၏ စက္ကန့်တံရွှေ့လျားသံက မုန်းစရာ။ အလုပ်မှအလုပ်ဟု အလုပ်ကြိုးစားသည့်မောင်က အလုပ်အကြောင်းပြကာ ဝေ့ကို လှည့်စားနေပြီ။ ဝမ်းကြာတိုက်အတွင်းက သားလေးကလည်း လူးလွန့်နေသည်မှာ ဝေနေရခက်လှသည်။ နောက်တစ်ပတ်တွင် ခွဲစိတ်မွေးဖွားရန် ရက်ချိန်းယူထား၏။ သားလေးကိုယ်ဝန်ရသည်နှင့် မောင့်မှာ ခြေမကိုင်မိ၊ လက်မကိုင်မိ ပျာယာခတ်စွာ ဝေ့ကို ဂရုစိုက်ခဲ့သည်။ ချစ်သူသက်တမ်းနှစ်နှစ်ကျော်မှလက်ထပ်ခဲ့သောမောင့်ကို ယခုလို အပျော်အပါးမက်မည်ဟု မထင်ခဲ့ပေ။ ချစ်သူသက်တမ်းအတွင်းတွင်လည်း မောင်က ဝေ့ကို သိပ်ကြင်နာဂရုစိုက်ခဲ့သည်။ ည ၁၂ နာရီထိုးပြီ။ အိမ်ရှေ့ကားရပ်သံ၊ ခေါ်လေးမြ အိမ်တံခါးဖွင့်ပေးသံကြားရသည်။ တရှပ်ရှပ်နှင့် အိပ်ခန်းအတွင်းဝင်လာသော မောင့်ခြေသံကြားသည်နှင့် ဘေးတစောင်းလေးပြောင်းကာ ဝေ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

"ဝေ အိပ်ပျော်နေပြီလား"

ဝေ့နဖူးကို ငုံ့နမ်းပြီး တိုးတိုးလေးမောင်မေးသည်။ ရင်တွင်း၌ အော်ဂလီဆန်လာသလို ခံစားလိုက်ရသည်။ သည်နှာခေါင်းက ဟိုအခန်းက ကောင်မလေးများကို ကော နမ်းခဲ့သည်လား။ မနှစ်မြို့ခြင်းခံစားချက်က ခါးသီးလှ၏။ မောင်အဝတ်အစားလဲနေသည်။ ရေအိမ်ခဏဝင်သွားသည်။ မောင့်လှုပ်ရှားမှုကို မျက်စိမှိတ်ထားသော်လည်း ဝေ မြင်ယောင်နေသည်။ ပြီးနောက် ဝေ့ ဘေးနားအသာအယာဝင်အိပ်သည်။ ခဏအကြာတွင် စည်းချက်ညီညီနှင့်ဟောက်သံပေးကာ မောင် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ ဝေ့ရင်ဘတ်အတွင်း၌ မပေါက်ကွဲချင်သော သောကအပူလှိုင်းက နှိပ်စက်လျက်ဖြင့် ညတာရှည်လွန်းလှ၏။

"ညည်းယောက်ျားက မွန်ရည်တယ်ဆိုလဲ ကျားကတော့ ကျားပါ ငါ့သမီးရယ်။ အလှမမက်သူ၊ အပျော်မမက်သူဆိုတာ အတော်ရှားပါတယ်။ ငါ့သမီး သုံးယောက်ထဲမှာ ညည်းက ပုံအတုံးဆုံး၊ ပြင်ပြင်ဆင်ဆင်နေစမ်းပါအေ့"

မေမေ့စကားများကို ပြန်ကြားယောင်မိသည်။ နယ်မြို့လေးတွင်နေသော မေမေနှင့် မမနှစ်ဦးစလုံးက ခေတ်ဆန်ဆန်ဝတ်စားဆင်ယင်တတ်၏။ ဝေက ခေတ်ဆန်အဝတ်အစားများမကြိုက်တတ်။ ဘလောက်အင်္ကျီပွပွဝတ်၊ သနပ်ခါးရည်ကျဲသာ လိမ်းတတ်သူ။ ဝေတို့မြို့ကို မောင်တို့အဖွဲ့သူတို့ကုမ္ပဏီထုတ်ပစ္စည်းများအရောင်းမြှင့်တင်ရေးလာလုပ်ကြရင်း မောင်နှင့် ဝေ ဖူးစာဆုံခဲ့၏။ မောင့်မျက်နှာတစ်ကမ္ဘာထင်ကာ မောင့်နောက်သို့ ဝေလိုက်လာခဲ့၏။ ဘွဲ့ရပြီးသော ဝေ့ကို မောင်က ဘာအလုပ်မှမလုပ်စေချင်ပါ။ မောင်ရှာကျွေးပါ့မည် အိမ်တွင်သာအေးဆေးနေပါဟုထားသည်။

"ဟား. . . အလုပ်ကပြန်လာရင် ဝေ့ပါးကသနပ်ခါးက မောင့်ရင်ကို အေးစေတာကွာ။ ကုမ္ပဏီမှာ နေ့စဉ်မြင်နေရတဲ့ မိတ်ကပ်မျက်နှာတွေကို မောင်ကြည့်လို့ကိုမရတာ။ အင်္ကျီကျပ်ထုပ်ထုပ်နဲ့ သူတို့အစားအသက်ရှူကျပ်ပါ့ကွာ"

မောင်က သနပ်ခါးပဲကြိုက်တယ်ဆိုခဲ့သည်။ သည်ညတော့ မိတ်ကပ်မျက်နှာများနှင့် မောင်ရင်အေးကာ နှစ်ခြိုက်စွာအိပ်နိုင်ပြီထင်။ နံနက်လင်းလျှင် မောင့်ကို ညက အစည်းအဝေးကိစ္စတော့ မေးကြည့်ရမည်။

(၃)

"ဒါ ဒါ ဒီးဒီး ဒီ"

ညက ဝေ တစ်ရေးမှအိပ်မပျော်ခဲ့။ နောက်ကျိနေသောဦးခေါင်းကို လက်ဖြင့်အသာဖိထားမိပြီး ထမင်းစားပွဲတွင် မောင့်ကို ထိုင်စောင့်နေသည်။ သီချင်းသံစဉ်လေးညည်းလျက် ရွှင်ပျစွာ မောင် လာထိုင်သည်။ ဒေါ်ကြီးမြ အဆင်သင့်ပြင်ပေးထားသည့် မနက်စာနန်းကြီးသုပ်ကို ဝေ တွေဝေစွာ စိုက်ကြည့်နေမိသည်။

"ဝေ စားလေကွာ။ ခေါင်းကို လက်နဲ့ဖိလို့ပါလား။ နေမကောင်းဘူးလား။ အိမ်အလုပ်ဘာမှမလုပ်နဲ့နော်"

"ဒေါ်ကြီးမြ ဝေ့ကို ဘာမှဝင်လုပ်ခွင့်မပေးနဲ့။ ဝေ့ကို ပိုပြီးဂရုစိုက်ပေးနော်။ ကျွန်တော်က ဒီရက်တွေမှာ အစည်းအဝေးနဲ့ အိုဘာတိုင်နဲ့ အလုပ်ကမအားဘူးဗျ"

"စိတ်ချပါ ကျော်ကျော်ရယ်"

မောင့်ကို သည်းနေရန်ကောဟု ဒေါ်ကြီးမြထင်ပေလိမ့်မည်။ မောင့်မျက်နှာကို ဝေစိုက်ကြည့်နေမိ၏။

"လိမ်တာကို မောင်သိပ်မုန်းတယ်"ဟု ပြောထားဖူးသူက လိမ်တတ်သည်လား။

"မောင် အစည်းအဝေးက ညဉ့်နက်တယ်နော်။ အတော်အလုပ်ရှုပ်သလား"

"ရှုပ်တာတော့ မပြောနဲ့ဝေရေ မောင်က ဝေ့ဆီ ပြန်ချင် ဒါရိုက်တာလူကြီးတွေကရစ်ထုတ်လုပ်နဲ့။ လူကသာအလုပ်ဆွေးနွေးနေရတာ စိတ်က ဝေ့ဆီမှာပါကွာ"

"ဩော်. . . မောင် အလုပ်ထဲမှာတော့ ပျော်တယ်မဟုတ်လား"

"မပျော်လဲလုပ်ရမှာပဲလေ။ ဒီကုမ္ပဏီက လစာပိုရတာကိုး။ နောက်လဆိုရင် မောင်တို့တွေ နယ်ဆင်းရမယ်။ ပရိုမိုးရှင်းသဘောပေါ့ကွာ။ မောင်က တာဝန်ခံဆိုတော့ မလိုက်ဘူးလို့ ငြင်းမရဘူးဝေရဲ့"

"အင်း မောင် မိတ်ကပ်ကြိုက်သွားပြီလား"

"ဘာပြောတာလဲဝေ မောင်က သနပ်ခါးပဲကြိုက်တာကို သိသားနဲ့"

"လူစိတ်နဲ့ ချစ်ခြင်းတွေကကော အကြိုက်တွေ ပြောင်းတတ်လား မောင်"

"ဟာ ဝေ ဘာတွေမေးနေတာလဲ။ မောင်ကတော့ ဘာမှမပြောင်းလဲဘူး။ ကဲ. . . မောင် အလုပ်သွားတော့မယ်။ ညနေ အိမ်ပြန်နောက်ကျမယ်နော်"

ဝေကတော့ ပြောင်းလဲစပြုနေသည့် မောင့်စိတ်ကို မြင်ရ၏။ လိမ်ညာစကားကို ပေါ့ပေါ့လေးမောင်ပြောနိုင်သော်လည်း ဝေ့နှလုံးသားကတော့ သစ္စာဖောက်ခံနေရခြင်းကို လေးလေးနက်နက်ခံစားနေရပြီ။

ညနေခင်းခြံထဲတွင် ဝေ လမ်းလျှောက်နေစဉ် ဗိုက်နာလာ၏။ ဗိုက်ကလေးပွတ်ကာ မောင်ပြန်အလာကို မျှော်နေမိသည်။ မိုးချုပ်လာသလို ဗိုက်ကပိုနာလာသဖြင့် မောင့်ကို ဖုန်းခေါ်သောအခါ

စာမျက်နှာ ၂၅သို့ ➤

မိုးကောင်းမြို့နယ် ရေတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိုးကောင်း ဖေဖော်ဝါရီ ၁၃

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ရေတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းမြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချ နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ရေတွင်းကုန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူစုစုပေါင်း ၆၈ ဦးကို ငွေကျပ် ၃၂၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဖတ်ဦးကို**

မေတ္တာပန်းခင်း မွှေးကြိုင်သင်း

- လူတိုင်းအပေါ် လက်ကိုကမ်း
ကြင်နာစမ်း တို့တွေရယ်၊
ဖေးမကူ စာနာထား
လှအားပိုတယ်၊
မေတ္တာစိတ် ပန်းသဖွယ်
မွှေးပျံ့ကွယ် ရနံ့သင်း၊
ရင်ထဲမှာ မွေးမြူကြလို့
လှပလေခြင်း။

- ရိုင်းပင်းကာ ကူညီရင်း
ပြည်အတွင်း နေထိုင်ကွယ်၊
တွဲလက်တွေ ခိုင်မြဲလျက်
ရှေ့ဆက်လျှောက်မယ်၊
စမ်းရေတမျှ အေးမြတယ်
မေတ္တာရယ် အလှဆုံး၊
တို့တစ်တွေ ကျင့်သုံးကြလို့
အေးမြရှင်ပြုံး။

- နှလုံးသားဝယ် မေတ္တာထုံး
စွဲမြဲသုံး တို့ သူ ငါ၊
အတ္တကို မောင်းထုတ်ထား
ကြိုးစားနေပါ၊
သည်လောက မြေကမ္ဘာ
ရွှေမေတ္တာ ပန်းတစ်ခင်း၊
ထာဝစဉ် စိုက်ပျိုးကြလို့
(အိုကွယ်. . .)
မွှေးမြကြိုင်သင်း။ ။

ဇျမ်းရွာကျောင်းအိုသား

ဒိုက်ဦးမြို့နယ် ကလိကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းနေမှု စစ်ဆေး

ဒိုက်ဦး ဖေဖော်ဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ၄၀၀ ဓို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ ကလိကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဓို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဒိုက်ဦးမြို့နယ် ကလိကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဓို့ဓာတ်အားလိုင်းပေ ၁၅၀၀ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၅ ဒသမ ၉၉၆၅ သန်းအသုံးပြုပြီး ဒိုက်ဦးမြို့နယ် လျှပ်စစ်တာဝန်ခံအင်ဂျင်နီယာ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇန်နဝါရီ ၁၃ ရက်ကစတင်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်ကလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ကိုညို

➤ **စာမျက်နှာ ၂၄မှအဆက်**

စက်ပိတ်ထား၏။ ကိုမျိုးထက်၏ဖုန်းကိုလည်းခေါ်မရ။ မိုးမိုးကို ဖုန်းဆက်ခေါ်ရတော့သည်။ ကားလေးမောင်းကာ မိုးမိုးရောက်လာချိန်တွင်တော့ ဝေ ဝမ်းနည်းအားငယ်စွာငိုလိုက်တော့သည်။

"ဝေ မငိုနဲ့လေ။ ငါ နင့်အမေကိုလဲ ဖုန်းဆက်လိုက်ပြီ။ မနက်လာကြလိမ့်မယ်။ လာ ကားပေါ်ဖြည်းဖြည်းတက်"

ဒေါ်ကြီးမြကလည်း ဘုရားစာတတွတ်တွတ်ရွတ်ဆိုလျက် ဝေ့အတွက်လိုအပ်သော ပစ္စည်းများယူကာ ဆေးရုံသို့လိုက်ခဲ့သည်။ ဝေ ခွဲစိတ်ခန်းဝင်ရန်အတွက် မိုးမိုးသာ လက်မှတ်ထိုးပေးရသည်။ ဝေ ဗိုက်ထဲကနာနေသည်ထက် ရင်ထဲကပိုနာနေသည်။ သည်အချိန်မှာ ဝေအတမ်းတဆုံးလူကမောင်။

(၄)

ဝေ သားလေးကို ည ၉ နာရီတွင်မွေးဖွားပြီးသည်ထိ မောင် ဆေးရုံသို့ရောက်မလာခဲ့ပေ။ ည ၁၀ နာရီထိုးပြီးမှသာရောက်လာ၏။ မောင့်ဖုန်းကို မိုးမိုးက ဆေးရုံသို့လိုက်ခဲ့ရန် မက်ဆေ့ပို့ထားရ၍ လိုက်လာခြင်းပင်။

"ဝေ နေကောင်းရဲ့လား။ မောင် စာရင်းတွေစစ်နေရတာနဲ့ ဖုန်းပိတ်ထားမိတာ။ အလုပ်ပြီးတာနဲ့ ဖုန်းဖွင့်တော့မှ ဝေ့ မစ်ကောတွေကော၊ မိုးမိုးပို့ထားတဲ့ မက်ဆေ့ကောမြင်လို့ အမြန်လိုက်လာတာ"

သိပ်ချစ်ကာ ယုံကြည်အားကိုးခဲ့မိသော မောင့်နှုတ်မှ စကားကို ဘာမျှ မယုံချင်တော့ပေ။ နံနက်တွင် မေမေနှင့် မမတို့ရောက်လာကြသည်။ ငါးရက်နေတော့ ဝေ ဆေးရုံမှဆင်းခဲ့ရသည်။ မမတို့ကိုပြန်ခိုင်းပြီး မေမေက ဝေတို့သားအမိကို စောင့်ရှောက်ရန်နေခဲ့သည်။

"ကျော်ကျော်က မဆိုးဘူးပဲ။ ငါ့သမီးကို ကြင်နာသားပဲကွယ်။ အပျော်အပါးအသောက်အစားမမက်တာမို့ မေမေစိတ်ချမ်းသာပါတယ်"

မေမေရှိနေစဉ်ရက်များတွင် မောင်သိပ်အပိုးကျိုးသည်။ အလုပ်သွား၊ အလုပ်ပြန်ချိန် တိကျလွန်းသည်။ အစည်းအဝေးသံ၊ အိုဘာတိုင်သံ မကြားရ။ ဝေ့ရင်ထဲက နာကျင်မှုကို မေမေတို့ကို အသိမပေးချင်ပါ။ နှုတ်လုံသူ မိုးမိုးကလည်း အထူးပိတ်ပင်ထားရန်မလို။

"သမီးရေ မေမေလဲပြန်အုံးမယ်။ ညည်းအဖေက ကျန်းမာရေးသိပ်ကောင်းတာမဟုတ်ဘူးလေ။ ဟို အယ်ကြီးမတွေ့ကလဲ သူတို့အလုပ်တွေနဲ့ဆိုတော့။ မေမေပြန်မယ်နော်။ ဖြစ်ရဲ့လား သမီး"

"ပြန်ပါမေမေ။ မေမေလာနေပေးတာလဲ နှစ်လရှိနေပြီပဲ။ ဒေါ်ကြီးမြကလဲ အားကိုးရပါတယ်မေမေ စိတ်ချနော်"

"အေးကွယ်။ ဘာနေနေ မေမေ့ကို ဖုန်းဆက်နော်"

"ဟုတ်ကဲ့ မေမေ"

မေမေပြန်သွားပြီးနောက်တော့ မောင့်အိုဘာတိုင်များက နေ့စဉ်လိုလိုပင်။ ပိုဆိုးလာသည်က ညအိမ်ပြန်မအိပ်သည့်ရက်များပင်ရှိလာ၏။ သွေးနုသားနုနှင့် ဝေ့ နှလုံးသားကတော့ ရင့်ထော်လာ၏။

"မောင် အိမ်ပြန်အိပ်လို့မရအောင်ထိ အလုပ်များနေလား။ မောင် မရှိတဲ့ညတွေဆိုရင် ဝေ အားငယ်တယ်"

"မောင်က အလေလိုက်ပြီး အိမ်ပြန်မအိပ်တာမဟုတ်ဘူးကွ။ အလုပ်အရေးကြီးရင် လုပ်ရမှာပဲ။ မင်း အိမ်မှာ ဝိမ်နဲ့နေနိုင်အောင် ပင်ပန်းခံနေရတာ"

"မောင်ပင်ပန်းခံနေတာက မိတ်ကပ်နံ့ရရင် ကျေနပ်တယ်မဟုတ်လား"

"တော်စမ်းပါ မိတ်ကပ်မကြိုက်ဘူး"

ဝေ ခပ်မဲ့မဲ့သာပြုံးမိတော့သည်။ အလိမ်အညာစကားများကို နားထောင်နိုင်စွမ်းမရှိ။ ညည်တွင် သားလေးက ထပြီး ငိုတတ်၍ မောင်က အိပ်ရေးပျက်မခံနိုင်ဟုဆိုကာ အခန်းခွဲအိပ်သည်။ သည်လိုနှင့် ဝေ တို့၏ချစ်ခြင်းများ အေးစက်ဝေးကွာလာ၏။ တစ်ခါတစ်ရံ မောင်က ဝေ့ အနားလာလျှင် ဝေ လက်မခံနိုင်ပါ။ ဝေသည် ခွင့်မလွှတ်တတ်သူ၊ သဘောထားသေးသိမ်သူလားဟု တွေးမိ၏။ သေချာသည်ကတော့ ချစ်ခြင်းနှင့် ယုံကြည်မှုကို ဖောက်ဖျက်ခံရ၍ ဝေ မောင့်ကို စိတ်နာသည်ထက် စိတ်ကုန်သွားသည်လား မဆိုနိုင်ပေ။

(၅)

"ဟာ ဘာလဲကွ။ မင်းက ငါ့မိန်းမလေ။ ဘာလို့ ငါ့ကို လက်မခံနိုင်ရတာလဲ။ ဘာသဘောလဲ"

ဝေ့ကို လာပွေ့ဖက်သောမောင့်ကို တွန်းထုတ်မိသည်။

"ဝေ သားလေးနဲ့ အေးဆေးနေပါ့မယ် မောင်။ မောင့်ရဲ့အိုဘာတိုင်အချိန်တွေကိုလဲ ဝေ မနှောင့်ယှက်ခဲ့ပါဘူး။ မောင့်ကို အရှင်သခင်လို့ကိုးကွယ်ခဲ့ပါတယ်။ ဒါပေမဲ့ ဝေ့ အသားကိုမထိနဲ့တော့။ အရင်က ဝေ့ကို ပွေ့ဖက်ခဲ့တဲ့ မောင့်လက်တွေက မသန့်ရှင်းတော့ဘူး"

"ဘာတွေပြောနေတာလဲ။ ငါဘာလုပ်လို့လဲ။ မသေချာမရေရာဘဲ မစွပ်စွဲနဲ့"

ဝေ့စကားကြောင့် အနာပေါ်တုတ်ကျသွားသလို ဆတ်ဆတ်ခါနာသွားသည်မောင်။

"သေချာခြင်းဆိုတာက မောင်ကိုယ်တိုင်အသိဆုံးပါ။ ဝေ မစွပ်စွဲပါဘူး။ တဒင်္ဂသာယာမှုကြောင့် ကိုယ့်အိမ်ထောင်ဘက်ကို စိတ်ဒဏ်ရာမပေးသင့်ဘူးလို့ ပြောတတ်တဲ့မောင်က အပြင်မှာ ခဏခဏသာယာနေတာ ဝေ သိနေပါတယ်"

မျက်နှာပျက်သည်ဆိုသည်ထက် ညိုမည်းပုပ်သိုးသွားသည့် မောင့်မျက်နှာက ဝေ သိပ်ချစ်ခဲ့ဖူးသည့် မောင်မှ ဟုတ်ပါလေစ။

"ဘာ မင်း ဘာသက်သေအထောက်အထားမှမရှိဘဲ ငါ့သိက္ခာကို မစော်ကားနဲ့"

"မောင့်သိက္ခာဆိုတာက အပြင်မှာ မောင်အိပ်ခဲ့တဲ့ အိပ်ရာပေါ်မှာ ကျန်ခဲ့ပြီလေ"

"ဝေသဘောထားသေးလှပါလား။ ယောကျ်ားကွာ။ တစ်ခါတစ်ရံမှားရင်လဲ ခွင့်လွှတ်သင့်တာပေါ့"

"ဝေက အဆုံးထိခွင့်လွှတ်ထားတယ်။ သားလေးအတွက် အဖေဆိုတဲ့ မောင်ကတော့ ရှိကိုရှိနေရမယ်။ မောင် အပြင်မှာ ကျေနပ်သလိုနေပါ။ ဝေ မသိသလိုနေပါ့မယ်။ ဝေ့ကိုလဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးထားပါ။ ဝေက အသားကို အထိမခံနိုင်တာကလွဲရင် အိမ်ရှင်မတာဝန်အကုန် ကျေစေရမယ်"

"ဘာလဲကွာ။ မင်း ရူးနေပြီလား။ ဒါဆို မင်းနဲ့ငါက လင်မယားမဟုတ်တော့တာလား။ ဘာတုံးဟ"

"တိုးတိုးပြောပါမောင်။ သားလေးနိုးသွားမှာစိုးလို့"

အလိုမပြည့်ခြင်း၏ ဒေါသများနှင့် မောင်ပူလောင်နေသည်မှာ ဝေ့ ချစ်ခြင်းယုံကြည်မှုကို ဖောက်ဖျက်ခံရစဉ်က ဝေပူလောင်ခဲ့ရသလောက်တော့ မမီနိုင်ပါ။

"ဝေ ဒီလိုအခြေအနေမျိုးတော့ မောင်လက်မခံဘူးနော်။ မောင် ဝေ့ကို သိပ်ချစ်တာပါဝေရယ်။ မောင့်ကို လက်မခံနိုင်တဲ့ထိ ဝေက ပြတ်သားပြီလား။ မရဘူးကွာ မောင်ကတော့ ချစ်မှာပဲ"

ပြောပြောဆိုဆို မောင်က ဝေ့ကို သိမ်းကျုံးဖက်တွယ်လာသည်။ အက်ကြောင်းထင်နေသော ဝေ့နှလုံးသားကို အပြီးပြတ်ကွဲရှသွားရန်တော့ ဝေ ခွင့်မပြုနိုင်ပေ။

"လွှတ် လွှတ်စမ်းမောင်။ အလိုမတူဘဲ အနိုင်ကျင့်ရင် အကြမ်းဖက်တာပဲ။ သားလေးအတွက် မောင်က စံပြဖေဖေဖြစ်ရမယ်ဆိုတဲ့ စကားကိုတော့ အသက်သေတဲ့ထိတည်ပေးပါ။ အပြင်မှာလဲ မောင့်အတွက်အန္တရာယ်ကင်းမဲ့ရပ်ဝန်းမှာပဲ အပျော်ရှာပါ။ ဘယ်မိန်းမကိုမှ အတည်ယူဖို့တော့ မစဉ်းစားနဲ့။ ဘယ်သူ့ကိုမှ မောင့်ကို အပိုင်မပေးနိုင်ဘူး။ မောင့်ကို သိပ်ချစ်လို့ပြောတာမဟုတ်ဘူးနော်။ သားအတွက် အဖေလိုအပ်လို့။ ဝေ့ ဆီကတော့ ဒီတစ်သက် မမျှော်လင့်တော့နဲ့။ မောင့်အတွက် ဝေက ပွဲတက်မယားအဖြစ် အမြဲရှိနေမယ်"

"ဝေ မင်း မင်းကွာ။ တောက်"

မောင်က မချိတင်ကဲဖြစ်စွာ သူ့ကိုယ်သူမကျေနပ်၍ တောက်ခေါက်သည်လား။ ဝေ့ဆုံးဖြတ်ချက်စကားများကို မကျေနပ်၍ တောက်ခေါက်သည်လား ဝေ သိနေစရာမလိုတော့ပေ။

လောကအမြင် ရှင်းလိမ့်မည်

လေရူးသုန်

ကုန်းဘောင်မင်းဆက် ရတနာပုံ မန္တလေးမြို့တည်နန်းတည်မင်းတုန်းမင်းဟာ ငယ်စဉ်ကပင် ရင်းနှီးခင်မင်ခဲ့တဲ့ ကင်းဝန်ဦးကောင်းကို အစစအရာရာ စိတ်ချယုံကြည်တော်မူတယ်။ ဦးကောင်းဟာ ပုလဲမြို့နယ် မုန်တိုင်ပင်ရွာဇာတိဖြစ်တယ်။ ငယ်မည်မောင်ချင်းကို မင်းတုန်းမင်းက မောင်ကောင်းလို့အမည်ပြောင်းပြီး မှည့်ခေါ်စေခဲ့တာဖြစ်ပါတယ်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဟာ နိုင်ငံထူထောင်ရာမှာ ရဲစွမ်းသတ္တိနဲ့ခေါင်းဆောင်မှုမြင့်မားတဲ့ သူရဲကောင်း ၆၈ ယောက်အနက် ဦးကောင်းကို အထူးပဲ ယုံကြည်အားကိုးတဲ့အတွက် သေနတ်ဝန် (ကာကွယ်ရေးဝန်ကြီး) တာဝန်ပေးအပ်ခဲ့တယ်။ ဦးကောင်းဟာ ဒဂုံမြို့မှာ ဦးအောင်ဇေယျစစ်စခန်းချကာ သန်လျင်မြို့ရှိ တစ်ဖက်ရန်သူတို့ကို ဦးကောင်းဦးစီးတိုက်ခိုက်စေခဲ့ရာမှာ ရန်သူဘက်ကလက်နက်လူသူ အင်အားကောင်းစွာ ခုခံပစ်ခတ်တိုက်ခိုက်ကြလို့ **"သေနတ်ဝန်ဦးကောင်း"** ကျည်သင့်ဒဏ်ရာရခဲ့ လှေလျင်နဲ့ ဒဂုံဘက်ပြန်လာ၊ သံလျက်စွန်းကမ်းဆိပ်ထိ ဘုရင်ကိုယ်တိုင် ဆီးကြိုပွေ့ယူပြီး အားပေးတယ်။ ဒဏ်ရာပြင်းလှတာကြောင့် အရှင့်ကိုဦးခိုက်ရင်း "တိုက်ပွဲကြားမှာ စွန့်ခွာသွားရပါပြီဘုရား" နောက်ဆုံးလျှောက်ထားရင်း ကျဆုံးခဲ့ပါတယ်။ ကုန်းဘောင်ခေတ်က အင်အားစုစည်းကြီးမားတဲ့(အရှေ့တောင်အာရှမှာ သူခေတ်အခါအရ) တရုတ်၊ ထိုင်း၊ မဏိပူရ စသည်တို့နဲ့ စစ်ပွဲတိုင်းမှာ အောင်ပွဲခံခဲ့တဲ့ စစ်ဘုရင်မြန်မာဇေရာဇာဟာ ရဲဘော်ရဲဘက်သူရဲကောင်း ဦးကောင်းကျဆုံးရတာ အလွန်ထိခိုက်ခံစားရရှာပါတယ်။ ဒီလို ရဲဝံ့စွန့်စားရဲသူပေါင်းများစွာနဲ့ နိုင်ငံကိုထူထောင်ကြရတာ။

တီတော်သူ မင်းတုန်းမင်းက (ဘေးတော်တော်တဲ့) ဦးအောင်ဇေယျရဲ့ စစ်သူကြီး၊ သူရဲကောင်းသေနတ်ဝန်ဦးကောင်းကို နမူနာယူပြီး သူ့ငယ်ကျွန်မောင်ချင်းကို မောင်ကောင်းအမည်ပြောင်းပေးကာ သေနတ်ဝန်၊ ကင်းဝန်ရာထူး တာဝန်တွေနဲ့ မြှောက်စားခဲ့ပါတယ်။ မုန်တိုင်ပင်ရွာသား မောင်ချင်းခေါ် မောင်ကောင်းဟာ လူတော်တစ်ယောက်အမှန်ပါပဲ။ ဒါပေမဲ့ ပညာရှိသတိဖြစ်ခဲ့ မှားခဲ့ဖူးတာတစ်ခုရှိတယ်။ ဒီတစ်ခုက မှတ်သားလောက်တယ်။

ဦးကောင်းအသက် ၃၀ ကျော်အရွယ် ရာထူးဘွဲ့ထူးကြီးမြင့်သေးခင်ကာလ တစ်နေ့မှာ ဘုရင်မင်းတုန်းမင်းက အနီးမှာခစားနေကြသူ အကြီးတော်၊ ဘဏ္ဍာစာရေးများ၊ ကွမ်း၊ ရေတော်၊ ထီးတော်မိုး စတဲ့ ခစားနေကြသူတွေကိုမေးတယ်။

"ဟေ့ မင်းတို့အထဲမှာ ဆန်တစ်စေ့ကို အပြန်သုံးဆယ်ထိ ကုန်အောင်စားနိုင်တဲ့လူ ဘယ်သူများရှိသလဲကွဲ့."

အားလုံး ငြိမ်သက်တိတ်ဆိတ်စွာနားထောင်။

"အေး ကုန်အောင်စားနိုင်သူကို မြင်းတစ်စီးနဲ့ ပုဆိုးတစ်ထည်ဆုချမယ်ကွဲ့။ ကုန်အောင်မစားနိုင်ရင်တော့ ဥယျာဉ်တော်ကို ရေလောင်းရလိမ့်မယ်။ ကဲ ဘယ်သူစွမ်းသလဲ။ စိတ်တွက်နဲ့စားကြည့်ကြပေတော့"

အားလုံးခေါင်းငုံ့နေကြတဲ့ကြားက မောင်ကောင်းနဲ့ ဘဏ္ဍာစာရေးဦးမိုးတို့က ပြိုင်တူပဲ-

"ကျွန်တော်မျိုးစားနိုင်ကြောင်းပါဘုရား"တဲ့။

ဘုရင်က ပြုံးတော်မူတယ်။

"ကောင်းလှပြီကွယ်။ ဒီလိုဆို ဘဏ္ဍာစိုးများက ဆန်ထုတ်ပေးပေတော့။ ဆန်မထုတ်မီ ဆန်ဘယ်လောက်ထုတ်ရမလဲ တွက်ချက်ကြည့်ကြဦးကွယ်ရဲ့."

၁။ တစ်စေ့မှ နှစ်စေ့ (၁) ပြန်
၂။ ၂×၂ = ၄ ဒါက (၂) ပြန်
၃။ ၄×၈ = ၆၄ ဒါက (၄) ပြန် စသဖြင့်

အဲဒီခေတ်က ဂဏန်းပေါင်းစက်မရှိပေမယ့် မြန်မာ့ကိန်းဂဏန်းသင်္ချာနည်းနဲ့ အပြန် ၃၀ တွက်ချက်ကြည့်ကြတဲ့အခါ ဆန်စေ့ပေါင်း ၁၀၇ ကုဋေကျော်တာ တအံ့တသြတွေ့ကြရပါရော။ ဆန်တစ်တင်းမှာ ဆန်စေ့ ၇၆၄၀၀၀ ရှိသတဲ့။ ဆန်စေ့ကို တင်းဖွဲ့လိုက်တဲ့အခါ တင်းပေါင်း ၁၃၀၀ ကျော်တယ်။

မောင်ကောင်းနဲ့ ဦးမိုးတို့မှာ မျက်လုံးပြူးအံ့သြသွားကြရုံမျှမက ဥယျာဉ်တော်ရေလောင်းရမှာမို့ မျက်စိမျက်နှာတွေ ပျက်နေကြပါလေရော။ ဘုရင်က-

"မောင်ကောင်းရယ်၊ မင်းရေသယ်ရမှာက ကြည့်မကောင်းပါဘူး။ ကဲ ကဲ မင်းလက်တန်းကဗျာ တစ်ပုဒ် ရွတ်တရက်တင်ဆက်စပ်ဆိုနိုင်ရင် ဒီဇက်ကလွတ်စေမယ်။ ဘယ့်နှယ်လဲ။ တင်ဆက်နိုင်မလား"

❖ **လူတွေဟာ တစ်ဘဝ၊ တစ်ခဏ ဖြတ်သန်းနေကြရာမှာ ကြိုးကြိုးပမ်းပမ်းခြေလှမ်းကျဲကျဲနဲ့ အားခဲနေကြရသော်လဲ ဘဝအသချေ်ရှည်လျားဝေးလံလှတဲ့သံသရာခရီးကြမ်းကြီးထဲမှာ လွဲပြီးရင်းလွဲ၊ ချော်ပြီးရင်းချော်၊ မှားပြီးလဲထပ်မှား၊ မိုက်မဲကြလွန်းတဲ့ တရားမသိသူတွေ။ တကယ်တော့ တို့အားလုံးဟာ ကဗျာမဆန်တဲ့သံသရာခရီးမှာ ကိုယ့်ကိုယ်ကိုယ် မှန်တောင်ပြန်မကြည့်ဖြစ်အောင် မေ့လျော့ပေါ့ဆရင်းပဲ ရှေ့ဆက်ခြေလှမ်းတွေ သွက်သွက်ရွှေ့လျားနေမိကြတယ်လေ။ နားလည်ပါတယ်။ အမှားဆိုတာ ရှိတတ်ပါတယ်။ အမှားကိုသိမြင်အောင် ရှာတတ်ပါစေ။ သူတစ်ပါးကို လွှဲမချပါနဲ့။ ❖**

ကျော်ကဆုံး)ကျရောက်ခဲ့ရတယ်။ **မှားချက်က နာလိုက်ပုံများ။** အဲဒီအချိန်က ထိပ်ဆုံးရောက်ခဲ့တဲ့ ဗြိတိသျှနယ်ချဲ့အင်ပါယာဟာ ယိုယွင်းယိုင်လဲစပြုလာလို့ (နေမဝင်အင်ပါယာလို့ ကြိတ်မှိတ်မာန်တင်းထားပေမယ့်) မြန်မာကို သူ့ရဲ့နောက်ဆုံးထမင်းလုတ်တစ်လုတ်အဖြစ်စားပြီး နောက်ထပ်နယ်ချဲ့နိုင်စွမ်း လုံးဝသူမှာမရှိတော့ပါ။ မောင်ဘသန်းဆိုသူကို မြင်ကွန်းမင်းသားအနေနဲ့ ဟန်ဆောင်စေပြီး လူထုကို လိမ်ညာလှည့်စားတာကို ဦးကောင်းအလိမ်ခံရတယ် ထင်ခဲ့ကြသေး။ မဟုတ်ဘူး။

ကြားတော်မူပါတယ်။ ဒီကဗျာလေးဟာ ဒါကြောင့် ပေါ်ပေါက်လာတာဖြစ်ပါတယ်။

မှားကြောင်း ဝန်ခံချက်။
"ပုဆိုးနဲ့ မြင်းပါ၊ ဆုတောင်ခံမယ်လို့
ပြန်သုံးဆယ်၊ ဆန်ကိုစားတယ်။ မှားချက်ကနာ။
နောက်တစ်ခါ၊ ကြောက်ပါပေါ့ သက်ဆုံး။
သည်တစ်ပွဲမှာဖြင့်၊ အလွဲကံချော်လို့
ဥယျာဉ်တော်ရေကိုလောင်းရတယ်
ငယ်ပေါင်းယဉ်ဟန်ကြွယ်တဲ့၊ ဆင်ကြန်မယ်
ဖြူပြာနွဲ့ရယ်
မင်းကူလှဲ့ဦး"

သေနတ်ဝန်၊ ကင်းဝန်ဖြစ်လာတဲ့ ငယ်ကျွန်တော် မောင်ကောင်းဟာ ဆန်စားဖို့အတွက်အချက်မှာသာ မှားတာမဟုတ်။ သီပေါမင်းလက်ထက်မှာ သေနတ်ဝန်၊ ကင်းဝန်၊ သက်တော်ရှည် အဂ္ဂမဟာသေနာပတိ ရာထူးရှိစဉ်မှာလဲ ထက်မြက်တဲ့မင်းသားတွေကို ဖယ်ရှား၊ သူ့ဩဇာနာခံလိမ့်မယ်ရယ်လို့ သူယူဆတဲ့ သီပေါမင်းသား မောင်မျိုးဆက် (အသက် ၂၀ ကျော်စ) ဘုန်းကြီးလူထွက်ကို သေအံ့မူးမူးဖြစ်နေတဲ့ မင်းတုန်းမင်းနတ်ရွာစံခါနီး ဆင်ဖြူမရှင်နဲ့တိုင်ပင်ပြီး တက်သုတ်ရိုက်ကာ နန်းတင်ခဲ့တယ်။

ဒါလည်း အာဏာလောဘကြီးလို့ မှားတာပဲ။

စွမ်းရည်တကယ်ရှိတဲ့ အခြားမင်းသားတွေဟာ ကံမကောင်းစွာ လည်မြိုကို တုတ်တိုနဲ့ရိုက်သတ်တာ ဘုရင့်သားတော်၊ ဆွေတော်မျိုးတော်မှန်ပါလျက်နဲ့ ခံသွားကြရတယ်။ အာဏာက လူကိုရူးသွပ်စေတယ်။

"ဓိတ်ထင်ရာဓိုင်းတတ်တဲ့ ဈေးရောင်းလတ်ကို တောင်ညာခံမိဖုရားတင်မိတာလည်း ဦးကောင်းမှားတာပဲ"

အီဂျစ်၊ အီတလီ၊ ပြင်သစ်၊ အင်္ဂလန် စတဲ့ အနောက်နိုင်ငံတွေကို သံယိ၊ သံလတ်၊ အာဏာလွှဲအပ်ခံရတဲ့ သံကြီးတမန်ကြီးအနေနဲ့ သုံးကြိမ်သုံးခေါက်သွားရောက်ဆက်ဆံ၊ လေ့လာခဲ့ရတဲ့ နန်းရင်းဝန်ကြီးဦးကောင်းဟာ **အင်္ဂလိပ်ကို အလျှော့ပေး အညံ့ခံဖို့ကိုသာ တစိုက်မတ်မတ်ဓိမ်ဝံလုပ်ဆောင်ခဲ့တယ်။**

"ဦးကောင်းလိမ်ထုတ်၊ မင်းဆက်ပြုတ်"ဆိုတဲ့စာဆို အတိုင်း မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်မှာ ဗြိတိသျှကိုလိုနီလက်အောက်ခံသူကျွန်ဘဝ (နိုင်ငံလုံးဝ

တကယ်က အင်္ဂလိပ် မန္တလေးကိုတက်သိမ်းဖို့ မလာမီကပင် ဦးကောင်းကိုယ်တိုင် အလိုတူအလိုပါ အမျိုးသားသစ္စာဖောက်အဖြစ် ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့တာဖြစ်နေပါတယ်။ **မြန်မာရာဇဝင်မှာ ဦးကောင်းလိုလူ၊ ဦးဇောလိုလူ၊ သဓင်သန်းထွန်းလိုလူ၊ စော်ဝေဖိုးတို့လိုလူတွေရှိနေခဲ့တယ်။ မိမိအာဏာရမယ့် အရေးအတွက်ဆိုရင် နိုင်ငံနဲ့လူမျိုးကို မီးလောင်တိုက်သွင်းဖို့ရာ ဝန်မလေးတဲ့ပုဂ္ဂိုလ်တွေပါလား။** (နာမည်နာမ မဖော်ပြလိုပေမယ့် သမိုင်းဆိုတာက ပယ်ဖျက်ချင်လို့မရ) တိုင်းပြည်ကိုရောင်းစား အမျိုးသားရေးကို သစ္စာဖောက်ခဲ့ကြတဲ့သူတွေ၊ သူတို့ကြောင့် နိုင်ငံနဲ့ လူမျိုးဟာ တိုးတက်သင့်သလောက် မတိုးတက်ဘဲ သမင်မွေးရင်း ကျားစားရင်း ဆင်းရဲ(ဆဲရင်းဆင်းရဲ)တဲ့ဘဝမျိုးကနေ ရုန်းကန်ကြရဆဲမဟုတ်ပါလား။ ကျောင်းတွေမီးရှို့၊ လျှပ်စစ်တာဝါတိုင်တွေကို ဝိုးခွဲဖျက်ဆီး၊ ရထားလမ်း၊ ကားလမ်း၊ တံတားတွေကို မိုင်းခွဲချိုးဖျက်။ ဒါတွေ ဘယ်သူအတွက်လဲ။

ပြော်. . . လူဆိုတာ မှားတတ်တာပဲ။ ကျွန်တော်လဲမှားဖူးတယ်။ ခင်ဗျားလည်း မှားဖူးမယ်။ အလုပ်လုပ်ရင် အမှားပါမှာ ဘာမှမဆန်းကြယ်ပါဘူး။ အမှားပြုမိတာကို ချက်ချင်းပြန်သိလိုက်တာမျိုးလဲရှိတယ်။ နှစ်တွေ၊ လတွေကြာမှ အမှန်သိလာရပြီး နောင်တရမိတာလည်းရှိတတ်တယ်။

ဘာပဲဖြစ်ဖြစ် အမှားကတော့ အမှန်ပြန်မဖြစ်လာတော့ပါဘူး။ အတိတ်အဖြစ်နဲ့ ဒဏ်ရာဒဏ်ချက်ပေးထားခဲ့ပြီး အဝေးမှာပဲ ကျန်ရစ်ခဲ့ပြီ။ မမှားအောင် သတိထားဖို့လိုတာပေါ့။ ဆက်မမှားပါနဲ့တော့။

"တစ်တက်စားလည်း ကြက်သွန်ဖြူ၊ နှစ်တက်စားလည်း ကြက်သွန်ဖြူ။ နံတာအတူတူ မထူးပါဘူး"

ဆိုရင်း မိုက်တွင်းနက်တဲ့လူတွေလဲ မြင်ဖူးမှာပဲ။ အမှားသံသရာမှာ ပျော်ပိုက်တဲ့ဝမိုက်သားတွေကလည်း အများသား။ အကြမ်းဖက်လူသတ်ဝါဒကတော့ အစွန်းရောက်မှားလွန်းသွားခဲ့ပြီ။ ခင်ဗျားတို့ရှေ့ဆက်ရမယ့် အနာဂတ်လမ်းကို သေသေချာချာတွက်ဆမျှော်ကြည့်လိုက်ကြ။ နှင်းတွေကွဲသွားမှာပါ။ မြူတွေစဲသွားမှာပါ။ နှစ်ပေါင်း ၆၀ ကျော် ကမ္ဘာပေါ်မှာ စစ်စခန်းပေါင်းရာချီပြီး နိုင်ငံတကာကို လွှမ်းမိုးခြယ်လှယ်ခဲ့တဲ့

တစ်ခုတည်းသောနိုင်ငံကြီးဟာ (၁၈၈၆ ခုနှစ်မှာ ဗြိတိသျှအင်ပါယာလက်ပမ်းကျသွားပုံမျိုး) လာမယ့်ငါးနှစ်၊ ဆယ်နှစ်အတွင်း တစ်ကိုယ်တော်ဗိုလ်ကျခဲ့ခြင်းမျိုး မိုက်ဇာတ်သိမ်းသွားတော့မယ်ဆိုတာ မြင်အောင်ကြည့်လိုက်ကြ။ သူ့ခြေသလုံးပြေးဖက်ခဲ့မိသူတွေဟာ ပိုက်ကွန်ထဲကငါးတွေပဲ။ ရေခဲရိုက်ခံရမယ်။ မီးဖိုပေါ်က အိုးပေါ်ကိုရောက်ရလိမ့်မယ်။ အေးတယ်၊ ပူတယ် ပြောမနေနဲ့။ အဲဒါ ခင်ဗျားတို့အမြော်အမြင်နည်းလို့ လမ်းရွေးမှား။ ရေလိုက်လွှဲခဲ့တာကြောင့်ပဲ။ မိမိရဲ့မိခင်နိုင်ငံတော်ကို မီးမြှိုက်ဖျက်ဆီးသူအဖြစ်နဲ့ ရာဇဝင်မှာ စာတင်မယ့် အမိုက်အမှားကြီးတွေပါ။ မှားနေတယ်။ တက်ကြွရဲရင့်တဲ့လူငယ်တွေရဲ့ ထက်သန်မှုကို အလွဲအသုံးချအောင် ခဏတာတော့ လှည့်စားဆွဲဆောင်နိုင်ခဲ့ပါလိမ့်မယ်။ မှိုင်းတိုက်ပြီး လိမ်ညာတာဟာ ကာလအတိုင်းအတာတစ်ခုသာခံမှာပေါ့။ လူငယ်ဆိုတာ အမြင်တိုပေမယ့် ဆက်ပြီးအသက်ရှင်ရမယ့် ရက်တွေတော့ (မိုက်ဇာတ်သိမ်းရင်) အများကြီးကျန်နေနိုင်ပါသေးတယ်။ သားတို့၊ သမီးတို့လက်ထဲမှာ ငွေကြေးမချမ်းသာပေမယ့် နုနယ်တဲ့အရွယ်ရဲ့ ခွန်အားနဲ့အချိန်တော့ ပေါပေါများများရှိနေသေးတယ်။ အဘိုးအရွယ်၊ အဘွားအရွယ် မီးစာကုန်ဆီခန်းနေကြသူတွေကတော့ အတွေ့အကြုံအရ ရှေ့ကို ဝေးဝေးသိမြင်နိုင်တာမျိုး အခွင့်အရေးရရှိခဲ့ပေမယ့် အတ္တမာနအမှောင်ဖုံးနေတော့ မျက်စိတစ်ဆုံးမမြင်နိုင်တဲ့အပြင် မျက်တောင်တစ်ဆုံးသာကြည့်ပြီး Delusion မှားယွင်းတဲ့မျှော်လင့်ချက်တွေနဲ့ လွဲချော်တဲ့အတွေးအခေါ်တွေကို ရိုက်သွင်းနေတယ်။ သာမန်အရပ်သားပြည်သူလူထုကိုမဆိုထားနဲ့ ကိုယ့်ဘက်ကိုယုံစားပြီး လက်နက်ကိုင်တောခိုလာတဲ့ အဖျက်သမားအချင်းချင်းကိုတောင် တံဆိပ်အမျိုးမျိုးကပ်ပြီး ရက်ရက်စက်စက်သတ်ဖြတ်နေကြတဲ့ ဇာတ်တူသားစား စည်းလွတ်ဝါးလွတ်ရူးတဲ့လူဘီလူးတွေရေ။ အားလုံးသေဆုံးပြိုကွဲရှုံးနိမ့်တဲ့နိုဂုံးတစ်နေ့ကို မလွဲမသွေအော်တိုမစ်တစ် ဆိုက်ရောက်လာတော့မယ်။ မင်းတို့လမ်းကြောင်းဟာ မကောင်းမှုတွေ ညစ်ပတ်ယုတ်မာလိမ်ညာမှုတွေနဲ့ပြည့်နေတာကြောင့် လုံးဝမအောင်မြင်နိုင်ဘူး။ သာမန်ပြည်သူတစ်ယောက်ရဲ့ မင်းတို့အပေါ် ရှုမြင်ချက်ပဲ။

လူတွေဟာ တစ်ဘဝ၊ တစ်ခဏ ဖြတ်သန်းနေကြရာမှာ ကြိုးကြိုးပမ်းပမ်းခြေလှမ်းကျဲကျဲနဲ့ အားခဲနေကြရသော်လဲ ဘဝအသချေ်ရှည်လျားဝေးလံလှတဲ့ သံသရာခရီးကြမ်းကြီးထဲမှာ လွဲပြီးရင်းလွဲ၊ ချော်ပြီးရင်းချော်၊ မှားပြီးလဲထပ်မှား၊ မိုက်မဲကြလွန်းတဲ့ တရားမသိသူတွေ။ တကယ်တော့ တို့အားလုံးဟာ ကဗျာမဆန်တဲ့ သံသရာခရီးမှာ ကိုယ့်ကိုယ်ကိုယ် မှန်တောင်ပြန်မကြည့်ဖြစ်အောင် မေ့လျော့ပေါ့ဆရင်းပဲ ရှေ့ဆက်ခြေလှမ်းတွေ သွက်သွက်ရွှေ့လျားနေမိကြတယ်လေ။

နားလည်ပါတယ်။ အမှားဆိုတာ ရှိတတ်ပါတယ်။ အမှားကိုသိမြင်အောင် ရှာတတ်ပါစေ။ သူတစ်ပါးကို လွှဲမချပါနဲ့။ ကိုယ့်ဘဝ၊ ကိုယ့်ကြမ္မာကို ကိုယ်သာဖန်တီးတာပါဟာ။ အခြေအနေကိုလဲ အပြစ်မဖို့နဲ့။ ပတ်ဝန်းကျင်ကြောင့်လို့လဲ အပြစ်မတင်နဲ့။ ကိုယ့်အပြစ် ကိုယ့်အမှားကိုသာရှာပြီး ဆက်လုပ်စရာ သုံးချက်ရှိတယ်ကွယ်-

(၁) ရပ်လိုက်ပါ။ အမှားကို ရဲရဲဝန်ခံ။ ဒီအချက်အရေးကြီး။ လိပ်ပြာသန့်သွားလိမ့်မယ်။

(၂) သင်ခန်းစာယူပါ။ အမြန်ပြုပြင်။ နောင်တနဲ့ပူပန်မနေနဲ့။ ပူဆွေးမနေပါနဲ့။ ဒါဟာ အရေးအကြီးဆုံးလုပ်ကိုလုပ်ရမယ့်အရာ။

(၃) နောင်အခါ ဒါမျိုးထပ်မမှားအောင်ရှောင်။

လူဘဝမှာ လိမ္မာမှ အသက်ရှင်သန်နိုင်တယ်။ ထပ်ခါထပ်ခါတော့ အမှားသံသရာမကျော့နဲ့ပေါ့။ အကျိုးအကြောင်း၊ အဆိုးအကောင်းနှင့် အဟောင်းအသစ်၊ ဖြစ်ပျက်ချင်းရာ၊ ဤလူရွှာ၌၊ ထင်လာနိမိတ်၊ ကြေးမုံရိပ်ဝယ်၊ အစိပ်အကျဲ၊ အမည်းအဖြူ၊ အပူအအေး၊ နီးဝေးထက်အောက်၊ ဖြောင့်ကောက်တွင်းပြင်၊ ပီပီထင်၏။ ဆင်ခြင်တွေးဆ၊ သိလိုက်ရသော်၊ လောကအမြင်ရှင်းလိမ့်မည်တဲ့။ ဒါပါပဲ။

ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလမှ မတ်လထိ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃၀၀၀၀၀ တင်ပို့သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလမှမတ်လထိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃၀၀၀၀၀ တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် နှစ်သန်းတင်ပို့ရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်ထိ ဆန်နှင့်ဆန်ကွဲ ၁၉၀၈၃၂၂ ဒသမ ၇၆၆ တန် တင်ပို့နိုင်ခဲ့ပြီး ယခု ဖေဖော်ဝါရီလမှ မတ်လထိ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁၅၀၀၀၀ စီဖြင့် ဆန်နှင့်ဆန်ကွဲတန်ချိန် ၃၀၀၀၀၀ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"အခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီလကနေ ၂၀၂၃ ခုနှစ် ဇန်နဝါရီလထိ မြန်မာ့ဆန်နဲ့ဆန်ကွဲ စုစုပေါင်း ၁၉၀၈၃၂၂ ဒသမ ၇၆၆ တန် တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။ မြန်မာ့ဆန်နဲ့ဆန်ကွဲတင်ပို့မှုကို အခုဘဏ္ဍာနှစ်ကုန်ဆုံးချိန်မှာ တန်ချိန် နှစ်သန်း လျှာထားဆောင်ရွက်နေတဲ့အတွက် အခု ဖေဖော်ဝါရီလနဲ့ လာမဲ့ မတ်လမှာတန်ချိန်သုံးသိန်း တင်ပို့သွားမှာဖြစ်ပါတယ်" ဟု ဦးရဲမင်းအောင်ကပြောပြသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဧပြီလတွင် ဆန်နှင့်ဆန်ကွဲ ၂၅၀၉၄၆ ဒသမ ၈၆၆ တန်၊ မေလတွင် ဆန်နှင့် ဆန်ကွဲ ၁၅၃၃၀၆ ဒသမ ၅ တန်၊ ဇွန်လတွင် ဆန်နှင့် ဆန်ကွဲ ၁၄၆၀၉၄ တန်၊ ဇူလိုင်လတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၈၂၅၉၀၊ သြဂုတ်လတွင် ဆန်နှင့်ဆန်ကွဲ ၁၅၆၈၉၃ တန်၊ စက်တင်ဘာလတွင် ဆန်နှင့်ဆန်ကွဲ ၉၃၇၉၁ ဒသမ ၇ တန်၊ အောက်တိုဘာလတွင် ဆန်နှင့်ဆန်ကွဲ ၁၆၃၁၈၈ ဒသမ ၇ တန်၊ နိုဝင်ဘာလတွင် ဆန်နှင့်ဆန်ကွဲ ၂၆၄၀၃၇ တန်၊ ဒီဇင်ဘာလတွင် ၂၂၈၄၄၅ တန်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ၂၆၈၈၃၅ တန် စုစုပေါင်းဆန်နှင့် ဆန်ကွဲ ၁၉၀၈၃၂၂ ဒသမ ၇၆၆ တန် တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊

မြန်မာနိုင်ငံမှ ဆန်ကို တရုတ်၊ ဥရောပ၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖရိကနိုင်ငံများက ဝယ်ယူမှုများပြီး ဆန်ကွဲကို တရုတ်နှင့်ဥရောပနိုင်ငံများက အဓိကဝယ်ယူကြောင်း သိရသည်။

ASH

ဒကွိဏာသီရိမြို့နယ် ကျေးစာဥကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒကွိဏာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရရှိစေရန် ရည်ရွယ်၍ ကူနှစ်လုံးဆည်စုကျေးရွာအုပ်စု ကျေးစာဥကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမျိုး၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးတင်မောင်အေးနှင့် တာဝန်ရှိသူများက ကျေးစာဥကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးက ကျေးရွာရှိ ရေပေးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ကျေးစာဥကျေးရွာ၌ အနက်ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၃၂ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဗျိုသန်းညွန့်

စလင်းမြို့နယ် ကျွန်းတဲကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

စလင်း ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကန်ချောက်ကျေးရွာအုပ်စု ကျွန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများမှ ငွေကျပ် ၅ ဒသမ ၈၅ သန်းဖြင့် ကျေးရွာတွင်း မြေနီကျောက်စရစ် လမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက ကျွန်းတဲကျေးရွာ လမ်းကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်း ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီပြီးစီးရန် မှာကြားကာ အငယ်တန်းအင်ဂျင်နီယာ (၃) ဦးစိုးသူက လမ်းကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်အတိုင်းအတာများနှင့် ပြည့်မီအောင် သေချာကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ကျွန်းတဲကျေးရွာ၌ အရှည်ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ် လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၅ ဒသမ ၈၅ သန်းဖြင့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာလူထုကိုယ်တိုင် ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

သန်းသန်းဇိုး

မော်လိုက်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၅၇၂၄ ကေ စိုက်ပျိုးပြီးစီး

မော်လိုက် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၅၇၂၄ ကေစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး၉၁၇၉ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၇၂၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မော်လိုက်ခရိုင်မှာ နွေစပါးက ၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ က ၅၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ ဆက်လက်ပြီးတော့လဲ စိုက်ပျိုးနေကြပါတယ်။ နွေစပါးစိုက်ပျိုးမှု အနေနဲ့လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကကတော့ နွေစပါး စိုက်ပျိုးရာမှာ စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်း ကောင်းမွန်အောင် ဆောင်ရွက်ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် နွေစပါး စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၁၂၉၂ ကေ၊ ဖောင်းပြင်မြို့နယ်တွင် ၄၄၃၂ ကေ စုစုပေါင်း ၅၇၂၄ ကေ တိုးဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် နွေစပါး စိုက်တောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

အောင်လံမြို့နယ် ဆည်ဆိုးတဲတိုက်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းနိုင်ရန် တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်

အောင်လံ ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြလုပ်မြင့် ကျေးရွာအုပ်စု ဆည်ဆိုးတဲတိုက်ကျေးရွာ၌ အိမ်သွယ်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် တိုင်းတာခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ တိုင်းတာရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် မြို့နယ်ရှိအင်ဂျင်နီယာဝန်ထမ်းများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် အတူ ဆည်ဆိုးတဲတိုက်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ပြီး အဆိုပါအုတ်ရေကန်မှတစ်ဆင့် အိမ်သွယ်ရေပိုက်လိုင်းသွယ်တန်းခြင်းဆောင်ရွက်နိုင်ရန် မြေအနိမ့်အမြင့် တိုင်းတာခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

ဆည်ဆိုးတဲတိုက်ကျေးရွာ၌ အိမ်သွယ်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၅၂ အိမ်၊ လူ ၂၅၉ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေရရှိမည်ဖြစ်ကြောင်း သိရသည်။

ဖြူလေး

နစ်တွင်းများအကြောင်း သိကောင်းစရာ

မေဇင်ထွန်း

မြေမျက်နှာပြင်သည် ပုံမှန်အားဖြင့် မာကျောပြီး ထရပ်ကားများ၊ အဆောက်အအုံများနှင့်အခြားလေးလံသောအရာများ၊ အလွန်လေးလံသောဝန်များကို ထောက်ပံ့ပေးနိုင်သည်။ သို့သော် တစ်ခါတစ်ရံတွင် အချို့သောမြေမျက်နှာပြင်များသည် သဘာဝသို့မဟုတ် လူတို့၏အကြောင်းတရားများကြောင့် အိမ်များ၊ ကားများနှင့်လမ်းများကဲ့သို့သော မျက်နှာပြင်ပေါ်ရှိအရာများ မြေပြင်ထဲသို့ မီတာများစွာ နစ်မြုပ်သွားနိုင်သည်။ ထိုသို့ အရာဝတ္ထုများ မြေကြီးအတွင်း နစ်မြုပ်သွားစေသောတွင်းများကို နစ်တွင်း(Sink-hole) များဟု ခေါ်ဆိုကြပြီး ထိုနစ်တွင်းများအကြောင်းကို ဗဟုသုတအနေဖြင့် ဖော်ပြသွားပါမည်။

နစ်တွင်းဟုခေါ်သော မြေကျွံချိုင့်တွင်းများသည် မြေကျွံခြင်းတွင်ပါဝင်ပြီး မြေပြင်ပေါ်၌ နက်ရှိုင်းသော တွင်းပေါက်များကို ဖြစ်ပေါ်စေသည်။ ၎င်းတို့ဖြစ်ရခြင်းမှာ မြေဆီလွှာအောက်ခြေတွင်ရှိသော ကျောက်သားအလွှာကို ရေတိုက်စားသောအခါ သို့မဟုတ် ၎င်းကျောက်များသည် ရေတွင်ပျော်ဝင်လွယ်သော ထုံးကျောက်၊ ဆားကြမ်းများ၊ ဆားတောင်ပို့များ၊ ကာဗွန်နိတ်ကျောက်များနှင့် ဂျစ်ပဆမ်ကျောက်များသည် မြေအောက်ရေ၏တိုက်စားမှုဖြင့် သဘာဝအတိုင်း ပျော်ဝင်သွားသောအခါ နစ်တွင်းများ ဖြစ်လာသည်။

မြေအောက်ရှိကျောက်တုံးများ အရည်ပျော်လာသည်နှင့်အမျှ မြေမျက်နှာပြင်ပေါ်တွင်ရှိသော အဆောက်အအုံများ၊ အိုးအိမ်များ၊ သက်ရှိများ အားလုံးသည် တွင်းများထဲသို့ကျရောက်နိုင်သည်။ မြေအောက်နေရာများတွင် ထိုတွင်းများဖြစ်ပေါ်နေသည်ကို မတွေ့ရှိနိုင်ဘဲ အချိန်အတော်ကြာအောင် ပုန်းကွယ်တည်ရှိနေနိုင်သောကြောင့် တွင်းများအရွယ်အစားမှာ အလွန်ကြီးမားသည်။ မြေမျက်နှာပြင်အပေါ်ယံမြေသားအတွက် အောက်မှ လုံ့လောက်သော အထောက်အပံ့မရှိပါက မြေမျက်နှာပြင် ရုတ်ခြည်းပြိုကျခြင်းဖြစ်ပေါ်လာပြီး နစ်တွင်းများဖြစ်ပေါ်စေပါသည်။

တည်နေရာပေါ်မူတည်၍ မြေအောက်တွင် ဖြစ်ပေါ်နေသော တွင်းတစ်ခုနှင့် တစ်ခုသည် အနက်နှင့်အကျယ် ကွာခြားနိုင်ပြီး အနက် တစ်မီတာခန့်မှ အနက် မီတာရာနှင့်ချီ၍ နက်ရှိုင်းနိုင်သည်။ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျန်းဒေသရှိ ထုံးကျောက်တောင်များတွင်ဖြစ်ပေါ်ခဲ့သော တွင်းကြီးသည် လူသိများသည့် အကြီးဆုံးတွင်းများထဲမှတစ်ခုဖြစ်သည်။ ထိုတွင်းကြီး၏အလျား ၆၅၆ ပေ၊ အနံ ၃၂၈ ပေ၊ အနက် ၃၈၇ ပေ ရှိပြီး ထုံးကျောက်တောင်ကုန်းပေါ်မှ တိုင်းတာသောအခါ နစ်တွင်းကြီးသည် ၁၄၇၆ ပေ နက်သည်။ ထို့ပြင် ကမ္ဘာ့အနက်ဆုံးတွင်းနက်ကြီးသည် တရုတ်နိုင်ငံ ချဲချင့်ပြည်နယ်တွင်တည်ရှိပြီး ၆၆၂ မီတာအနက်ရှိသည်။ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သည် ထုံးကျောက်များ အဓိကတည်ရှိရာဒေသဖြစ်ပြီး ထိုဒေသတွင် နစ်တွင်းများ ဖြစ်နိုင်ခြေပိုမြင့်မားသည်။ ထိုသို့နစ်တွင်းများသည် တဖြည်းဖြည်းချင်းဖြစ်စေ၊ ရုတ်တရက်ဖြစ်စေဖြစ်ပေါ်လာနိုင်ပြီး ကမ္ဘာတစ်ဝန်းတွင် တွေ့ရှိနိုင်ပါသည်။

ပထမတစ်ခုသည် ထုထည်ကြီးမားသော လိုဏ်ဂူ၊ အဆောက်အအုံတစ်ခု၏ ခေါင်မိုးပြိုကျသည့်အရှိန်ဖြင့် မြေအောက်တွင် တွင်းဖြစ်ပေါ်လာရသောပုံစံဖြစ်သည်။ ဒုတိယအမျိုးအစားသည် မြေကြီးအောက်ရှိ မြေဆီလွှာကို ထောက်ကန်ထားသောကျောက်များကို မြေအောက်ရေက တိုက်စားကာ ပျော်ဝင်ခြင်းဖြင့် ဖြစ်ပေါ်လာသည့် တွင်းအမျိုးအစားဖြစ်သည်။ ဒုတိယတွင်းအမျိုးအစားသည် ၎င်းကို ထောက်မရန် ကျောက်တုံးအမာထည် အထောက်အပံ့မရှိလျှင် မျက်နှာပြင် မြေလွှာပြိုကျပြီး မြေမျက်နှာပြင်ပေါ်တွင် ပထမအမျိုးအစားထက် ကြီးမားနက်ရှိုင်းသောတွင်းပေါက်တစ်ခုကိုဖြစ်စေသည်။ ထို့ပြင် တွင်းများသည် သဘာဝနှင့် လူလုပ်အကြောင်းတရား နှစ်ခုစလုံးကြောင့် ဖြစ်ပေါ်လာနိုင်သည်။

နစ်တွင်းများဖြစ်စေသော အကြောင်းရင်းများ ရေကြောင့် နစ်တွင်းများဖြစ်ပေါ်ခြင်း

နစ်တွင်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်သည် ရေကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မျက်နှာပြင်အောက်ရှိ ထုံးကျောက်နှင့် ဂျစ်ပဆမ်ကဲ့သို့ ကျောက်တုံးများသည် ရေတွင်ပျော်ဝင်နိုင်သဖြင့် မြေအောက်ရေသည် ထိုသတ္တုဓာတ်များကိုပျော်ဝင်စေပြီး အထိုင်တည်ရှိနေသောကျောက်များကို ပါးလာစေကာ တွင်းများကိုဖြစ်စေသည်။ ဤဖြစ်စဉ်ကို ရာသီဥတုဒဏ်ကြောင့်ဖြစ်လာသောတွင်းများဟု လူသိများသည်။ နှစ်ရာပေါင်းများစွာ သို့မဟုတ် ထောင်နှင့်ချီ၍ မျက်နှာပြင်အောက်၌ ပိတ်မိနေသော မြေအောက်ရေများသည် ကျောက်တုံးများကို ပျော်ဝင်စေကာ မြေအောက်ရှိ တွင်းနက်များကို ဖြစ်ပေါ်စေပြီးနောက် သဘာဝမြေအောက်ရေစီးကြောင်းများကို ဖြစ်ပေါ်စေသည်။ တွင်းနက်ကြီးများ၏ထိပ်သည် မျက်နှာပြင်အဝတွင်ကျယ်ပြီး အောက်ဘက်သို့ ရောက်လာလေ မျက်နှာပြင်အလွှာသည် ကျဉ်းလာလေဖြစ်သည်။

မက္ကဆီကိုနိုင်ငံ Yucatan ကျွန်းဆွယ်နှင့် ပင်လယ်သေတစ်ဝိုက်ရှိ နေရာများတွင် မကြာခဏ ဆိုသလို တွင်းနက်ကြီးများဖြစ်ပေါ်မှုနှင့် ကြုံတွေ့ရတတ်သည်။ မြေအောက်တွင် မြေမျက်နှာပြင်ကို ထောက်ကန်ထားသောကျောက်များသည် ရေတွင်မပျော်ဝင်နိုင်သော ကျောက်များဖြစ်သော်လည်း မြေအောက်ရေစီးကြောင်းများက တိုက်စားကာ သေးငယ်သောအမှုန်အခဲများအနေဖြင့် သယ်ဆောင်သွားပြီး ပို့ချမှုကြောင့် ဖြစ်ပေါ်လာသောမြေမျက်နှာပြင်နေရာသည် ပုံမှန်ကြည့်လျှင် မြေမာဟု ထင်မှတ်နိုင်သော်လည်း မာကျောမှုမရှိ ပျော့ပျောင်းသည့်အတွက် နစ်တွင်းများ ဖြစ်ပေါ်တတ်သည်။ ဥပမာအားဖြင့် ဂွါတီမာလာနိုင်ငံရှိ ဂွါတီမာလာစီးတီး၌ ၂၀၁၀ ပြည့်နှစ်တွင် သုံးထပ်အဆောက်အအုံတစ်ခု မြေအောက်နစ်မြုပ်သွားခဲ့ပြီး အောက်ခြေကျောက်သားအများစုမှာ ပျော့ပျောင်းသော မီးတောင်ကျောက်များ၊ ပြာမှုန်များဖြစ်ကာ ၎င်းနစ်တွင်းဖြစ်ပေါ်ခဲ့မှုကြောင့် လူ ၁၅ ဦး သေဆုံးခဲ့ရဖူးသည်။

မြေအောက်နစ်တွင်းများ ဖြစ်ရခြင်းသည် တစ်ခါတစ်ရံတွင် မြေအောက်ရေစီးကြောင်းများနှင့် မဆိုင်ဘဲ မြေပြင်မှရေများ ရွှေ့လျားမှုနှင့် ဆိုင်သည့်အခါလည်းရှိသည်။ ဆိုလိုသည်မှာ ပြင်းထန်သော မိုးသက်မုန်တိုင်းများ သို့မဟုတ် ရေကြီးခြင်းနှင့်ရေလှောင်တမံကျိုးခြင်းတို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အရှိန်အဟုန်ဖြင့် စီးဆင်းလာသော ရေစီးကြောင်းများသည် အလွန်အားကောင်းပါက ရေသည် ပုံမှန်လမ်းကြောင်းအတိုင်း မစီးဆင်းဘဲ လမ်းကြောင်းသစ်များကို ရှာဖွေစီးဆင်းသွားတတ်သည်။ ရာသီဥတုပြောင်းလဲမှုဖြစ်သော မိုးသည်းထန်စွာရွာသွန်းသည့်အခါ၊ မြေအောက်ရေဇယားတွင် ရာသီအလိုက်ပြောင်းလဲမှုများဖြစ်သည့်အခါတွင်လည်း နစ်တွင်းများ ဖြစ်ပေါ်တတ်သည်။

လူသားတို့၏လုပ်ဆောင်မှုကြောင့် နစ်တွင်းများ ဖြစ်ပေါ်ခြင်း

ယနေ့ခေတ်တွင် အချို့သောလူသားများ၏ လုပ်ဆောင်မှုများကြောင့် နစ်တွင်းများ ပိုများလာရသည်။ ဥပမာအားဖြင့်ဆိုရလျှင် အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ်တွင်ရှိသော စွန့်ပစ်မိုင်းတွင်းများမှ ထွက်လာသည့် ကာဗွန်နိတ်ကျောက်တုံးများသည် တွင်းနက်ကြီးများကို ဖြစ်စေသည်။ အလားတူ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တစ်ဝန်းလုံးရှိ ကာဗွန်နိတ်ကျောက်တုံးများသည် မြေအောက်အပျက်အစီးများနှင့် ရေနုတ်မြောင်းစနစ်များကြောင့် မြေဆီလွှာအတွင်း နစ်မြုပ်သွားကြသည်။ ဤသို့ နစ်မြုပ်သွားသော ကာဗွန်နိတ်ကျောက်တုံးများ မြေအောက်ရေတွင်ပျော်ဝင်ပြီး မြေသားအလွှာများပြိုကျပါက နစ်မြုပ်အပေါက်များကို ဖြစ်ပေါ်လာစေပါသည်။ ထို့ပြင် ရေနုတ်မြောင်းစနစ်များသည် ထိုရေနှင့်ဆန့်ကျင်ဘက် အားနည်းသော ကျောက်ဆောင်များအတွင်းသို့ ရေများကို ချိုးဖျက်ကာ စီးဆင်းစေနိုင်သည့်အတွက် ရလဒ်အားဖြင့် တွင်းနက်ကြီးများကို ဖြစ်သွားစေမည်ဖြစ်သည်။

မြေလျင်များကြောင့် နစ်တွင်းများဖြစ်ပေါ်ခြင်း

မြေလျင်များသည် မျက်နှာပြင်အောက်ရှိ အားနည်းသော ကျောက်တုံးများရှိသည့် နေရာများတွင် လှုပ်ခတ်သွားသောအခါ တွင်းနက်များ ဖြစ်ပေါ်လာနိုင်သည်မှာ သဘာဝဖြစ်စဉ်တစ်ခုပင်ဖြစ်သည်။ သို့သော်လည်း စက်မှုလုပ်ငန်းနှင့် လူတို့၏လုပ်ဆောင်မှုများကြောင့် မြေလျင်လှုပ်ခတ်မှုများ ပိုများလာခြင်းသည် တွင်းများကို ပိုမိုဖြစ်ပေါ်စေသည်။ သတ္တုတွင်းတူးခြင်းနှင့် ဟိုက်ဒရောလစ်အက်ကွဲခြင်းတို့သည် ပတ်ဝန်းကျင်၏တည်ငြိမ်မှုနှင့် ရေအရည်အသွေးကို ထိခိုက်စေနိုင်ပြီး နစ်တွင်းများကို ဖြစ်ပေါ်စေသည်။

တွင်းများသည် သဘာဝ သို့မဟုတ် လူတို့၏လုပ်ဆောင်မှုကြောင့် ရေတိုက်စားခြင်း သို့မဟုတ် မြေအောက်ရေကြောင့် သဘာဝတွင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၎င်းတွင်းများသည် မဖြစ်ပေါ်မီအချိန်အတော်ကြာ မြေအောက်တွင် ပုန်းအောင်းနေတတ်သည်။ ခြေထောက်အောက်ရှိ မြေပြင်သည် ကျွန်ုပ်တို့ ထင်ထားသလောက် ခိုင်မာသောဖွဲ့စည်းပုံမဟုတ်ပေ။ မြေပြင်သည် ကျောက်တုံးများ၊ သတ္တုဓာတ်များ၊ အညစ်အကြေးများဖြင့် ပြုလုပ်ထားသည်။ မြေအောက်ရေသည် ကျောက်တုံးများနှင့် သတ္တုဓာတ်များကို တဖြည်းဖြည်းချင်း တိုက်စားသွားသည့်အခါ တစ်ခါတစ်ရံ မြေအောက်ဖွဲ့စည်းပုံကို မျှောပါသွားသော အခါတွင် ရေစီးနှုန်းတိုးလာသည်။ တည်ဆောက်ပုံသည် မြေမျက်နှာပြင်ကို ထောက်မနိုင်လောက်အောင် အားနည်းလာသောအခါတွင် ၎င်းသည် ပြိုကျပြီး တွင်းပေါက်တစ်ခုကဲ့သို့ ပွင့်ထွက်လာသည်။ ဤသို့ဖြင့် တွင်းများဖြစ်ပေါ်လာရသည်။

လူသားများသည် တွင်းများဖြစ်ပေါ်လာရခြင်း အတွက် တာဝန်ရှိပါသည်။ ရေတွင်း၊ ရေကန်များ တူးဖော်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများလုပ်ခြင်း၊ မြောင်းပိုက်များသွယ်တန်းခြင်း စသည့်လုပ်ရပ်များ သို့မဟုတ် ယာဉ်သွားလာမှု ထူထပ်ခြင်းများသည် သေးငယ်သောတွင်းများကို ဖြစ်ပေါ်လာနိုင်သည်။ ပျက်စီးပေါက်ပြဲနေသောပိုက်မှရေသည် ရွှံ့နှင့် ကျောက်ဆောင်များမှတစ်ဆင့် စိမ့်ဝင်နိုင်ပြီး အောက်ခံမြေပြင်ကိုတိုက်စားကာ တွင်းပေါက်များဖြစ်စေသည်။ တစ်ခါတစ်ရံ ပျော့ပျောင်းသော မြေဆီလွှာတွင် လေးလံသောအလေးချိန်ကို မထိန်းနိုင်သဖြင့် မြေပြိုကျပြီး တွင်းပေါက်များဖြစ်သွားနိုင်သည်။ မြေမျက်နှာပြင် ပြောင်းလဲသွားသောအခါတွင်လည်း တွင်းများ ဖြစ်ပေါ်လာနိုင်သည်။

ထုံးကျောက်များ၊ ဆားအနည်အနှစ်များ သို့မဟုတ် ကာဗွန်နိတ်ကျောက်များဖြင့် ပြုလုပ်ထားသည့် အုတ်မြစ်ရှိသော ဧရိယာများသည် တိုက်စားမှုခံရလျှင် အပေါက်များ ဖြစ်ပေါ်နိုင်ခြေ အများဆုံးဖြစ်သည်။ ထိုကျောက်တုံးများသည် အက်စစ်ဓာတ်များ ဖြတ်သန်းသွားသောအခါတွင် ပုံမှန်ထက်ပိုပြီး တိုက်စားခံရတတ်သည်။ မိုးရေသည် ဆွေးမြည့်နေသော အပင်အညစ်အကြေးများကို ဖြတ်သန်းသွားသောအခါတွင် အက်စစ်ဓာတ်ပိုပြင်းလာတတ်သည်။ နှစ်များကြာလာသည်နှင့်အမျှ အနည်အနှစ်များ ပြိုကျလာပြီး တွင်းပေါက်များ ပိုကျယ်ကာနက်လာသည်။ တစ်ခါတစ်ရံ အပေါက်များသည် သေးငယ်သော်လည်း ၁၀ ပေမှ ၁၅ ပေထိ နက်သည်။ တချို့က မိုင်ရာနှင့်ချီနက်သည်။ သို့သော် သေးသည်ဖြစ်စေ ကြီးသည်ဖြစ်စေ ထိုတွင်းပေါက်များအတွင်း ပြုတ်ကျပါက အန္တရာယ်ရှိနိုင်သည်ကို ရေးသားဖော်ပြအပ်ပါသည်။

ကိုးကား

- Sinkholes: Causes, Types, Formation and Effects

ဘုရားရှိခိုးဖို့ မမေ့ပါနဲ့

ဖျာပုံမောင်သုည

ဆောင်းပါးခေါင်းစဉ်လေးကို ဘုရားရှိခိုးဖို့ မမေ့ပါနဲ့လို့ပဲ ရိုးရိုးရှင်းရှင်းလေး ပေးလိုက်ပါတယ်။ အကြောင်းကတော့ ဒီဆောင်းပါးလေးကို ဖတ်မိတဲ့အခါ ဘုရားရှိခိုးဖို့မေ့နေတယ်ဆိုရင်လဲ ပြန်သတိရသွားအောင်လို့ပါ။ နောက်တစ်ခုက ဘုရားမရှိခိုးဖြစ်သေးတဲ့သူတွေလဲ ဘုရားရှိခိုးဖြစ်သွားအောင်လို့ပါ။ မြန်မာနိုင်ငံဟာ သာသနာထွန်းကားပြီး ဗုဒ္ဓဘာသာဝင်တွေ အများဆုံးရှိတဲ့နိုင်ငံပါ။ ယနေ့ခေတ် ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားတဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက ထိပ်ဆုံးမှာရှိနေပါတယ်။ အဲဒီနိုင်ငံမျိုးမှာ လူဖြစ်ခွင့်ရကြတဲ့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဘုရားကို တစ်နေ့စာတစ်ကြိမ်တော့ အနည်းဆုံးရှိခိုးသင့်ပါတယ်။ ဗုဒ္ဓဘာသာဝင်တိုင်းကတော့ မြတ်စွာဘုရားကို ရှိခိုးဖူးကြမှာပါ။ ဒါပေမဲ့ အမြတမ်း အာစိဏ္ဏကံအနေနဲ့ ရှိခိုးကြတဲ့သူတွေရှိသလို တစ်ခါတလေမှ သဒ္ဓါတရားပေါက်လို့၊ စိတ်ပါလို့ ရှိခိုးကြတဲ့သူတွေလဲ ရှိနိုင်ပါတယ်။ တကယ်တမ်းအရင်းစစ်ရင် အမြတစေဘုရားရှိခိုးတဲ့သူက ရှားပါတယ်။

တစ်ခါတလေ စိတ်ပါမှဘုရားရှိခိုးဖြစ်တဲ့ သူတွေက ပိုများပါတယ်။ အလုပ်မအားလို့၊ မေ့နေလို့၊ စိတ်မပါလို့ စတဲ့အကြောင်းပြချက်တွေနဲ့ ဘုရားမရှိခိုးဖြစ်ကြတဲ့သူတွေအများကြီးပါပဲ။ တကယ်တော့ ဘုရားရှိခိုးတယ်ဆိုတာ မိမိတို့လုပ်ကိုင်နေတဲ့ အခြားအလုပ်တွေလိုပဲ တကူးတကအချိန်ပေးပြီးတော့ လုပ်ရမဲ့အလုပ်တစ်ခုပါ။ မိမိတို့အလုပ်တွေ ဘယ်လောက်များများ ညဘက်အိပ်ခါနီးအချိန်တော့ အားနေတာပါပဲ။ အဲဒီအချိန်လေးမှာ ၁၀ မိနစ်လောက်အချိန်ပေးပြီးတော့ရှိခိုးရင်လဲရတာပါပဲ။ အများကြီးမဟုတ်တောင် ဘုရားဂုဏ်တော်ကိုးပါးကို ရွတ်ဆိုပြီး ရတနာသုံးပါးကန်တော့လိုက်လဲရပါတယ်။ ဒါက အလုပ်တွေ သိပ်များလို့ မအားတဲ့နေ့မျိုးကိုပြောတာပါ။ တကယ်တမ်းကျတော့ နာရီဝက်လောက်အချိန်ပေးပြီး ဘုရားစင်ရှေ့မှာ ငါးပါးသီလခံယူကာ သေသေချာချာဘုရားရှိခိုးနိုင်ရင်တော့ ပိုကောင်းပါတယ်။ တတ်နိုင်ရင်တော့ ဘုရားကို တစ်နေ့နှစ်ကြိမ်ရှိခိုးနိုင်ရင် ပိုကောင်းပါတယ်။ မနက်ပိုင်းတစ်ကြိမ်၊ ညပိုင်းတစ်ကြိမ်ပေါ့။ အလုပ်တွေမအားဘူးဆိုရင်တော့ တစ်နေ့တစ်ကြိမ်ပဲရှိခိုးပါ။ ညပိုင်းပဲဖြစ်ဖြစ်၊ မနက်ပိုင်းပဲဖြစ်ဖြစ်ပေါ့။ စာရေးသူကတော့ မနက်ပိုင်းဘုရားရှိခိုးရတာကို ပိုနှစ်သက်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လူတစ်ယောက်ရဲ့ မနက်ပိုင်းမှာဖြစ်ပေါ်နေတဲ့ စိတ်နဲ့ ညပိုင်းမှာဖြစ်ပေါ်နေတဲ့စိတ် မတူတတ်ပါဘူး။ တစ်နေကုန်လုံး အလုပ်ကိစ္စတွေဆောင်ရွက်နေရတဲ့အခါ အဆင်ပြေမှုတွေရှိသလို အဆင်မပြေမှုတွေလဲ ရှိတတ်ပါတယ်။ အဆင်မပြေမှုတွေကြုံရတဲ့အခါ စိတ်ကလေးဟာ လောဘ၊ ဒေါသ၊ မောဟ စတဲ့အကုသိုလ်တရားတွေနဲ့ ညစ်နွမ်းနေတတ်ပါတယ်။ အဲဒီလိုစိတ်ကလေး ညစ်နွမ်းသွားရင် ခန္ဓာကိုယ်ကြီးကလဲ မလန်းဆန်းတော့ပါဘူး။ ဒါကြောင့် ညဦးပိုင်းတွေမှာ တစ်ခါတလေ စိတ်ကော၊ ကိုယ်ပါ နွမ်းနေတတ်ပါတယ်။ အဲဒီလိုအချိန်မျိုးမှာဘုရားရှိခိုးရင် ဘုရားဂုဏ်တော်တွေကို အာရုံမပြုမိဘဲ ကိုယ်ကတခြား စိတ်ကတခြားဖြစ်နေမှာပါ။ အကျိုးပေးလဲနည်းနိုင်ပါတယ်။

မနက်ပိုင်းမှာတော့ ဒီလိုမဟုတ်ပါဘူး။ မနက်ပိုင်းမှာဖြစ်ပေါ်တဲ့ စိတ်ကလေးဟာ ဖြူစင်နေတတ်တာများပါတယ်။ အိပ်ရာနိုးခါစဆိုတော့ဘာအလုပ်ကိစ္စမှလဲ မဆောင်ရွက်ရသေးပါဘူး။ အလုပ်ကိစ္စတွေမလုပ်ရသေးတော့ လောဘ၊ ဒေါသ၊ မောဟစတဲ့အကုသိုလ်တရားတွေလဲ ခေတ္တခဏတော့ ကင်းစင်နေပါတယ်။ ကိုယ်လက်သန့်စင်ပြီးတာနဲ့ ကိုယ်လဲ လန်းဆန်း၊ စိတ်လဲလန်းဆန်းနေတာပါ။ အဲဒီလို မိမိတို့စိတ်ထဲ အခြားအာရုံတွေမရှိသေးတဲ့အချိန်မှာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို နှလုံးသွင်းဖို့လွယ်ပါတယ်။ အဲဒီလို စိတ်ကလေးသန့်သန့်ရှင်းရှင်းနဲ့ ဘုရားဂုဏ်တွေကို နှလုံးသွင်းပြီးရှိခိုးလိုက်လို့ ရလာတဲ့ပီတိသုခဟာ ဘယ်ချမ်းသာမှုနဲ့မှမလဲနိုင်ပါဘူး။ မယုံရင်ကိုယ်တိုင်လုပ်ကြည့်ပါ။ ဘုရားရှိခိုးလေ့မရှိတဲ့သူတွေကို ပြောတာပါ။

အမြဲဘုရားရှိခိုးလေ့ရှိသူတွေကတော့ အဲဒီပီတိသုခကို ခဏခဏခံစားကြရမှာပါ။ ဖြစ်နိုင်ရင်တော့ မနက်စောစောထပြီး ကိုယ်လက်သန့်စင်လိုက်ပါ။ ပြီးရင် မြတ်စွာဘုရားကိုလဲ မျက်နှာသစ်တော်ရေကပ်ပါ။ ပိုကောင်းတာကတော့ တဘက်လေးတစ်ထည်ကို ရေဆွတ်ပြီး မြတ်စွာဘုရားရဲ့မျက်နှာတော်ကို သန့်ရှင်းပေးနိုင်ရင်ပိုကောင်းပါတယ်။ အဲဒီတဘက်ကိုလဲ မြတ်စွာဘုရားမျက်နှာတော်သစ်ဖို့ သီးသန့်ထားသင့်ပါတယ်။ ပြီးရင် သောက်တော်ရေကပ်ပါ။ တတ်နိုင်ရင်တော့ မြတ်စွာဘုရားကို အရှေ့ဆွမ်းကပ်ပါ။ လစဉ်အလိုက် အရှေ့တက်အချိန်တွေကို သိထားဖို့တော့ လိုပါတယ်။ မနက်၅ နာရီ ၁၅ မိနစ် အရှေ့တက်တဲ့လမျိုးမှာ မနက် ၅ နာရီထိုးတဲ့အချိန် မြတ်စွာဘုရားကို အရှေ့ဆွမ်းကပ်မယ်ဆိုရင် မသင့်တော်ပါဘူး။ အရှေ့ဆွမ်းကပ်မယ်ဆိုရင်တော့ ဘယ်လဘယ်အချိန်မှာ အရှေ့တက်တယ်ဆိုတာကို လေ့လာထားဖို့လိုပါတယ်။ အားလုံးပြီးပြီဆိုရင်တော့ ဘုရားစင်ရှေ့မှာ ငါးပါးသီလခံယူပြီး မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို စိတ်ထဲနှလုံးသွင်းကာ အားရပါးရရှိခိုးလိုက်ပါ။ ဘာနဲ့မှမလဲနိုင်တဲ့ပီတိသုခကို အဲဒီနေ့တစ်နေ့လုံး ခံစားနေရမှာပါ။

> ❖ မြတ်စွာဘုရားကို နေ့စဉ်ပုံမှန်ရှိခိုးလို့ မိမိတို့အတွက် အကျိုးယုတ်စရာတစ်ခုမှမရှိပါဘူး။ စိတ်ပါလို့ရှိခိုးတာပဲဖြစ်ဖြစ်၊ စိတ်မပါဘဲရှိခိုးတာပဲဖြစ်ဖြစ်အကျိုးမယုတ်ပါဘူး။ ဘုရားရှိခိုးရတယ်ဆိုတာ ရှိခိုးခွင့်ကြုံနေလို့ ရှိခိုးရတာပါ။ ရှိခိုးထိုက်လို့ရှိခိုးနေရတာပါ။ သတ္တဝါအားလုံးဟာ အစမထင်တဲ့ သံသရာရေယဉ်ကြောမှာမျောပါလာခဲ့ကြတာပါ။ အဲဒီအတိတ်ကသံသရာဘဝတွေထဲမှာ ဘုရားရှိခိုးခွင့်ရတဲ့ဘဝတွေ ခဏခဏကြုံခဲ့မယ်လို့ ဘယ်သူမှအာမမခံနိုင်ပါဘူး။ ဘုရားရှိခိုးခွင့်မရခဲ့တဲ့ဘဝတွေ အများကြီးပါ။ ရှိခိုးခွင့်ကိုအသာထားလို့ "ဘုရား"ဆိုတဲ့အသံကိုတောင် မကြားခဲ့ရတဲ့ဘဝတွေအများကြီးပါပဲ။ ❖

ဆောင်းပါးခေါင်းစဉ်ကို ဘုရားရှိခိုးဖို့ မမေ့ပါနဲ့ဆိုတဲ့ ရိုးရိုးရှင်းရှင်းလေး ပေးလိုက်ပါတယ်။ ဘုရားရှိခိုးတယ်ဆိုတာ ဘုရားရှင်ကို ရှိခိုးရတဲ့ ကုသိုလ်ကြောင့် လူရဲ့အသက်နဲ့ဆိုရင် နှစ်ပေါင်းသုံးကုဋေနဲ့ ခြောက်သန်းအသက်ရှည်တဲ့ တာဝတိံသာနတ်ဘုံကို ရောက်သွားပါတယ်။

နတ်ဘုံရောက်ရောက်ချင်း ငါဘာကုသိုလ်ကြောင့် ရောက်ရတာလဲဆိုတာ ပြန်ဆင်ခြင်ကြည့်တဲ့အခါ ဘုရားရှင်ကိုရှိခိုးတဲ့ ကုသိုလ်ကြောင့်ဆိုတာ သူသိသွားပါတယ်။ စဏ္ဍာလီဝိမာနဝတ္ထုထဲမှာတော့ သူဒီလို မြတ်စွာဘုရားကိုရှိခိုးဖြစ်အောင် တိုက်တွန်းဟောကြားပေးတဲ့ ရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးရှိရာကို သူပိုင်ဆိုင်တဲ့ဝိမာန်ကြီးပါ သယ်ဆောင်ရောက်လာပြီး ကျေးဇူးတင်စကား လျှောက်ထားတယ်လို့ဆိုပါတယ်။ ဝတ္ထုသာဓကလေးကတော့ ဒီလောက်ပါပဲ။

ပြောချင်တာက ဘုရားရှိခိုးလို့အကျိုးမယုတ်ဘူးဆိုတာကိုပါ။ အကျိုးမယုတ်တဲ့အပြင် ပစ္စုပ္ပန်ဘဝကော တမလွန်ဘဝတွေပါ အကျိုးများစွာရရှိစေပါတယ်။ အထက်ကဖော်ပြခဲ့တဲ့ အဘွားအို့ကိုကြည့်ရင် သိနိုင်ပါတယ်။ အဘွားအိုဟာ မြတ်စွာဘုရားကို သူသေခါနီးမှ တစ်ကြိမ်ပဲရှိခိုးလိုက်ရတာပါ။ တစ်ကြိမ်ပဲရှိခိုးရတဲ့ ကုသိုလ်ကောင်းမှုတောင် ဒီလောက်အကျိုးပေးရင် မကြာခဏဘုရားရှိခိုးနေကြတဲ့ သူတွေဆိုရင် ဒီထက်ပိုပြီးအကျိုးပေးနိုင်ပါတယ်။ အာစိဏ္ဏကံအနေနဲ့အမြဲဘုရားရှိခိုးနေတဲ့သူတွေအဖို့တော့ ဆိုဖွယ်ရာမရှိတော့ပါဘူး။ ဘယ်ရွှေ့ဘယ်မျှအကျိုးပေးမယ်ဆိုတာ ပြောပြလို့တောင်ကုန်နိုင်မှာမဟုတ်တော့ပါဘူး။

နောက်တစ်ခုက အဘွားအို ဘုရားကိုကြည်ညြိုသွားတယ်ဆိုတာ ခဏလေးပါ။ တကယ့်ကို တစ်ခဏလေးပါပဲ။ အဲဒီ တစ်ခဏလေးကြည်ညြိုတဲ့စိတ်နဲ့ဘုရားကို ရှိခိုးလိုက်ရတဲ့ကုသိုလ်လေးက အဘွားအို့ကို အပါယ်ကျမဲ့ကံကနေ နတ်ပြည်ကိုဆွဲတင်သွားတာပါ။ တစ်ခဏကြည်ညြိုစိတ်ကလေးနဲ့ တစ်ကြိမ်ပဲရှိခိုးလိုက်ရတဲ့ကုသိုလ်က ဒီလောက်အကျိုးပေးတယ်ဆိုရင် အမြဲကြည်ညြိုပြီး အမြဲဘုရားရှိခိုးနေတဲ့သူတွေအဖို့ ဘယ်လောက် အကျိုးပေးလိမ့်မလဲဆိုတာ တွေးကြည့်လို့ရနိုင်ပါတယ်။

နောက်ဆုံးအနေနဲ့ အကြံပြုပြောချင်တာကတော့ အလုပ်အားတာပဲဖြစ်ဖြစ်၊ မအားတာပဲဖြစ်ဖြစ် မြတ်စွာဘုရားကိုတော့ အနည်းဆုံး တစ်နေ့တစ်ကြိမ်ရှိခိုးဖြစ်ဖို့ပါပဲ။ အချိန်လဲအများကြီးမကုန်ပါဘူး။ နာရီဝက်လောက်အချိန်လေးပေးပြီးတော့ ကျကျနနရှိခိုးနိုင်ရင်တော့ပိုကောင်းပါတယ်။ နာရီဝက်ဆိုတာ အနည်းဆုံးကိုပြောတာပါ။ ဒီထက်ပိုပြီး အချိန်ပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့။ နာရီဝက်အချိန်ဆိုတာလဲ တကယ်တမ်းကျတော့ နေရင်းထိုင်ရင်းနဲ့ ကုန်မှန်းမသိကုန်သွားတဲ့အချိန်ပါ။ စားရင်းသောက်ရင်း၊ စကားပြောရင်းနဲ့ တောင် ဒီထက်မကတဲ့အချိန်တွေကုန်နေကြတာပါပဲ။ မိမိတို့ရဲ့သံသရာနောင်ရေးကောင်းဖို့ဖြစ်တဲ့ ဘုရားရှိခိုးတဲ့အလုပ်ကိုတော့ အနည်းဆုံး နာရီဝက်လောက် သီးသန့်အချိန်ပေးပြီး လုပ်ဆောင်သင့်ပါတယ်။ နောက်ပြီး ဘုရားရှိခိုးတယ်ဆိုတာ ပိုက်ဆံမကုန်တဲ့ ကုသိုလ်ပါ။ အလျှုဒါနပြုပြီးမှရလာတဲ့ ကုသိုလ်တွေက ပိုက်ဆံလဲကုန်ပါတယ်။ အလုပ်လဲရှုပ်ပါတယ်။ ဘုရားရှိခိုးတာက အလုပ်မရှုပ်ပါဘူး။ ပိုက်ဆံလဲ မကုန်ပါဘူး။ မိမိက အချိန်လေးတစ်ခုပေးရုံပါပဲ။ အချိန်ကလဲ အများကြီးမဟုတ်ပါဘူး။ တစ်နေ့တစ်နေ့ကို မိမိတို့အလကားဖြုန်းတီးပစ်တဲ့အချိန်တွေက ဘုရားရှိခိုးတဲ့အချိန်တွေထက် ပိုများပါတယ်။ ဒါကြောင့် ဘုရားရှိခိုးလေ့မရှိသေးဘူးဆိုရင်လဲ ရှိလာအောင် ဘုရားရှိခိုးပါ။ တစ်ခါတလေမှာ ရှိခိုးတယ်ဆိုရင်လဲ ဘုရားကို အမြဲရှိခိုးနိုင်အောင်ကြိုးစားပါလို့တိုက်တွန်းရင်း ဘုရားရှိခိုးဖို့ကိုမမေ့ကြပါနဲ့လို့ သတိပေးရေးသားလိုက်ရပါတော့တယ်။

ကိုးကား

- **ဝိမာနဝတ္ထုပါဠိတော်**
- **စဏ္ဍာလီဝိမာနဝတ္ထု**

ဟုမ္မလင်းမြို့နယ်တွင် အာလူးနှင့် ဟင်းသီးဟင်းရွက်သီးနှံ ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ဟုမ္မလင်း ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီးဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် အာလူးနှင့် ဟင်းသီးဟင်းရွက်သီးနှံကေ ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူးကေ ၁၄၀ နှင့် ဟင်းသီးဟင်းရွက်ကေ ၃၇၉၀ စုစုပေါင်း ကေ ၃၉၃၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ အာလူး ၆၁၂ ကေနှင့် ဟင်းသီးဟင်းရွက် ၃၇၉၃ ကေ စုစုပေါင်း ၄၄၀၅ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်နဲ့အာလူးစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးလာပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆိုရင် ဟင်းသီးဟင်းရွက်နဲ့အာလူး ကေ ၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတာပါ။ ဒီနေ့ထိ ကေ ၄၀၀၀ ကျော်စိုက်ပျိုးပြီးနေပြီ။ ဒီလ ၁၅ ရက်နေ့ဆိုရင် ကွင်းပိတ်မှာပါ" ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးတောင်သူများကို ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အာလူးစိုက်တောင်သူများကိုလည်း အာလူးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်နှင့် GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

ခြင်ဆေးခွေသုံးလျှင် သတိယူဉ် အောက်တွင်ခံခွက် မမေ့နှင့်

မိတ္ထီလာမြို့နယ် ကုက္ကိုတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိတ္ထီလာ ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမွဲလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့် အခြား မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကုက္ကိုတောကျေးရွာနှင့် တမာပင်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၉ နာရီက ကုက္ကိုတောကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကုက္ကိုတောကျေးရွာနှင့် တမာပင်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ဦး၊အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့်စီမံကိန်းတာဝန်ခံများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၂-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၈၀	၂၂၃၀	၂၂၂၅	၂၁၉၀	၂၂၃၀	၂၂၅၅	၂၂၄၀	၂၂၁၅	၂၃၁၅	၂၃၃၀	၂၂၂၀	၂၂၃၀	၂၂ဂ၀	၂၂ဂ၀	၂၂ဂ၀	၂၅၀၀	၂၈၀၀
95 Ron	၂၂၅၀	၂၃၀၀	၂၃၀၀	၂၂ဖ၀	၂၃၀၀	၂၃၂၀	၂၃၀၅	၂၂၈၅	၂၃၈၅	၂၄၀၀	၂၂ဇ၀	၂၃၁၀	၂၃၃၅	၂၄၄၀	၂၄၄၀	၂၅ဂ၀	၂၈၈၀
HSD (500 ppm)	၂၂၁၅	၂၂ဖ၅	၂၂ဖ၅	၂၂၂၅	၂၂ဖ၅	၂၂ဇ၀	၂၂၈၅	၂၂၅၀	၂၃ဂ၀	၂၃ဖ၅	၂၂၅၅	၂၂ဂ၀	၂၃၀၀	၂၃၀၅	၂၃၀၅	၂၅၃၅	၃၃၅၀
HSD (50 ppm)	၂၂ဇ၅	၂၄၄၅	၂၄၄၅	၂၃၀၅	၂၄၄၅	၂၃ဂ၀	၂၃ဖ၅	၂၃၃၀	၂၄၅၀	၂၄၄၅	၂၄၃၅	၂၄၅၀	၂၄၈၀	၂၄၈၅	၂၄၈၅	၂ဖ၁၅	၃၃၈၀
HSD (10 ppm)	၂၂ဇ၅	၂၄၄၅	၂၄၄၅	၂၃၀၅	၂၄၄၅	၂၃ဂ၀	၂၃ဖ၅	၂၃၃၀	၂၄၅၀	၂၄၄၅	၂၄၃၅	၂၄၅၀	၂၄၈၀	၂၄၈၅	၂၄၈၅	၂ဖ၁၅	၃၃၈၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၇၂	၂၁၄၇
95 Ron	၂၁၃၉	၂၂၁၅
HSD (500 ppm)	၂၁၀၉	၂၁၈၁
HSD (50 ppm)	၂၁၈၃	၂၂၅ဖ
HSD (10 ppm)	၂၁၈၃	၂၂၅ဖ

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ပြေ့ဖွေးတောက်ပစေပါသည်။

DENTOMEC

FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉

KHA YAE PIN MART - မဝံလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၁၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

DENTIST RECOMMENDED

STARMART MANDALAY Wholesale

အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင်
ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

STARMART MANDALAY Wholesale
၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်ပြည်သာရပ်ကွက်၊ စ၆×၉လမ်းနေ **အေါ်စိုးစိုးမိုး (ခ) အေါ်နွယ်ဦး(၉/မနတ(နိုင်)၀၀၈၂၄၃၃)၊ မောင်သော်နိုင်ထွန်း၊မောင်ရဲထွန်းဦး** တို့သည် မိမိသဘောဆန္ဒအလျောက် ပြုမူနေထိုင်ခြင်း၊ ဆွေမျိုးအသိုင်းအဝိုင်းများ၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိသောကြောင့် ယနေ့မှစ၍ ၎င်းတို့(၃)ဦး၏ ကိစ္စအ၀၀နှင့် မည်သည့်ငွေရေးကြေးရေး အရှုပ်အရှင်းကိုမျှ လုံး၀တာ၀န်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကြေညာသူ

မမေဦးသွယ်(၉/အမစ(နိုင်)၀၆၄၄၀၀)

အမြန်ရောင်းချပေးမည်

Sky Blue Company မှ အောက်ပါပစ္စည်းများ အမြန်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

(၁) မီးကွေး

(၂) LED မီးသီးလုံး

စုစုပေါင်း (၁၃၀၀) ဖာ ရှိပါသည်။

ဆက်သွယ်ရန်။ ။ 09-975613251,
09-777767287

ဝန်ထမ်းအလိုရှိသည်

၁။ လက်ထောက်ဂိုဒေါင်မှူး	ကျား/မ	(1) ဦး
၂။ ကွန်ပျူတာစာရင်းသွင်း	မ	(1) ဦး
၃။ အရောင်းစာရေးမ	မ	(1) ဦး
၄။ အိမ်အကူ	မ	(1) ဦး

အမှတ်စဉ် (၁)(၂)(၃) တွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ

လမင်းသာ ဆောက်လုပ်ရေးပစ္စည်း

လက်လီ/လက်ကား ရောင်းဝယ်ရေး

(၆၂)လမ်း၊ ၁၁၃×၁၁၄ လမ်းထောင့်

09-440444052, 09-440444051

ဖခင်အမည်မှန်

စဉ်ကိုင်မြို့နယ်၊
နတ်ရောကန်
အ. ထ. က (ခွဲ)
Grade-9 မှ မဇင်ဇင်ထက်
ကျောင်းဝင်အမှတ်
(၁၃၁၇)၏
ဖခင်အမည်မှန်မှာ
အိမ်ထောင်စုလူဦးရေ
စာရင်းအရ ဦးဝေဌကျော်
ဖြစ်ပါကြောင်း။

ဦးဝေဌကျော်

(၉/ကဆန(နိုင်)၁၉၉၁၄၇)

ဝန်ထမ်းအလိုရှိသည်

Online Shop လုပ်ငန်းတွင် တာ၀နေ့ထမ်းဆောင်ရန်

(၁) **အမျိုးသမီး** (၃၀)ဦး

လစာ - ၁၈၀၀၀၀(+++)

ဆက်သွယ်ရန်။ ။ 09-975613251,09-777767287

Happy Car ကိုရီးယားကားဝပ်ရှော့မှ အောက်ပါဝန်ထမ်းများအလိုရှိသည်

၁။ **စက်ပြင်** ကျား (၂)ဦး
(အတွေ့အကြုံရှိသူ)

၂။ **ထမင်းချက်** မ (၁)ဦး
အမှတ်စဉ်(၁)နှင့်(၂)အတွက် အသွားအပြန်လုပ်နိုင်သူ ဦးစားပေးမည်။

လိပ်စာ- ၁၁၅လမ်း၊ ၆၅ D ထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ 09-447322327, 09-794257726

ဝန်ထမ်းအလိုရှိသည်

ဝန်ထမ်းအလိုရှိသည်

ဘဏ်ခွင့်ပြုမှုနှင့် ကုမ္ပဏီ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှ၀ေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ထိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ဘဏ်ခွင့်ပြုမှု

ဘဏ်ခွင့်ပြုမှု

ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်ရန်

ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ အင်းကူးကျေးရွာ အုပ်စု၊ ပုဂံတီးကျေးရွာနေ (အဘ) ဦးဟန်ရီ (၉/တတဥ(နိုင်)၀၅၈၇၀၂) ကိုင်ဆောင်သူ၏သား **မောင်သဲကို(၉/တတဥ(နိုင်)၁၅၄၀၇၃)**ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအ၀၀ကို လုံး၀ တာ၀နေ့ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ

ဦးဟန်ရီ (၉/တတဥ(နိုင်) ၀၅၈၇၀၂)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂)ရပ်

၁။ နိုင်ငံရေး-

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး-

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ဖြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အလယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး-

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူစွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံတွင် ဆန်ကိုသာ အဓိကစားသုံးကြခြင်းဖြစ်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံး ကောက်ပဲသီးနှံတစ်ခုလည်းဖြစ်...

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိ...

❖ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့်ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်းရလဒ်ကောင်းများရစေနိုင်သည့် (Quick Win) အစီအစဉ်တစ်ခုလည်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင်ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ပထမနေ့ တွေ့ဆုံဆွေးနွေး

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ပထမနေ့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် **စာမျက်နှာ - ၂၀**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းနှင့် တိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်ကုန် ပစ္စည်း အရောင်းပြခန်းများ ဆက်လက်ပြသ **စာမျက်နှာ - ၂၀**

ဗန္ဓုလသယ်ယူဝို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းဘူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါဂုပိလက်မှတ်အရောင်းဌာန

ရွှေခန်းဘူ ရွှေပြောင်ဘူ ရှစ်းဖလေး ဥသဘီဘူ

ဝဇ ၂၅၄၇စ၁၀၆၀၊ ဝဇ ၂၆၁၄ခ၀၀ရ၄ရ

ဝဇ ၂၆၁ခ၀၀ရ၅၅

ရန်ကုန်ပြိုတွင်း

G & G Store ဆိုင်များ

Online

Easy Ticket, Go - Auto Ticket

ရန်ကုန် - နေပြည်တော်
- တောင်တြီး
- ပုံကျွဲ၊ မန္တလေး ပြင်ဦးလွင်
- တောနောက်ပန်းခတောင်း - ချောက် - ဆိပ်ကြီး
- ဝုတ် (ညောင်ဦး) - ပခုက္ကူ
- ကျွေး - မင်းဘူး - ရွှေဝက်တော်၊ မိတ္ထီလာ - မြင်းမြို
- ဟော်လမြိုင် - မုံရွာ - သံမြူဇရပ် - ကျီကွမ်
- တောင်ငူ - စွာ - ရေနီ
- ဝုသိမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု